www.burmeseclassic.com

BURMESE CLASSIC .com

# ရုပ်ရှင်နှင်းဆီ

## ဒါရိုက်တာ 2009



www.burmeseclassic.com


www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၉၂၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၄၄၀၇၀၉
မျက်နှာဖုံးဒီဇိုင်း - စိုးမိုး (THIRIMAY PRESS)
ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း။
ကမာရွတ်မြို့နယ်။
ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၁-၀၇၁၃၅)
သီရိမေပုံနှိပ်တိုက်၊အမှတ်၁၉၊
လမ်း(၉၀)၊ကန်တော်ကလေး။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - သီရိမေ
ကွန်ပျူတာစာစီ - (Asia Glory)
ပုံနှိပ်ခြင်း - ၂၀၀၉ခုနှစ်၊ ဩဂုတ်လ၊
(ပထမအကြိမ်)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ကျပ်

၈၉၅ . ၈၃
မူပိုင်နှင်းဆီ
ဒါရိုက်တာ 2009 / မူပိုင်နှင်းဆီ။ - ရန်ကုန်
သင်းစာပေ ၊ ၂၀၀၉ ။
၂၅၇-စာ ၊ အလျား ၁၂ . ၇ စင်တီ၊ အမြင့် ၁၇ . ၇၈ စင်တီ။
(၁) ဒါရိုက်တာ 2009



www.burmeseclassic.com




## အခန်း (၁)

ဒါရိုက်တာဆုံမှတ်က ဒီနေ့ရိုက်မည့် schedule တွေကို ရှုတင်မန်နေဂျာဆီမှ လှမ်းတောင်းသည်။ ရှုတင်မန်နေဂျာကိုဘဂျား က ဆုံမှတ်မျက်နှာကို မဝံ့မရဲကြည့်ရင်း -

'ဆရာ. . ဒီနေ့ schedule ထဲမှာ မီယံ ပါတယ်'

'ဘာ. . သူ့ကို ငါ မရိုက်နိုင်ဘူးလို့ ပြောထားပြီးသား၊ ဘယ် လိုလုပ် ပါလာတာလဲကွ'

'သူ့ဇာတ်ကွက်တွေ ထည့်ခိုင်းလို့ ဇာတ်ညွှန်းဆရာက ထည့်ပေးထား တာ'

'ဟာကွာ. . . သူမှ မလုပ်နိုင်တာ၊ ဘယ်လိုသင်သင် တတ်မှ



www.burmeseclassic.com

www.burmeseclassic.com



မတတ်ဘာ၊ သူ့မှာ ပါရမီ မပါဘူး၊ ဒါတွေပြောလည်း နားလည်မှာ မဟုတ်ပါဘူး'

'ဟူး'ကနဲ လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း စိတ်ဖြေကြည့်သည်။ သူ့နဖူးကြောတွေက တင်းလာသည်။ သေချာပါသည်။ ဒီနေ့ ရှုတင်မှာ သူ့စိတ်တွေ အာရုံဝင်စားတော့မည် မဟုတ်။ အနုပညာမာနတွေက သူ့သွေးတွေထဲမှာ ပျော်ဝင်နေပြီးသား။

'ခက်တယ်ကွာ. . ဘဂျား မင်းပဲ ပြောကြည့်၊ ငါ ဘာလုပ်ရမှာလဲ၊ သရုပ်ဆောင်ဆိုတာ ရုပ်လှရုံနဲ့မရဘူး၊ အဲဒီမီယံဆိုတာ ငွေထုပ်ပိုက်ပြီး တိုက်ပေါင်းစုံကို ဝင်ခဲ့ပြီးပြီ၊ ဆရာပေါင်းလည်း စုံနေပြီ ဖြစ်မှုမဖြစ်လာတာ၊ သင်ပေးရင်လည်း ပမာမခန့်နဲ့တဲ့၊ နာမည်မကြီးခင် နာမည်ပျက်က အရင်ထွက်နေတာ ငါ စိတ်အကုန်ဆုံးပဲ'

'ဒီတစ်ကားတော့ သည်းခံလိုက်ပါ ဆရာရယ်. .၊ သူ့ငွေက ဒီနေ့ သူ ရှုတင်ကို လာခဲ့မယ်လို့ပြောတယ်'

ဆုံမှတ်က schedule တွေ ယူကြည့်ပြီး မျက်နှာက ပျက်သထက် ပျက်လာသည်။

'တောက်'တစ်ချက်ကို ခပ်ပြင်းစွာ ခေါက်သည်။





'ဘာလဲကွ. . ဘာတွေလဲ၊ သူက Main actor လား၊ ငါ့ကို ဘာဇို့ ကြိုမပြောတာလဲ၊ တော်ရုံ supporting ဆို လက်ခံပေးလို့ ရသေးတယ်. . တော်ပြီကွာ၊ ဒီနေ့ ရှုတင်ဖျက်လိုက်တော့'

'အဲလိုတော့ မလုပ်ပါနဲ့ ဆရာရယ်၊ ဒီနေ့ တည်ထားတာ လူတွေအများကြီးပါတယ်လေ၊ ဆရာ ဖျက်လိုက်ရင် dailyတွေ ဒုက္ခရောက်ကုန်မှာပေါ့၊ night sceneအတွက် dancer တွေလည်း ငှားပြီးပြီ၊ သီချင်းတောင် ကျွန်တော် ဝယ်ထားပြီးပြီ ဆရာရယ်၊ ဒီနေ့တော့ စိတ်လျှော့ပြီး ရိုက်ပေးပါဗျာ'

'ငါ ငွေအတွက် အလုပ်မလုပ်တတ်ဘူး ဘဂျား၊ ငါ့ရင်ဘတ်ထဲက လာတဲ့အတိုင်း ငါ လုပ်တယ်၊ သူ့ကို ငါ ယုံကြည်ချက်မရှိတဲ့အတွက် မရိုက်နိုင်ဘူး'

ဘဂျား ဦးနှောက် စားရသည်။ ဆုံမှတ်အကြောင်းကို သူ အသိဆုံး။ အလုပ်တစ်ခုကို အာရုံစူးစိုက်ပြီး သေချာအောင်လုပ်သည်။ သူ့ကိုသွားပြီး တွန်းအားပေးလို့မရ။ တချို့ကားတွေဆို ရိုက်ပြီး နှစ်ချီချင် ချီသွားသည်။ သီချင်းတွေကို စိတ်တိုင်းကျထည့်နေလို့ ကြာသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက နယ်သမားတွေ၊ ရန်ကုန်က ခွေငှားဆိုင်တွေက သူ့ကိုပဲ တောင်းဆိုကြသည်။ သူရိုက်လိုက်တဲ့ကားတိုင်း ပေါက်သည်။ နယ်ရော ရန်ကုန်ပါ လက်ခံကြသည်။ ဥပမာတင်စားရလျှင် ရွှံ့ကိုင်ရင် ရွှေဖြစ်တယ်ပေါ့။

ဆုံမှတ် အစာမကျေဖြစ်ပြီး ပေါက်ကွဲနေချိန်တွင် မီးယံရောက်လာသည်။ Latest Model ကားအကောင်းစားကြီးနှင့် နောက်လိုက်တွေ တစ်လှေကြီးကို ခေါ်ချလာသည်။ ပေးလားဝါးလားဖြင့် အော်ဟစ်ဆူညံနေပြီး သူ့ကို ရှိလေသည်ဟုပင် မထင်။

ဒါရိုက်တာဆိုတာ King of the set ဆို။ ပိုပြီး ခံပြင်းလာသည်။ Producerအားကိုးနှင့် သူလုပ်ချင်တာ လုပ်လို့ ရသည်ဆိုပြီး မာန်တက်နေတဲ့ မိန်းမ။

'ကိုဘဂျာ၊ ဒီ ခဏလာခဲ့ဦး'

ခေါ်သံက ရင့်လိုက်တာ။

'ဘာလဲ မမီယံ'

'ကျွန်မ ဘာမှမစားခဲ့ရလို့ ဆာလာမီတစ်ပွဲနဲ့ Milk Shake တစ်ခွက် သွားဝယ်ပေးစမ်းပါ'





လေသံကိုက အထက်စီးက။ ဇာတ်ပို့သရုပ်ဆောင် အေးအေးလှိုင်က ဆုံမှတ်အနား ကပ်လာပြီး

'ဆရာကိုကို . . ဒါ Ruby အုပ်စုက ကောင်မလေး မဟုတ်လား'

'ငါ မသိဘူး'

'ဆရာကိုကိုက ခေတ်နောက်ကျနေပြီနော် . . သူ့အဖေက Ruby ဆိုပြီး စိန်ဆိုင်တွေ အများကြီးဖွင့်ထားတာ . . . ထောချက်ကတော့ အံ့မခန်းပဲ ဆရာ'

'အဲဒါ ဘာဖြစ်သလဲ၊ သွား ကိုယ့်အလုပ် ကိုယ်လုပ်'

အေးအေးလှိုင် မျက်နှာလေး ငယ်သွားသည်။

'ဆရာမှ မရိုက်သေးတာ၊ ဘာလုပ်ရမှာလဲလို့'

'ငါက Producerကိုစောင့်နေတာ ပြောစရာရှိလို့၊ အလုပ်မရှိလည်း စပ်စုမနေနဲ့၊ ငြိမ်ငြိမ်သွားထိုင်နေ'

'သူများက အားနေလို့ စပ်စုမိတာကို ဆရာကိုကိုကလည်း ဒေါချည်းပဲ'

သိပ်မကြာသောအချိန်တွင် Producer ၏ Cygnus ကား



www.burmeseclassic.com

www.burmeseclassic.com



ကြီး ထိုးရပ်လာသည်။ ရှူတင်မန်နေဂျာကိုဘကျားက ပြေးပြီး သတင်းပို့သည်။

'ဆရာရေ. . အခြေအနေက တော်တော်တင်းမာနေတာဗျ။ ခုထိ မရိုက်နိုင်ဘူးလို့ ကြွေးကြော်နေတုန်းပဲ'

'မင်း မပြောနဲ့. . ငါပြောမယ်၊ အခန်းထဲကို လွှတ်လိုက်'

ခေါင်းမာလွန်းသော ဒါရိုက်တာနှင့် လုပ်ချင်ရာ ဇွတ်လုပ်တတ်သော ပရိုဂျူဆာတို့ ဘာတွေဆက်ဖြစ်ကြမလဲ မသိပါ။

အေးမြသောလေ၊ မွှေးပျံ့သော Air freshener ရဲ့ရနံ့က အခန်းထဲရှိ လူသားသုံးဦးကို အထူးသဖြင့် သူတို့ရဲ့စိတ်တွေကို ဘယ်လိုမှ controlလုပ်နိုင်စွမ်းမရှိပါ။ တင်းမာမှုအခြေအနေတွေက အဆိုးဘက်ကိုသာ ဦးတည်လို့နေသည်။

'ဒီမှာဆုံမှတ်. . မင်းက ငါမွေးလို့ လူဖြစ်လာတာပါကွ၊ တစ်သွေး. . တစ်သံ. . တစ်မိန့်. . . လို့ပဲဆိုဆို ငါ့စကားဟာ အတည်ပဲ၊ ဒီကုမ္ပဏီအတွက်တော့ ငါ့ဆုံးဖြတ်ချက်ဟာ အခရာမို့ ငါ ရွေးထားတဲ့ "မီယံ"ကိုပဲ ပွဲထုတ်မယ်၊ အဲဒီအတွက် လိုအပ်တဲ့ဇာတ်တွေ မင်းစုထားတော့၊ သူနဲ့လိုက်မယ့်ဇာတ်တွေကို အခုကတည်းက မင်း ရွေး





ထား၊ ပိုက်ဆံ ဘယ်လောက်ကုန်ကုန်. . အကောင်းဆုံး ဖြစ်အောင် လုပ်ပေးပေတော့၊ ကဲ. . ဘာပြောစရာ ကျန်သေးလဲ'

'ကျွန်တော်ပြောမှာက တကယ်လို့ အန်ကယ် သူ့ကို ထည့်ရိုက်ရင် မျှော်လင့်ချက်က ၂၀%ပဲ၊ ကျွန်တော် ထပ်ပြောမယ်၊ သူ့ကို ကျွန်တော် ဘယ်လိုမှ feel မလာဘူး'

'အားလုံး confirmဖြစ်ပြီးသား ဆုံမှတ်၊ အခုမှ လူအပြောင်းအလဲလုပ်ရင် ငါ ဘာဖြစ်သွားမလဲ၊ Lucky Mountain ဆိုတဲ့ ငါ့ကုမ္ပဏီ ဘာဖြစ်သွားမလဲ၊ ဆိုခဲ့စေ. . မြဲစေတဲ့ကွ၊ ငါ လူကြီးငါ့စကား ငါ တည်ရမယ်'

'အန်ကယ်. . . ကျွန်တော် ပြောနေတာကလည်း Lucky Mountain အတွက်ပဲ၊ မှန်တယ်၊ အန်ကယ့်ကျေးဇူးကြောင့် ဒါရိုက်တာဆုံမှတ် ဆိုတာ ဖြစ်လာတယ်၊ ပရိသတ်တွေက အသိအမှတ်ပြုလို့ ကျွန်တော် နေရာတစ်ခု အခိုင်အမာရလာခဲ့တယ်၊ အဲဒီအပေါ်မှာ ကျွန်တော် သစ္စာသိရမယ် အန်ကယ်. . ၊ ပိုက်ဆံရရင် ပြီးရော ဆိုပြီး အရည်အချင်းမရှိတဲ့ လူဆီမှာ ကျွန်တော့်အချိန်တွေကို ကျဆုံးစေရမှာလား၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ အန်ကယ့်ကုမ္ပဏီအတွက်



www.burmeseclassic.com

www.burmeseclassic.com



နာမည်တစ်လုံးကို သိက္ခာရှိရှိ ထိန်းထားစေချင်တယ်၊ ဒါ ကျွန်တော့်ဆန္ဒပဲ'

'မင်း. . ငါ့ကို နည်းနည်းလောက် နားလည်ပေးလို့ မရဘူးလားကွာ၊ ငါ့မှာ မလွန်ဆန်နိုင်တဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းလေးတွေရှိနေတော့ ငြင်းရခက်နေလို့ပါ ဆုံမှတ်ရာ၊ ငါ့နေရာမှာ မင်းဆိုရင်လည်း ဒီလိုပဲ ဆုံးဖြတ်မှာပါပဲ'

တစ်ချိန်လုံး စကားတစ်ခွန်းမှဝင်မပြောဘဲ ပွဲကြည့်ပရိသတ်ဖြစ်နေခဲ့သော လေးနက်က သူငယ်ချင်းဖြစ်သူ ဆုံမှတ်၏ပခုံးကိုဖက်ကာ

'သူငယ်ချင်း မင်းစိတ်တွေ ရှုပ်ထွေးနေပြီ၊ ဒါရိုက်တာဆိုတာ သူ့စိတ်တွေက အရမ်းကို clear ဖြစ်နေမှကွ၊ မဟုတ်ရင် မင်းရဲ့ရိုက်ချက်တွေက အပြင်းစားဖြစ်လာမှာ မဟုတ်ဘူး၊ qualityကို မင်းဆက်ထိန်းရဦးမယ်လေ၊ စိတ်ကိုလျှော့ပြီး ပေါ့ပေါ့လေးပဲ ထားလိုက်ပါကွာ'

'ကောင်းပြီလေ၊ မီယုံ့ဆီက ကျွန်တော် အစွမ်းကုန် ညှစ်ထုတ်ပြမယ်၊ သူ့အစွမ်းအစ ဘယ်လောက် ထွက်မလဲဆိုတာ အန်ကယ် တစ်နေကုန် ထိုင်ကြည့်လိုက်'





လေးနက်မှာ အဖေနှင့်သူငယ်ချင်းကြားတွင် နေရခက်လာသည်။ သူ့သူငယ်ချင်းအကြောင်းကို လေးနက် အသိဆုံး။ ဒီကောင်က လူဖြောင့် စိတ်တို။ ဟန်ဆောင်ခြင်းအတတ်ပညာဆိုတာ စိုးစဉ်းမျှ တတ်ကျွမ်းသူမဟုတ်။ ဒါလုပ်မယ်ဆို လုပ်ရမှ၊ ပြောမယ်ဆို ပြောရမှ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'ဆံမှတ်'ဆိုသော ကောင်ကလေးတစ်ယောက်သည် ဒီလို နေရာတစ်ခုကို ရဖို့အတွက် နယ်မြို့ကလေးတစ်မြို့ကနေ စွန့်စားပြီး ထွက်လာခဲ့ရသည်။

လွန်ခဲ့သော သုံးနှစ်ခန့်က သူ ခင်တွယ် သံယောဇဉ်ရှိလွန်းသော ကလောမြို့လေးနှင့် ချစ်ရလွန်းတဲ့ အမေ့ကို ထိခိုက် ကွဲရှနေသော နှလုံးသားအစုံဖြင့် နှုတ်ဆက်ပြီး ရထားစီးကာ မျှော်လင့်ချက်တွေ ရှင်သန်စေမည့် အိပ်မက်မြို့တော် ရန်ကုန်ဆီသို့ သူ ထွက်လာခဲ့သည်။





သူ့မှာ အသိအကျွမ်းရှိလို့လားဆိုတော့ မရှိပါ။ ဒီလောက ထဲကို ဝင်ဖို့အတွက် သူဟာ တကယ့်ကို အစိမ်းသက်သက်။ ဘော်ဒါ ဆောင်တစ်ခုမှာ ငှားနေရင်း မြန်မာပြည်ရဲ့ဟောလီးဝုဒ်လို့ တင်စားခံမယ့် ၃၅လမ်းထဲကို နေ့တိုင်းသွားသည်။ လက်ဖက်ရည်ဆိုင်မှာသွား ထိုင်ရင်း အသိအကျွမ်းရှာရသည်။ စနည်းနာရသည်။

နေ့ ည မရွေး ရင်ထဲက ဖြစ်ပေါ်လာတဲ့ ခံစားချက်တွေကို ဇာတ်ညွှန်းတွေ ရေးသည်။ သူက ဖွဲ့ရှိသည်။ သူ့စိတ်ကြိုက်ရွေးချယ်ထားတဲ့လမ်းကြောင်းပေါ်ကနေ အောင်မြင်ခြင်းကြယ်ပွင့်တွေ ရှိတဲ့ မိုးကောင်းကင်ကြီးဆီကို ရောက်ဖို့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အများကြီးကို ကျော်ဖြတ်ရဦးမည်။

တစ်နေ့ ၃၅ လမ်းထဲက အလယ်ဆိုင်လေးကို သူ ရောက်သွားတော့ ဘော်ဒါဖြစ်သူ ရွှေရိုးက

'ဟာ. . ဖိုးဆံမှတ်၊ မင်း ဘယ်ပျောက်နေတာလဲကွ၊ မင်းကို ဒါ ဒီမှာ လာစောင့်နေတာ နှစ်ရက်၊ သုံးရက်တောင် ရှိနေပြီ'

'အရေးကြီးလို့လား'

'အခွင့်အရေး. . ဆိုတာ နှစ်ခါပြန်မလာဘူးကွ၊ ရတုန်း မိမိ



www.burmeseclassic.com

www.burmeseclassic.com



ရရ ဆုပ်ကိုင်တတ်ဖို့ လိုတယ်၊ မင်း. . Lucky Mountain ကို သိတယ် မဟုတ်လား'

'သိတာပေါ့ဗျ. . ဇာတ်ကားတွေ အများကြီးထုတ်တဲ့ ကုမ္ပဏီပဲဟာ'

'သူတို့ကုမ္ပဏီအတွက် ပင်တိုင်ဒါရိုက်တာ အလိုရှိလို့. . တဲ့၊ အသစ်တွေကို မြေတောင်မြှောက်ပေးချင်တဲ့ သဘောပေါ့ကွာ၊ မင်း ရေးထားတဲ့ ဇာတ်ညွှန်းတွေ ပါတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ပါလာတယ်'

'ထကွာ. . ခုပဲ သွားမယ်၊ ကံကောင်းဖို့အတွက် ကံကောင်းခြင်းတွေ ရှိတဲ့နေရာကို အရောက်သွားတတ်ရတယ်ကွ၊ ထိုင်နေလို့ မရဘူး'

ကံကောင်းခြင်းတွေရှိတဲ့နေရာက Lucky Mountain ဆိုရင် အဲဒီနေရာလေးဆီ ပို့ဆောင်ပေးခဲ့သူက ကိုရွှေရိုးပေါ့။

ထပ်ပြီးကံကောင်းချင်တော့ ထိုကုမ္ပဏီတွင် သူ့သူငယ်ချင်း 'လေးနက်' ရှိနေခဲ့သည်။ သူတို့ရုံးခန်းထဲသို့လှမ်းဝင်တော့ လေးနက်က ဝမ်းသာအားရ လှမ်းခေါ်သည်။





'ဟေ့ကောင် ဆုံမှတ်၊ မင်း ငါ့ဆီကို လာတာလား၊ ငါ့မှာကွာ မင်းကိုဆက်သွယ်တာ ဘယ်လိုမှမရဘူး၊ မင်းအိမ်ကလည်း မင်း ရန်ကုန်ဆင်းသွားတယ်သာ ပြောတယ်၊ မင်း. . ဘယ်မှာနေမှန်း မသိဘူးတဲ့၊ တကယ့်ကောင်ကွာ'

'နေပါဦး၊ ဒီကုမ္ပဏီနဲ့မင်းနဲ့က'

'ဒါ ငါတို့ကုမ္ပဏီလေကွာ၊ ကျောင်းပြီးကတည်းက အဆက်အသွယ်ပြတ်သွားတော့ မင်း ဘယ်သိမလဲလေ'

သူတို့နှစ်ယောက် ဖက်လဲတကင်းဖြင့် လေပေးဖြောင့်နေ၍ ကိုရွှေရိုးက

'ကဲ. . ကိုလေးနက်၊ ခင်ဗျားသူငယ်ချင်း နာမည်ကြီးဒါရိုက်တာဖြစ်ဖို့ ခင်ဗျားတို့ စင်တင်ပေးရမယ်နော်၊ ခင်ဗျားလက်ထဲ ဝကွက်ခပ်လိုက်ပြီ၊ ကျန် တာ ခင်ဗျားအပိုင်းပဲ'

'စိတ်ချဗျာ. . သူ့အရည်အချင်းကို ကျွန်တော်သိပြီးသား'

ကိုရွှေရိုးပြန်သွားတော့ လေးနက်က

'အန်တီ နေကောင်းရဲ့လား ဆုံမှတ်'

ဆုံမှတ်မျက်နှာတွင် ကြေကွဲရိပ်သန်းသွားဖြီး.



www.burmeseclassic.com

www.burmeseclassic.com



'ငါ့အမေ မျက်လုံး ကွယ်သွားတာ နှစ်နှစ်လောက် ရှိပြီကွ၊ ဆီးချိုကြောင့်လေ'

'ဖြစ်မှဖြစ်ရလေကွာ. . ကလော ရောက်ရင် ငါဝင်ကြည့်ရဦးမယ်'

အိပ်မက်များစွာဖြင့် ခြေချလာခဲ့သောရန်ကုန်မြေသည် သူ့အတွက်တော့ ဘုရားသခင်က ဖန်ဆင်းပေးတဲ့ ကံကောင်းခြင်းမိုးရေစက်တွေကို ကွက်ကြားမိုးအဖြစ် ရွာသွန်းပေးခဲ့လေသည်။

■



အခန်း (၃)

"ပင်စည်ရှင်"

အသက် - ၁၉နှစ်

ပညာအရည်အချင်း - ဒုတိယနှစ်၊ ဓာတုဗေဒအထူးပြု၊ အဝေးသင်တက္ကသိုလ်

အတိုင်းအထွာ - ရင်-၄၂'၊ ခါး-၃၆'၊ တင်-၄၄'

ကိုယ်အလေးချိန် - ပေါင် ၁၇၀ကျော် (ဇပေါင်တည်း ကျော်တာပါ)

အရပ် - ၅' ၄'



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင် - စားပြီးအိပ်၊ အိပ်ပြီးစား၊

စားပြီးရင် ပြန်အိပ်၊ အိပ်ပြီးရင် ပြန်စား

ဝါသနာ - နိုင်ငံကျော်ရုပ်ရှင်မင်းသမီး

(ဖြစ်နိုင်ရင် ကမ္ဘာကျော်မင်းသမီး ဖြစ်ပြီး

ရွှေကမ္ဘာလုံးဆုတောင် လိုချင်တာ)

ဟုတ်ကဲ့ . . အဆိုတော်စိုင်းစိုင်း ထိုင်ငိုသွားရမဲ့ ကိုယ်လုံး လေးပါ။ Queen of beauty မဟုတ်ဘဲ Fat of beauty ဖြစ်နေ တာက ခက်တာ။

ယုန်နှင့်လိပ်အပြေးပြိုင်ပွဲမှာ ပင်စည်ရှင်ကို ထည့်ပြိုင်လိုက် လျှင် ဖိုးရွှေလိပ် ငိုပြီးထွက်ပြေးမှာ မြင်ယောင်သေး။ ဘာလို့လဲ သိ လား။ သူက လိပ်ထက် ပိုနှေးတာကိုး။ ဒါပေမယ့် . . ဇွဲရှိတဲ့နေရာမှာ သူက သာတော့ သူပဲ ဗိုလ်စွဲမှာပေါ့။ သူ့ဝန် သူထမ်းထားရတာမှာ လမ်းလျှောက်ရင် အိမဲ့ အိပဲ့နှင့်။ ကြည့်တဲ့သူက သူ့အစား မောနေ ရသည်။

သူကတော့ အေးဆေးပါပဲ။ အချိန်တန် စားမည်၊ အိပ်မည်၊ အားအားရှိ အိုက်တင်တွေ မျိုးစုံအောင် ကျင့်မည်။ လူကသာ ဝတ





သူ့ပါရမီကတော့ မသေးပါ။ Mood ဝင်ရင် ဝင်သလို၊ အငို၊ အလွမ်း၊ ဟာသ၊ ဗီလိန်ဇာတ်ရုပ်စုံအောင် လုပ်ပြတတ်သည်။

'ပင်စည်၊ ဟဲ့ . . ပင်စည်ရေ့ . . အမယ်လေးနော်၊ ဒီလောက် အော်ခေါ်နေတာ မကြားဘူး၊ ဘယ်နားသွား အိပ်ပျော်နေပြီလဲ မသိ ဘူး . . ။ ဒီဝက်မတော့'

'ပင်စည် ဒီမှာ ကြီးမေ'

ပလတ်စတစ်စုတ်တွေထားသော အခန်းထဲတွင် ထမင်းစား ပြီး အဆီရစ်နေသော ပင်စည်။

'ပင်စည်ရယ်၊ နင်က ဒီမှာလာပြီး နပ်နေ၊ မိုးတွေ ဒီလောက် ရွာနေတာ နင့်အဖေ မိုးရွာကြီးထဲမှာ လျှောက်ပြေးနေလို့ သွားခေါ် ချေဦး'

'ကြီးမေကလည်း ချော့ပြီး ခေါ်ခဲ့လိုက် ပြီးရော'

'ဟဲ့ . . . သွားအခေါ်ကောင်းလို့ ငါ့မှာ သောက်ရူးကွဲပြီး ပြန်လာရတာ၊ နင့်အဖေက ငါ့လည်း တွေ့ရော မိုးရွာရင် မိုးရေချိုး မယ်၊ မေမေလာပြီ နို့စို့မယ်တဲ့ . . ငါ့ကို လက်ညှိုးကြီးထိုးထိုးပြီး ဆို တာ၊ ကလေးတွေက တဝါးဝါးတဟားဟားနဲ့ မျောက်ပွဲပြနေသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကြီးမေကလည်း သူ့အထာကိုသိသားနဲ့၊ အိမ်မှာ အမေပြန်ရောက်နေပြီလို့ ချော့ပြောရင် တစ်ချိုးတည်း ပြေးလာမှာ'

'လာပြန်ပြီလား ဒီအမေ၊ နင့်ပါးစပ်က ဒီ အမေဆိုတဲ့စကားထွက်ရဲထွက်ကြည့်စမ်း၊ ငါ့မောင် ရှုးသွားတာ နင့်အမေကြောင့် သိရဲ့လား. . ၊ ဒင်းကို ငါ နာကြည်းတယ်၊ မုန်းတယ်၊ အိုအေ. . ရှင်းရှင်းပြောမယ် သတ်ကိုပစ်ချင်တာ၊ အလကား သစ္စာမရှိတဲ့ကောင်မ'

ပင်စည် ပါးစပ်ပိတ်သွားသည်။ လောကကြီးက တရားရဲ့လား။ အမေ့ကို တွေ့ချင်မြင်ချင်လွန်းလို့ တ,တတည်းတ,နေတဲ့ ပင်စည့်ကိုကျတော့ အမေဆိုတာ ဖြူသလား၊ မည်းသလား ရုပ်လုံးပေါ်ဖို့ဝေးစွ၊ ဓာတ်ပုံကလေးတစ်ပုံတောင်မှ ချန်မထားခဲ့တဲ့အဖြစ်။ တချို့တွေကျတော့ အမေရှိလျက်သားနှင့် မခေါ်ချင်မပြောချင်ကြတာ အံ့များတောင် ဩရပါရဲ့။

ပင်စည့်မှာသာ အမေများရှိရင် တစ်နေ့ကို ဦးသုံးကြိမ်ချပြီး ဝတ်ကြီးဝတ်ငယ် ပြုစုလိုက်ချင်သည်။

အနားမှာ အမေ မရှိသလို၊ မွေးချင်းမောင်နှမလည်း မရှိခဲ့ပါ။ အဖေလေးတစ်ယောက် ရှိပါတယ်. . နေ့ရှိသရွေ့ သူ့ကိုပဲ ပြန်





ထိန်းနေရသည့် အဖြစ်။ အမေ ထွက်သွားပြီးကတည်းက အဖေက စိတ်သိပ်မမှန်တော့တာ ဒီနေ့အထိ။ သူ့မိန်းမကို ဘယ်လောက်ထိ ချစ်သလဲဆို ရူးနေတဲ့ဘဝမှာတောင် တစ်နေ့မှမမေ့ဘဲ တမ်းတနေတဲ့ အဖေပါ။

ပင်စည်တို့သားအဖကို ကြီးမေက ကျွေးမွေးနေလို့ ထမင်းနပ်မှန်နေတာ။ အိုကြီးအိုမက ကျွေးမွေးတဲ့ထမင်းဆိုတော့လည်း မျိုလို့က သိပ်မကျချင်။ (မဝါးဘဲ လိပ် လိပ်ပြီး မျိုနေတော့ သုံးဇလုံလောက်တော့ အသာကလေးပင်။) ဒီလိုနှင့်ပဲ အဲလို မယ်တော်ကိုယ်လုံးလေးဖြစ်နေတာ။

တစ်နေ့ တစ်နေ့ အလုပ်လျှောက်ရတာ ခြေကို တိုရော။ ပေါင်နှစ်လုံးက ပွန်းပြီး လမ်းတောင် အနိုင်နိုင်လျှောက်နေရတာ။ အကြောင်းမသိလျှင်တော့ ပင်စည့်လမ်းလျှောက်ပုံက ဟားချင်စရာကြီးပါ။ ဘယ်သူတွေ ဘယ်လိုပဲ ဟားဟား၊ အဟားခံရတဲ့ ဘဝမှာ ပင်စည်တို့က နေသားကျနေပါပြီ။ နာရမှန်း မသိသလို အပြုံးလည်း မပျက်ခဲ့ပါ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကျွန်မ တကယ်ဖြစ်ချင်တာက ရုပ်ရှင်မင်းသမီးပါ။ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်တစ်ယောက် ဖြစ်ခွင့်ရရင် သေပျော်ပါပြီ။ ခက်နေတာက ဒီကိုယ်လုံးကြောင့်။

မနေ့က မျှော်လင့်ချက်လက်ကျန်လေးနဲ့ bakery တစ်ခုကို နောက်တစ်ကြိမ် ထပ်အသွား -

'ဦးလေး ကျွန်မကို ဒီမှာ အလုပ်ခန့်ဖို့ စဉ်းစားပြီးပြီ မဟုတ်လားဟင်'

'အေးကွယ်.. ဦးလေးလည်း သမီးကို သနားလို့ အလုပ်ခန့်မလားလို့ စဉ်းစားမိပါတယ်၊ ခုတော့'





'ခုတော့.. ဘာဖြစ်လဲဟင် ဦးလေး'

'ဘာဖြစ်ရမလဲ၊ ဟောဒီ နင့်ကိုယ်လုံးကြောင့်ပေါ့၊ မနေ့က မုန့်လာဝယ်တဲ့ ကောင်မလေးနှစ်ယောက်က နင့်ကို မြင်ပြီး ဒီဆိုင်က အောက်မေ့လို့ ပြောသွားကြတယ်လေ'

'ဘာ.. ဘာပြောသွားလဲဟင်..'

'အေး.. ဒီဆိုင်က မုန့်တွေ ဝယ်စားရင် သူ့လိုခန္ဓာကိုယ်မျိုး ဖြစ်မှာပဲတဲ့၊ နောက်တစ်ခါ လာမဝယ်တော့ဘူး တဲ့၊ ကောင်းကြသေးရဲ့လား၊ နင့်ကို ဒီဆိုင်မှာ ခဏကလေး တွေ့လိုက်တာနဲ့ ငါ့ဖောက်သည် နှစ်ယောက် လျော့သွားပြီ၊ နင့်ကိုသာ အမြဲတမ်း ခန့်လိုက်ရင် ငါ့ဆိုင်ပိတ်ရမှာ ကျိန်းသေတယ်၊ အဲဒီတော့... နောက်အလုပ်တစ်ခုသာ ပြောင်းလျှောက်ပါ သမီးရယ်၊ နောက်ထပ် ဒီကိုထပ်မလာပါနဲ့တော့'

ကျွန်မ ဒီဆိုင်မှာ အလုပ်လိုချင်တာ မုန့်ပုံးထဲက မုန့်တွေကို သွားရည်ကျလို့ပါ။ အဲလေ.... မုန့်ဖုတ်တာ ကျွမ်းကျင်ချင်လို့ပါ။ ခုတော့.. ဝေးပြန်ပြီပေါ့။

မလွမ်းလောက်ပါဘူး။ နောက်တစ်ခု ပြောင်းလျှောက်ရုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သတင်းစာထဲမှာ ကြော်ငြာတစ်ခု တွေ့ပြီးသား။ သူတို့ လိုချင်တဲ့ အရည်အချင်းတွေက ကျွန်မနဲ့ဆို ကွက်တိ။

'Crown beauty & Spa မှ

အမျိုးသမီးဝန်ထမ်း အလိုရှိသည်။

အသက် - ၂၅နှစ်အောက်၊

ပညာအရည်အချင်း - ဆယ်တန်းအောင်ပြီးသား ဖြစ်ရမည်။'

ကဲ. . ဘာလိုသေးလဲ။ သူတို့ခေါ်တဲ့ အထဲမှာ ဝတဲ့သူများ မလျှောက်ရလို့မှ မပါတာ။

မှန်အလုံပိတ်ထားတဲ့ အအေးခန်းထဲကို ကျွန်မ ခပ်တည်တည်နဲ့ ဝင်ချသွားတာပေါ့။ ဆိုင်ထဲရောက်တော့ သူတို့က ကျွန်မကို အလှလာပြင်တဲ့သူ ထင်ပြီး

'ဟာ. . . အစ်မ၊ လာပါ. . ကြွပါရှင်၊ ဟဲ့. . ကြည့်ကြစမ်း ဒီက အစ်မက ဝဝကစ်ကစ်ကလေးနဲ့ချစ်စရာကြီးတော်. .'

အဲဒီမှာ. . ဆိုင်ရှင်ဖြစ်ပုံရတဲ့ ခပ်ရွယ်ရွယ် အမျိုးသမီးတစ်ယောက် ထွက်လာပါတယ်။





'ညီမက ဆံပင်ပြင်မလို့ထင်တယ်၊ ညှပ်မလား. . ကောက်မလား. . ဖြောင့်မလား၊ နေဦး ညီမမျက်နှာလေးကပြည့်တော့ ကောက်မှလှမှာ. . ကောက်တာတောင်မှ ရိုးရိုးမကောက်နဲ့၊ digital စက်နဲ့ကောက်. . . သိလား၊ ငါးသောင်းပဲ ကျမှာ၊ ဆေးဆိုးတာနဲ့ဆို ခုနစ်သောင်းပေါ့ကွယ်၊ အဟင်း. . ဟင်း. . အဲဒါညီမမို့လို့ discount ပေးတာနော် 30%တောင်လျှော့ထားတာ ကောက်မယ်မဟုတ်လားဟင်'

သေပြီ ဆရာ။ အဲဒီမမက ကျွန်မကို ဆွယ်တာထိုးနေတာကိုး။ ငါးသောင်း မပြောနဲ့ ငါးထောင်တောင် မပါဘူး။ သူ့ဘက် ပါအောင် ဆွယ်ပြီး ထိုးထည့်နေလို့ ဆွယ်တာထိုးတယ်လို့ ပြောတာ။

'ညီမလေးက မျက်တောင် ရှည်ပြီးသားပဲ၊ ကောက်လိုက်ပါလားကွယ်၊ တို့ဆိုင်က ခေါင်းကနေ ခြေဖျားအထိ အကုန်ပြင်ပေးတာ၊ ဝါသနာပါရင် ခြေသည်းလက်သည်းပါ ပုံဖော်ပေးတယ်သိလား၊ ဈေးလည်း သိပ်မများပါဘူး၊ ဘယ်လိုလဲ ညီမ. . အားလုံးပြင်မယ် မဟုတ်လား၊ ဒါမှ ဟို ဖိုးကာရဲ့ သီချင်းထဲကလို. . 'နဖူးက ခြေဖျားထိအောင်ချစ်တယ်'ဆိုပြီး ကောင်လေးတွေ ကျသွားမှာ မြင်ယောင်သေး ဟင်း. . ဟင်း'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နည်းနည်းမောလာသလိုပဲ။

'တော် တော်ပါပြီ မမရယ်၊ အခုတောင် အသက်ရှူရ နည်းနည်း ကျပ်လာသလိုပဲ၊ ညီမက ဒီမှာအလုပ်လာလျှောက်တာပါ၊ မမ အထင်ကြီးနေသလိုမျိုး တစ်နေကုန် ထိုင်ပြီး တစိမ့်စိမ့်ကြည့်မယ့်သူလည်း မရှိပါဘူးရှင်'

ဆိုင်ရှင်မမရဲ့ တဟင်းဟင်းရယ်သံကြီး ပျောက်သွားပြီး . . တံတွေး နင်တဲ့ မျက်နှာလား၊ ငါးရိုးစူးသွားတဲ့မျက်နှာလား၊ ဘာမှန်း မသိတဲ့ မျက်နှာကြီးနဲ့ ကျွန်မကို ဖင်ပြန်၊ ခေါင်းပြန်၊ အပေါ်ဆန်၊ အောက်ဆန် ကြည့်ပါတယ်။

'ဒီ . . ဒီမှာက ညီမနဲ့သင့်တော်မယ့်နေရာ ရှိမှာမဟုတ်ဘူးကွယ့်၊ အားတော့နာပါတယ်၊ တခြားအလုပ်တစ်ခု ရှာကြည့်ပါဦးလားကွယ်'

ဘယ်ရမလဲ။

ကျွန်မကလည်း လုံးဝမလျှော့ဘူးလေ။ ပြန်ပွဲကြမ်းပစ်လိုက်တာပေါ့။

'မမတို့ကြော်ငြာထည့်တဲ့အထဲမှာ ကျွန်မနဲ့ကိုက်ညီတာချည်း





လေ၊ ဒါကြောင့် လာလျှောက်တာပေါ့၊ ခုတော့ . . အင်တာဗျူးလေးတောင် မဖြေရသေးဘဲနဲ့၊ လူတစ်ယောက်ရဲ့အရည်အချင်းကို မသိရသေးခင် နှင်ထုတ်တာက အရင်ပဲ'

'အို . . ဒီလိုသဘော မဟုတ်ပါဘူးကွယ်'

'ဘာလဲ . . ကျွန်မကို ၁၉နှစ် ဆိုတာ မယုံလို့လား၊ မယုံရင် တ်ပုံတင်ထုတ်ပြမယ်လေ၊ ရော့ . . ဒီမှာ ကြည့်'

ဘယ်လိုပဲ လှည့်ပတ်ပြောပြော၊ ဒီဝက်ပုပ်မကဲ ပြန်မညှိပုံပေါ်ပါ။ မျက်နှာကလေးက လှပါရဲ့ . . ခန္ဓာကိုယ်ကြီးက ပုံဆိုးပန်းဆိုးဖြစ်နေတာ . . ဘယ်လိုလုပ်ရမတုံး။ မျက်နှာမှာ သနပ်ခါးတောင် င်ပုံမရပါ။ ဘာတွေ စားထားလည်း မသိ။ နှုတ်ခမ်းဘေးပတ်ပတ် ည်မှာ ဆီတွေ ဝေ့လို့။

'မမရယ် ကျွန်မကျောင်းစ,နေတဲ့အရွယ်ကတည်းက ငါးနှစ်ဆိုတာကို မယုံလို့ မွေးစာရင်းကို သုံးခါတောင်မှပြရတာ၊ မရှိတဲ့အမေ း ပြောပါတယ်၊ ဘယ်လိုမွေးပေးခဲ့မှန်းကို မသိဘူး၊ လူနဲ့ဆင်နဲ့မှား မိတယ် ထင်တာပဲ၊ ဒီ ခန္ဓာကိုယ်ကြောင့် ဘယ်နေရာမှာမှ အဆင် တယ်မရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလုပ်လေ၊ ညီမလိပ်စာနဲ့ဆက်သွယ်ရမယ့် ဖုန်းနံပါတ်ပေးခဲ့ပါလား၊ မမ ပြန်ဆက်သွယ်လိုက်မယ်လေ'

ဒါလည်း အလိမ္မာလေးနဲ့ နှင်တာပါပဲ။ သက်ပြင်းမော တစ်ခုကို ကျွန်မချမိပါတယ်။ အဲဒီနောက်တော့ လေးကန်တဲ့ခြေလှမ်းတွေနဲ့ လာရာလမ်းကို ပြန်ခဲ့ပါတော့တယ်။

■



## အခန်း (၅)

'အဖေရေ.. အဖေ.. သမီး ပြန်လာပြီ'

သရက်ပင်ကြီးအောက်မှာထိုင်ပြီး အပင်ပေါ်က အသီးတွေကို မော့ကြည့်နေသောအဖေက

'ငါ့ကိုများ အဖေ.. တဲ့...၊ လူကြားလို့ မကောင်းအောင်အော်နေတယ်၊ တိုးတိုးပြော.. ဟိုမှာ သရက်သီးတွေကြားရင် အောက်ဆင်းလာဘဲ နေဦးမယ်၊ ငါ စားချင်လှပြီဟ'

'အဖေရယ်... သရက်သီးတွေက အစိမ်းကြီး ရှိသေးတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ် စားလို့ရမှာလဲ၊ ဒီမှာကြည့်. . သမီးအဖေ့အတွက် ခုနစ်
လွှာပေါက်စီ ဝယ်လာတယ်'

အဖေ့မျက်နှာမှာ လမင်းကြီး သာသွားတာ ကျွန်မ တွေ့ရ
တော့ အဆင်မပြေလာခဲ့တာတွေကို တဒင်္ဂမေ့သွားခဲ့ပါတယ်။

'အေး. . . ပေး. . ပေး. . ငါ ဗိုက်ဆာနေတာနဲ့ အတော်ပဲ
နေပါဦး. . နင်က ငါ့သမီးလား'

'ဟုတ်တယ်လေ အဖေရဲ့. .၊ အဖေ့မှာ ဟောဒီ သမီး တစ်
ယောက်တည်း ရှိတာများ'

'သိပါဘူး၊ နင်က တစ်နေ့တခြား ဝ,ဝလာတာကိုး၊ ငါ့သမီး
က ငယ်ငယ်ချောချောလေးဥစ္စာ၊ နင်က သမီးအတုပဲဖြစ်ရမယ်၊ ဟား
. . ဟား. . အတုကြီး. . အတုကြီး'

'အဖေနော်၊ သမီးကို တခြားဟာ စ,ချင်စ၊ အဲဒီလို မပြော
သမီးမကြိုက်ဘူး၊ ပေး. . သမီးဝယ်လာတဲ့ ပေါက်စီ ပြန်ပေး၊ မကျွေး
တော့ဘူး'

သူ့ခန္ဓာကိုယ် သူ့အားကြီးနှင့် ဆွဲလုလိုက်တော့ စားလက်
ပေါက်စီလေးက ပင်စည့်လက်ထဲသို့ ပါသွားသည်။





စားလို့ကောင်းနေဆဲ အလုခံလိုက်ရတော့ ဦးစန ဒေါသ
တွေ အလိပ်လိုက်တက်လာကာ ပင်စည့်ကို လှမ်းအော်သည်။

'စိတ်ပုပ်မ. . ဝက်မ၊ ငါ. . နင်နဲ့ မနေဘူး၊ သွားမယ်'

'အဖေရယ်၊ သမီး အလုပ် မရလို့ စိတ်အားငယ်နေတဲ့အချိန်
မှာ အဲဒီလိုမပြောပါနဲ့၊ အဖေ့ကို သမီး ဆေးကုပေးချင်တယ်၊ ကောင်း
ကောင်းမွန်မွန်ကျွေးချင်တယ်၊ အဲဒီအတွက် ပိုက်ဆံလိုတယ် အဖေရဲ့၊
သမီးမှာ ပိုက်ဆံမရှိတဲ့အတွက် ဝမ်းနည်းတယ်၊ သမီးလည်း လူပဲ. .
ဝတ်ချင်စားချင်တာပေါ့၊ သူများတွေဆို အမေ့ရင်ခွင်ထဲမှာကပ်ပြီးချွဲ
နေတုန်းပဲ၊ သမီးမှာ ဒီအခွင့်အရေးတွေဘာမှမရဘူး. .၊ အဖေ ဘယ်
မှ မသွားပါနဲ့နော်၊ သမီးမှာ ချမ်းသာတာဆိုလို့ အဖေတစ်ယောက်
တည်း ရှိတာပါ၊ သမီး တောင်းပန်ပါတယ်၊ သမီးကို ချစ်ရင် ဘယ်မှ
သွားရဘူးနော်. . ဟီး. . ဟီး'

ပြောလည်း ပြော၊ ငိုလည်း ငိုတော့သည်။ ပင်စည်ရှင်ဆို
တာ ခုမှ တစ်ဆယ့်ကိုးနှစ်ပဲ ရှိသေးတာ။ လူ့လောကထဲကို ဝင်လို့
တောင်မှ မရောက်တော့ဘူးလား။ ဘာဖြစ်လို့များ သူမကို ဝိုင်းပယ်ချင်ရတာလဲ။

'တိတ်နော်. . တိတ်. . တိတ်၊ အဖေ သီချင်းဆိုပြမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



♫ . . ဒီအိမ်လေးထဲမှာ၊ တို့ရဲ့အတိတ်တွေ
ရှိခဲ့ဖူးတာ၊ ချစ်သူရဲ့ရယ်သံလေးများ
ဝမ်းနည်းတဲ့အခါ ငိုသံလေးများ
ငါလေ.. ကြားယောင်နေဆဲပါ
ဒီဘဝမှာ နောက်ထပ် မကြားနိုင်တော့တာ
ချစ်သူက ရက်စက်စွာ
ကျောခိုင်းထွက်ခွာသွားတော့
သမီးလေးက ငိုတယ် . . အဖေလည်း ငိုတယ်
အတူဆိုခဲ့ဖူးတဲ့ သီချင်းလေးတွေ သံစဉ်တွေကို
မမေ့သေးဘူး . . ပြန်လာပါ၊ တောင်းပန်ပါတယ်
ပြန် . . လာ . . ပါ . . . ♫

အဖေ အမြဲဆိုနေကျ သီချင်းလေးပါ။ သူ့မိန်းမကို သတိ[ရ]တိုင်း ဒီသီချင်းကလေးကို ဆိုသည်။ လွမ်းဆွတ်တမ်းတစွာ ဆိုနေတဲ့ အဖေ့အသံကို ကြားတော့ ပင်စည် မျက်ရည်တွေ တလိမ့်လိမ့်ကျလာပါတော့သည်။

ဘယ်လိုမှပြန်မရနိုင်တော့သည့် မိသားစုဘဝလေးကို တမ်း





တရှုံ့ကလွဲလို့ နွေးထွေးမှုကို ငတ်မွတ်တာပေါ့။ အဖေလွမ်းသလို ပင်စည်လည်း အမေ့ကို လွမ်းတာပေါ့။

ဆောင်းခိုငှက်တွေတောင်မှ ဆောင်းရောက်ရင် ပြန်လာကြသေးတာပဲ အမေရယ်။ အမေက ဟိုးအဝေးကြီးကို ထွက်သွားပြီးကတည်းက သမီးဆီကို တစ်ခါမှပြန်မလာတာ သမီးကို မချစ်လို့လား။ နေနိုင်လိုက်တာ အမေရယ်။ ငယ်ငယ်တုန်းကဆို မိုးလင်းကနေ မိုးချုပ်တဲ့အထိ အမေ့ကို မျှော်နေတာ။ ညဥ့်နက်သန်းခေါင်ယံ လူခြေတိတ်တဲ့အချိန်ရောက်မှ စိတ်ကို ဒုန်းဒုန်းချပြီး တစ်ယောက်တည်း ကျိတ်ငိုရတဲ့သမီးအဖြစ်ကို အမေ့ကို ရင်ဖွင့်ပြချင်လိုက်တာ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဦးအောင်မွန်ဆင့်သည် တောင့်တင်းနေသောအကြောအခြင်တွေကို လျှော့ချရင်း ဆိုဖာနောက်မှီပေါ်တွင် သက်သောင့်သက်သာထိုင်လိုက်သည်။ မျက်လုံးတစ်စုံက ချစ်သောဇနီးနှင့်သမီးကို ကြည်နူးစွာ လှမ်းကြည့်ရင်း

'သားအမိနှစ်ယောက် ရှုတင်သွားကြမလို့လား၊ ပစ္စည်းတွေရော စုံပြီလား'

'ကြည့်ပြောပါဦး ကိုအောင်ရယ်. . သမီးက အဲဒီဒါရိုက်တာနဲ့ မရိုက်ချင်လို့ ပြောင်းပေးပါတဲ့၊ ဆုံမှတ်က ဒီခေတ် ဒီအချိန်မှာတော့





ရှိသတ်လက်အခံဆုံး ဒါရိုက်တာပဲ. . ၊ သူ့ဆီက သမီး ပညာတွေ အများကြီး ရဖို့ ရှိတယ်၊ အတွေးမလွဲပါနဲ့ သမီးရယ်. . နော်. .'

မီယံက နှုတ်ခမ်းလေးကို ချစ်စဖွယ်စူလိုက်ရင်း

'မာမီ့အကြိုက်ဆုံးဒါရိုက်တာ ဆိုတာလည်း ထည့်ပြောဦးလေ'

'သမီးမာမီက သမီးကို သူ့လိုပဲ ပြည်သူချစ်တဲ့အနုပညာရှင်တစ်ယောက်ဖြစ်စေချင်တဲ့ စေတနာကြောင့် ပြောနေတာပါကွယ်'

'စိုးခေတ်ချို'ဆိုသော အကယ်ဒမီမင်းသမီးသည် ဦးအောင်မွန်ဆင့်၏အချစ်ဆုံးဇနီး ဖြစ်သလို မီယံ၏ ချစ်ရလွန်းသော မိထွေးလည်း ဖြစ်လေသည်။ မိထွေးနှင့်လင်ပါသမီးဆိုတာ တည့်ဖို့ ဝေးစွ။ မျက်နှာချင်းဆိုင်ဖို့ပင် ခက်သော အခြေအနေတွင် ထူးဆန်းစွာပင် မီယံက သူမ၏မိထွေးကို ရင်းနှီးစွာ နွေးထွေးတွယ်တာလေသည်။

စိုးခေတ်ချို၏အလှက ရနံ့သင်းတဲ့ ပန်းကလေးတစ်ပွင့်လို၊ သက်ဝင်လှုပတဲ့ ပန်းချီကားလေးတစ်ချပ်လို ကြည့်လေလှလေ၊ စိတ်ချမ်းမြေ့လေ ဖြစ်သည်။ ဘယ်တော့မှရိုးမသွားနိုင်တဲ့ အဆင်းလှခြင်းကိုပိုင်ဆိုင်သလို၊ စွဲမက်ဖွယ်ကောင်းအောင်ပြေပြစ်လှပတဲ့ ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အလှတရားကလည်း ပံ့ပိုးပေးထားသည်။ စကားပြောကောင်းသည်။ နားဝင်ချိုအောင် ပြောတတ်သော အသံလေးကိုလည်း ပိုင်ဆိုင်သူဖြစ်သေးသည်။ အသက်လေးဆယ်ဆိုပေမယ့် သူမရုပ်ရည်က နောက်တက်မင်းသမီးပေါက်စလေးတွေနှင့် နင်လားငါလား ယှဉ်နိုင်သေးသည်။

အမေနေရာမှာ ဝင်ရိုက်နေရပေမယ့် ပရိသတ်တွေက စိုးခေတ်ချိုကို အားပေးတုန်း၊ ချစ်ကြတုန်းပါပဲ။ နယ်တွေ သွားရိုက်ရင် ဒီနေ့မင်းသမီးတွေထက် သူမကို ပရိသတ်က ပို၍ စိတ်ဝင်စားသည်။ ရှေးဖြစ်နောက်ဖြစ်တွေကို မေးရင်း မိတ်ဆက်စကား ပြောကြသည်။ တရင်းတနှီးရှိလှသည်။ အားလုံးနှင့်သင့်မြတ်အောင် နေထိုင်နိုင်ခြင်းကပင် သူ၏အရည်အချင်းတစ်ရပ်ဖြစ်သည်။

မီယံ့အဖေနှင့် အကြောင်းပါတော့ မီယံက နှစ်နှစ်သမီးသာသာရှိသေးသည်။ ထိုစဉ်အချိန်တုန်းက စိုးခေတ်ချို၏ရင်ထဲမှနာကျင်ရသောဒဏ်ရာကို မီယံလေးနှင့် အစားထိုးခဲ့ရသည်။ သူများသမီးကို ကိုယ့်သမီး လုပ်ပြီး ထွေးပွေ့ကြင်နာခဲ့ရသည်။

ဦးအောင်မွန်ဆင့်တို့က မျိုးရိုးစဉ်ဆက် ချမ်းသာကြသည်။





ဝိန်ကုန်သည်မျိုးရိုးဖြစ်ပြီး စိုးခေတ်ချိုကို စွဲလမ်းလွန်းတဲ့ ယောကျ်ားတစ်ယောက်ဖြစ်သည်။

သူ့သမီးကို ကိုယ့်သမီးလေးလို ချစ်တော့လည်း သူ့အချစ်တွေက စိုးအပေါ်မှာ ပို၍လေးနက်လာသည်။

စိုးလို ရုပ်ရှင်မင်းသမီးတစ်ယောက်က သူတို့သားအဖနှစ်ယောက်ကို ဒီလောက်ထိ ကြင်နာမယ်လို့ မထင်မိဘူး၊ ထင်မထားဘူးတဲ့. .။ အဲဒီအတွက် သူက စိုးကို ကျေးဇူးတင်သလို တစ်သက်လုံး ချစ်သွားပါ့မယ်တဲ့လေ။

'စိုး. . ကိုအောင် လိုက်ခဲ့ပေးရမလားဟင်'

'မလိုက်နဲ့. . ဒယ်ဒီ မလိုက်နဲ့. .၊ သူက ရှုတင်မှာ လူတွေများနေရင် ကြိုက်တာ မဟုတ်ဘူး၊ ရုပ်ကိုက တစ်နိုင်ငံလုံး သူ့လုပ်စာ ထိုင်စားနေတဲ့ရုပ်၊ ဘယ်လိုကြည့်ကြည့်. . လမိုင်းမကပ်ပါဘူး ဒယ်ဒီရယ်၊ မာမီတို့များ ဒီလူ့ကို ဘာတွေ အထင်ကြီးနေမှန်း မသိဘူး'

'သမီးရယ်၊ ဆုံမှတ်က စိတ်ရင်းကောင်းပါတယ်ကွယ်၊ သူက မာမီ့သမီးမှန်း မသိသေးလို့ပါကွယ်၊ ဒီနေ့ မာမီ လိုက်မိတ်ဆက်ပြီး ပြောပေးမှာပေါ့၊ သူက မာမီ့ကို ရိုသေလေးစားမှုရှိတဲ့သူပါ'



www.burmeseclassic.com

www.burmeseclassic.com



'မာမီ ညွှန်းသလောက်လည်း. . . မဟုတ်ပါဘူးနော်'

'ကဲ. . သမီး. . ကြိုးစားဖို့က သမီး တာဝန်နော်၊ ဒါရိုက်တာဆိုတာ ရိုက်ကွင်းမှာ ဘုရင်ပဲလေ. .၊ သူပြောတာတွေ၊ သင်ပေးတာတွေကို သမီး နာခံရမှာပဲ၊ သမီး. . မာမီ့ကိုကြည့်၊ ဒီနေ့ထိ အောင်မြင်နေတာ အဲဒါကြောင့်ပဲ၊ ဒယ်ဒီတို့က ဘယ်လိုပဲ ပံ့ပိုးပေးပါစေ၊ ပရိသတ်လက်ခံဖို့က အရေးကြီးတယ်လေ၊ အနုပညာဆိုတာ. . အင်မတန်မှသိမ်မွေ့သလို ခက်ခဲနက်နဲတယ် သမီး၊ သန်းပေါင်းများစွာမှာ တစ်ယောက်ဖြစ်ဖို့ မလွယ်ဘူး'

မီယံ့ခေါင်းလေး ခါယမ်းသွားသည်။

'တော်ပြီ. . . ဒယ်ဒီရာ၊ ဒယ်ဒီတို့ အနုပညာကို ဒီလောက်ချစ်နေကြတာ မာမီနဲ့အပြိုင် မင်းသား ဝင်လုပ်ပါလား'

'ကဲ. . ကဲ သွားရအောင် သမီး၊ ကိုယ့်ကို သူများက စောင့်ရတဲ့အဖြစ်မျိုး မဖြစ်ပါစေနဲ့ကွယ်'

*





'ဟော့ကောင် ဆုံမှတ်'

လေးနက်ကိုတွေ့တော့ ခံစားချက်တွေကို ရင်ဖွင့်ဖို့ အဆင်ပြေသွားသည်။

'လာကွာ. . မင်း လာတော့ အခြေအနေတွေကို မြင်သွားရတာပေါ့၊ ဒီနေ့ တစ်နေကုန် ထိုင်ကြည့်သွားဦး၊ မနေ့က ရှုတင်တည်ရတာ ဘာမှ အရာမထင်ဘူးကွ၊ လုပ်မှမလုပ်နိုင်တာကွာ၊ မင်း ဖားသားကြီးက ဖွတ်ပဲ၊ ရေလည်ပေတယ်ကွာ. .'

'သည်းခံပါ သူငယ်ချင်းရာ. . .၊ စိတ်ရှည်ရှည်နဲ့ အကောင်းဆုံးဖြစ်အောင်သာ ရိုက်ပေးလိုက်၊ ကျန်တာ မီယံ့ဒယ်ဒီ အကုန်တာဝန်ယူတယ်တဲ့၊ မင်းလည်း အပိုကြေးရမှာပေါ့ကွ'

'ဒီငွေက ငါ့အတွက်အသုံးမဝင်ပါဘူးကွာ၊ မင်းသားက ရိုက်ရက် ဆယ်ရက်ပဲ ပေးထားတာ၊ အခုဆို သုံးရက် ရှိပြီ၊ သူ့ဘက်က ဘာမှတိုးတက်မလာဘူးကွာ'

'အေးကွာ. . ဒီကောင်မလေး၊ သူ့အမေခြေဖျားကို မမီဘူးဖြစ်နေတာ၊ အနုပညာ်ကြိုး ... 

'ဘာ. . မီယံက အန်တီစိုးသမီးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . မင်း တကယ်မသိလို့လား'

'ငါမှစိတ်မဝင်စားတာကွာ မသိပါဘူး၊ ရုပ်ကလည်း တခြားစီနော်၊ မင်းဟာ. . ဟုတ်မှဟုတ်ရဲ့လား'

'ဟုတ်ပါတယ်ဆိုမှကွာ၊ ဟော. . မယုံရင်ကြည့်၊ ဟိုမှာ လာနေပြီ'

အန်တီစိုးခေတ်ချိုက ကားပေါ်မှ လှလှပပကြော့ကြော့မော့မော့ကလေး ဆင်းလာရင်း သူ့သမီးလက်ကလေးကိုဆွဲပြီး သူ့ဆီလှမ်းလာနေလေသည်။

ဘယ်လိုကြည့်ကြည့်၊ တူမှ မတူတာ။ သားအမိဆိုတာ ယုံရခပ်ခက်ခက်ပါပဲလေ။

'မော်နင်းပါ သားရေ'

'မော်နင်း အန်တီ'

အန်တီစိုးက နေကာမျက်မှန်ကလေးကို အသာပင့်တင်ရင်း သွားစွယ်ဖွေးဖွေးလေးကို လှစ်ကာ ရယ်သည်။ ဒါမှရုပ်ရှင်မင်းသမီးဟု သူ့စိတ်ထဲမှမှတ်ချက်ချမိသည်။ ပါရမီကြောင့်လားတော့ မသိ။ ဘာပဲလုပ်လုပ် အနုပညာမြောက်စွာလှပနေသည်။





'သားဆီမှာ သမီးလေးကို လာအပ်တာလေ၊ သင်ပြပေးပါသားရယ်၊ ကိုယ့်နှမလေးတစ်ယောက်လိုလည်း စောင့်ရှောက်ပေးပါကွယ်'

ဆုံမှတ် တော်တော်နှင့်ခေါင်းမညိတ်မိပါ။ ကိုယ်တိုင်က သင်ယူချင်စိတ်ရှိသော တပည့်မျိုးကိုပဲ သူလိုလားသည်။

'သူ့ကိုယ်၌က လိုလားတယ်ဆိုရင် သင်ပေးဖို့ ဝန်မလေးပါဘူး အန်တီ၊ အန်တီလည်း ဒီနေ့ သမီး သရုပ်ဆောင်တာကို အားပေးသွားပါဦး'

'အားပေးရမှာပေါ့ အန်တီက ဆုံမှတ်ကို ယုံကြည်ပြီးသားပါကွယ်'

လေးနက်က ဆုံမှတ်ကို အမိဟွာယ်ပါသောမျက်လုံးများဖြင့်ကြည့်ရင်း ရယ်နေသည်။ ဒီကောင့်အထာကို ကောင်းကောင်းသိတာပေါ့။ သူ့ကို လှောင်နေတာလေ။ လက်သီးပြပြီး သတိထားဟု အသံတိတ် လှမ်းကြိမ်းလိုက်သည်။

ဒေါ်စိုးခေတ်ချိုသည် မီယံ့ကိုကြည့်ပြီး အားမလိုအားမရဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် လွယ်ကူရိုးရှင်းသည့် plot လေးတောင်မှမလုပ်နိုင်ဘူးတဲ့လား။ ဒီနေ့ရိုက်တဲ့ဇာတ်ညွှန်းက သမီးက အဖေနောက်ကို ရှဲဒိုးလိုက်တဲ့အခန်း။ အဖေကိုသိပ်ချစ်သော သမီးက သူ့အဖေကို နောက် small လေးတစ်ယောက်နှင့် တွဲပြီး တွေ့သောအခါ မယုံကြည်နိုင်အောင် အံ့သြမှုနှင့်အတူ တကယ်ဖြစ်နေတာကို လက်မခံနိုင်စွာ တစ်ယောက်တည်း ဆောက်တည်ရာမဲ့ဖြစ်နေတာတွေ၊ စိတ်ထဲက ခံစားချက်ကို မျက်လုံးမှာ ထိအောင်ပြနိုင်ရမည်။

လုပ်ပြနိုင်ရင် ကိုယ့်အတွက် ကျိန်းသေကျန်မည့်ဇာတ်ရုပ်ကို မီယံက ဝတ်ကျေတန်းကျေ သရုပ်ဆောင်နေသည်။

'မီယံ မျက်လုံးမှာ နည်းနည်းလောက်အားထည့်ဦး. . ၊ ဟာ . . မဟုတ်သေးဘူးလေ၊ မျက်လုံးက အရမ်းအေးစက်နေတယ်'

'ဟုတ်သားပဲ သမီးရယ် ၊ သမီး ဦးရဲမောင်နေရာမှာ ဒယ်ဒီ့ကို အစားထိုးပြီး. . ပြန်လုပ်ကြည့်ပါဦး'

တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်။ ဆုံမှတ် စိတ်မရှည်ချင်တော့ပါ။

'ကဲ. . ကျွန်တော် ဝမ်း၊ တူး၊ သရီး၊ ဖိုး. . ဆိုပြီး step by





step သွားမယ်၊ ဒီလိုသင်လို့မှမရရင် ဒီနေ့ ဆက်ရိုက်လို့ရမှာမဟုတ်ဘူး၊

ဝမ်း. . မျက်နှာမှာ အံ့သြသွားရမယ်၊

တူး. . ကြည့်ရင်းနဲ့ဝမ်းနည်းပြီး နှုတ်ခမ်းလေးတွေ တုန်လာရမယ်၊

သရီး. . မျက်လုံးမှာ မျက်ရည်တွေဝဲပြီး နာကျင်လာရမယ်

ဖိုး. . နည်းနည်းတော့ လုပ်ရခက်လိမ့်မယ်၊ ခံစားမှုပေါင်းစုံကို တပြိုင်တည်း မျက်လုံးထဲမှာ ပြနိုင်ရမယ်'

ဆုံမှတ်ကို အားနာလာပါသည်။ ကိုယ့်သမီး ဒီလောက်ညံ့မှန်း မသိခဲ့ပါ။

ဒီလိုအကျအနသင်ပေးသည့် ဒါရိုက်တာနှင့်တွေ့တာတောင်မှမလုပ်နိုင်ဘူးဆိုတော့ သူ့ပါရမီက တော်တော်နည်းနေပါပြီ။

မီယံလုပ်နေတာက သနားစရာမကောင်းဘဲ ဒေါသစွက်နေခဲ့ရသည်။

တကယ်ဆို အဖေ့အတွက် ခံစားနေရတဲ့ သမီးရဲ့ခံစားချက်က ရင်နင့်စရာလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



'သမီးရယ် . . မာမီ ပြောသားပဲ၊ သမီးဒယ်ဒီသာဆို သမီးခံစားရမယ်လေကွယ်၊ အဲလိုတွေးပြီး လုပ်စမ်းပါ'

'မာမီ . . . သမီး မလုပ်ချင်တော့ဘူး၊ အရမ်းပင်ပန်းနေပြီ၊ ဒယ်ဒီက အပြင်မှာ ဒါမျိုးလုပ်မှာမဟုတ်တော့ သမီးက mood သွင်းလို့ မရဘူး၊ တကယ်လို့ဖြစ်ခဲ့ရင်လည်း သမီးက ပွဲကြမ်းပစ်မှာ၊ ဒီလိုကြည့်နေမှာ မဟုတ်ဘူး'

ဘယ်လိုပြော ပြော မရပါလား။

ဆုံမှတ် မျက်နှာ သိပ်မကောင်းပါ။ Talent ရှိတဲ့ကလေးဆို နည်းနည်း ပြပေးရင် လုပ်တတ်ပါတယ်။ ဒီမိန်းကလေးက ဘာမှကို မလုပ်တတ်တာ။

'အန်တီ သူ့ကို တစ်ကြိမ်လောက် သရုပ်ဆောင်ပြပေးပါလား please'

အကယ်ဒမီမင်းသမီးမို့လား မသိ။ အန်တီစိုးက ထိုခံစားချက်များကို ငါးမိနစ်ဖြင့် အပြီးလုပ်ပြသွားသည်။

သမီးနှင့် မရိုက်ဘဲ အမေနှင့်သာ ပြောင်းရိုက်လိုက်ချင်ပါသည်။ ဘုရားစူး . . အဟုတ်ပြောတာ။





'မီယံ . . . တစ်ခါလောက် ကြိုးစားကြည့်ပါဦး၊ ခုနတုန်းက အန်တီလုပ်ပြသွားသလိုလေ'

မီယံလည်း သူ သိသလောက် ကြိုးစားပါသည်။ ဒါပေမယ့် အဆင့်မမီသေး။ ဆုံမှတ် ဆိုတဲ့ ဒါရိုက်တာကလည်း သူ့စိတ်ကြိုက် မရရင် မလွှတ်တတ်သူဆိုတော့ ခက်ခဲမှုတွေ ဖြစ်ကုန်ပါသည်။

'ကျွန်တော် မကြိုက်သေးဘူး၊ ထပ်ကြိုးစားကြည့်ပါဦး မီယံ'

စိတ်၏ကျဉ်းကျပ်မှုနောက်ကွယ်တွင် ဒေါသတွေ အပြင်သို့ မြှုထွက်လာသည်။

'ရှင်က ကြေး(ဂျီး)များနေလို့ပါ၊ ဒီလောက်ပဲ လုပ်တတ်တာ၊ လွှတ်ပေးလိုက်ရင်လည်း ရရဲ့သားနဲ့'

ဆုံမှတ်ဒေါသက ထောင်းခနဲထွက်လာသည်။

'မင်းကွာ . . တောက် . . ငါ အပင်ပန်းခံပြီးသင်နေတာ၊ မင်းတို့ဖြစ်သွားတော့ရော ငါအကျိုးရှိမှာမို့လား၊ စေတနာကို မစော်ကားနဲ့ကွ'

'သားရယ်၊ အန်တီ တောင်းပန်ပါတယ်နော်၊ သမီးလေးက အပြောအဆိုမတတ်လို့ပါကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်မကောင်းပါဘူး အန့်တီ၊ ကိုယ့်ကို လေးစားမှု မရှိတဲ့သူနဲ့ အလုပ် အတူလုပ်ဖို့ မသင့်ဘူး၊ အန့်တီ့ကိုတော့ အားနာပါတယ်၊ ကျွန်တော် ဆက်မရိုက်နိုင်တော့ဘူး၊ တခြားတစ်ယောက်ကိုရှာပြီး ရိုက်လိုက်ပါတော့'

ဆုံမှတ် လှည့်ထွက်လာတော့ လေးနက်က အနောက်မှအူယားဖားယားပြေးလိုက်လာသည်။



## အခန်း (၇)

လေးနက်က ဆုံမှတ်ကို ကန်တော်ကြီးမျှော်စင်ကျွန်းထဲသို့ ခေါ်လာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဒီနေ့ ရှိုးပွဲရှိသည်ထင်သည်။ သူတွေ ကျိတ်ကျိတ်တိုးနေကြသည်။ ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ရင်း သူတို့နှစ်ယောက် ဘီယာသောက်နေကြသည်။

လေးနက်က ဆုံမှတ်ကို စိတ်ပြေရာပြေကြောင်း နှစ်သိမ့်နေသည်။

'တော်ပြီကွာ. . ငါ့ခေါင်းထဲမှာ ကျိုင်တွေ ပူနေပြီကွ၊ ဘာမှ ပြောချင်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်းက လိမ္မာပါတယ်ကွာ. . ၊ မင်း ဒီလိုထွက်သွား
တော့ ကျန်တာတွေ ဘယ်လိုလုပ်မလဲ. . မီးထိုးမှန်ထိုးကအစ daily
actor တွေအဆုံး မင်းကို မှီခိုနေရတာ ထည့်တွက်ဦးမှပေါ့'

'တော်ကွာ. . တဆိတ်ရှိ ဒါနဲ့ပဲ ခြိမ်းခြောက်နေ'

လေးနက်က သဘောကျပြီး တဟားဟားနှင့်အော်ရယ်နေ
သည်။

ထိုစဉ်မှာပဲ ရှန်းရင်းဆန်ခတ်မြင်ကွင်းလေးတစ်ခုက ဆုံမှတ်
မျက်လုံးထဲသို့ တန်းခနဲ ဝင်ရောက်လာသည်။

'ခင်ဗျားတို့ကို လူလို ပြောနေတာနော်၊ ဝင်ကြေးက လေး
ထောင့်ငါးရာ၊ နှစ်ယောက်ဆိုတော့ ကိုးထောင်၊ ပေးနိုင်ရင်ဝင်၊ ဝင်
ကြေးမပေးဘဲနဲ့တော့ ဒီဂိတ်ကနေ လုံးဝဖြတ်ခွင့်မရှိဘူး'

သားအဖနှစ်ယောက်ဖြစ်ပုံရပါသည်။ ကောင်မလေးက ဝ
ဝတုတ်တုတ် ချစ်စဖွယ်လေးပါ။ သူ့အဖေလက်ကို တင်းတင်းဆုပ်
ကိုင်ထားရင်း

'ကျွန်မမှာ နှစ်ထောင်ပဲ ပါတယ်၊ ကျွန်မအဖေက အရမ်း
ကြည့်ချင်နေလို့ တောင်းပန်ပါတယ် အစ်ကိုတို့ရယ်၊ ကျွန်မတို့ စင်နော





ကိုမသွားပါဘူး၊ စင်နောက်ကနေပြီး သူတို့သီချင်းဆိုတာ နားထောင်
ပါ့မယ်ရှင်'

ကြားရတာ ရင်ထဲမှာ မကောင်းပါ။ အဖေလုပ်သူက သိပ်
ပြီး ကျပ်ပြည့်ပုံမရပါ။ အခြေအနေက တင်းမာနေသည်။ ဂိတ်ပေါက်
က အစောင့်တွေက ခုပဲ ဆွဲထုတ်တော့မည့်အတိုင်း။ ဝဝနဲ့ကောင်မ
လေးကလည်း လုံးဝဖွဲ့မလျှော့။ လူတွေကလည်း ကွက်ကြည့်ကွက်
ကြည့်လုပ်နေကြသည်။ အဲဒီကောင်မလေးကိုကြည့်ပြီး တချို့ကလည်း
ပိုင်းဟားနေကြသည်။

'ခင်ဗျားတို့ ပြောလို့မရရင် ဆွဲထုတ်မှာနော်'

သူတို့သားအဖက မျက်နှာငယ်ကလေးနှင့် ကြောင်တောင်
တောင်လေး ငေးကြည့်နေသည်။ ပြန်လှည့်ဖို့လည်း သတိရပုံမပေါ်
ပါ။ ဆုံမှတ် ပွဲကြည့်ပရိသတ်လုပ်မနေနိုင်တော့။

သူ့ခြေထောက်တွေက ထိုနေရာသို့ အလိုလိုရောက်သွားကြ
သည်။

'ညီလေး ဒီမှာ ကိုးထောင်၊ သူတို့ကို ပေးဝင်လိုက်ပါကွာ'

'ဟုတ်. . . ဟုတ်ကဲ့ပါ အစ်ကို'



www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိသတ်တွေထဲမှ ဆုံမှတ်ကိုသိနေပုံရသော ကောင်
မလေးတွေ၏အသံ ထွက်လာကြသည်။

'ဒါရိုက်တာဆုံမှတ်တော့၊ ချောလိုက်တာဟယ်. . သူပဲ မင်
သားလုပ်ဖို့ ကောင်းတာ'

ဒါရိုက်တာဆုံမှတ် ဆိုပါလား။ ပင်စည် သူ့ကို သိပ်ကြိုက်
တာ။ သူရိုက်တဲ့ကားတွေကိုလည်း ရုံမှာ မလွတ်တမ်းကြည့်ပြီး အား
ပေးခဲ့ရတာ။ ပင်စည် ဆုံမှတ်ကို မဝံ့မရဲ လှမ်းကြည့်မိသည်။ ချော
လိုက်တဲ့မျက်နှာ။ ယောကျ်ားတန်မဲ့ မျက်နှာမှာ ဘာအဖုအပိန့်မှမရှိ
ပင်စည်တို့နှင့်များ ကွာပါ့။ အသားလေးက ဝင်းဖန့်နေသည်။ မျက်
ခုံးလေးက ထူထူလေး။ စိမ်းညို့နေသည့် ထိုမျက်ခုံးများအောက်မှည
အားပြင်းသည့် မျက်လုံးရီဝေဝေလေးတစ်စုံ။ အနားသတ်ပေါ် လွှင်
သည့် ပိပိရိရိနှုတ်ခမ်းလေး။ တကယ့်ကို မင်းသားပါလား။ ပင်စည်
မှာ ငမ်းကောင်းကောင်းနဲ့မို့ ကျေးဇူးတင်စကားတောင်မှမဆိုနိုင်ရှာ

'ဟိတ်. . ဘာရပ်လုပ်နေတာလဲ၊ ဝင်လို့ရပြီလေ၊ မဝင်ချင်
သေးရင်. . ဟိုဆိုင်ထဲမှာ လာထိုင်လို့ရတယ်၊ အအေးလေးဘာလေး
လိုက်သောက်ပေါ့'





ဩဇာသံအပြည့်။ ဘယ်လိုနားထောင်လို့ ကောင်းမှန်းကို
မသိပါ။

'သမီး. . ငါ အအေးသွားသောက်တော့မယ်၊ နှစ်ခွက်၊ သုံး
ခွက်၊ လေးငါးခွက် သောက်မယ်၊ ဟေ. . ဟေး. . ဗေတိုးဗုံ'

အဘိုးကြီးက ပြောပြောဆိုဆိုပင် ဆိုင်ထဲသို့ပြေးဝင်သွား၏။

'အစ်ကို ကျေးဇူးအများကြီးတင်ပါတယ်ရှင်၊ ခုနက အစ်ကို
ဝိုက်ပေးတဲ့ ပိုက်ဆံကို ကျွန်မ အလုပ်ရရင် ပြန်ဆပ်ပါ့မယ်'

'No, no လုံးဝ ပြန်ဆပ်စရာမလိုဘူး၊ အစ်ကို မင်းတို့သား
အဖနဲ့ ရေစက်ပါလို့ ဒါနပြုခွင့်ရတယ်လို့ပဲ မှတ်ပါတယ်'

အအေး သုံးလုံး(လိမ္မော်၊ စပါကလင်၊ လိုင်ချီး)ကို ရှေ့မှာချ
ပြီး မုန့်တွေ ပလုတ်ပလောင်း စားနေသော ဦးခနကို လေးနက်က
သဘောကျစွာ ကြည့်နေသည်။

ဆုံမှတ်က

'ဦး. . ဘာစားဦးမလဲ၊ ထပ်မှာပေးမယ်လေ'

'နေဦး၊ ငါ ဒါတွေ ကုန်အောင် စားလိုက်ဦးမယ်၊ တော်ကြာ
ဟိုဝက်မလေး ဦးသွားရင် ငါငတ်သွားမှာ စိုးလို့'



www.burmeseclassic.com

www.burmeseclassic.com



'အဖေနော်၊ သမီးကို အရှက်ခွဲပေါင်း များနေပြီ၊ နောက်ဆို အဖေ့ကို ဘယ်မှမခေါ်တော့ဘူး'

ပင်စည် မျက်ရည်တွေ စီးကျလာသည်။ ဆယ့်ကိုးနှစ်အရွယ် အပျိုမလေးမှာ အရှက်တရားကတော့ ရှိတာပေါ့။ ဘဝပေးအခြေအ နေအရ ဒီခန္ဓာကိုယ်ဖြစ်နေပေမယ့် ပင်စည်လည်း လူထဲက လူပဲလေ ခံစားတတ်တာပေါ့။

'ဒါ. . မင်းအဖေလား၊ မင်းနာမည်က. .'

'ပင်စည်ရှင်ပါ အစ်ကို'

ကြိုးကြာသံလား၊ ဥဩသံလား။ အသံလေးကတော့ အလာ သား။ တော်တော်သာယာသည့် အသံလေး။

'စပ်စုတယ်လို့ မထင်ပါနဲ့. . ဘယ်ကနေ လာကြတာလဲ'

'မြောက်ဒဂုံကနေ လာကြတာပါ။ပင်စည်က အဖေ့ကို သနား လို့ခေါ် လာခဲ့တာ၊ ဒီရောက်တော့ အဖေက စတိတ်ရှိုးကြည့်မယ် လုပ် လို့. . ပြဿနာတွေတက်ကုန်တာ၊ အစ်ကို ဝင်ကယ်ပေလို့ပဲ'

'ဒါတွေ ပြောမနေပါနဲ့လေ၊ မင်းအဖေ ဒီလိုဖြစ်နေတာ ကြာ ပြီလား'





'ပင်စည် ငယ်ငယ်လေးကတည်းကပဲ. . ကြီးမေ ပြောတာ ကတော့ အမေထွက်သွားပြီးနောက်ပိုင်းမှ ဒီလိုဖြစ်သွားတာတဲ့'

ဦးနေက စားသောက်နေရင်းမှ ဆုံမှတ်ကိုလှမ်းပြီး

'ဟဲ့. . ကောင်လေး၊ နင်က ဘာလုပ်တာလဲ'

ဟု အတည်ပေါက်ကြီးနှင့် စပ်စုသည်။ လေးနက်က ဝင်ဖြေ ပေးသည်။

'သူက ဒါရိုက်တာလေ၊ ဦး. . သူရိုက်တဲ့ကားတွေ ကြည့်ဖူး တယ် မဟုတ်လား'

'ဩော်. . ဒါရိုက်တာကိုး၊နေပါဦး. . ဒါရိုက်တာဆိုတာ ဘာ လုပ်ရတာလဲ'

'မင်းသားတွေ မင်းသမီးတွေကို ညွှန်ကြားပြီး. . ဇာတ်ကား ဖြစ်အောင် ရိုက်ရတာလေ'

'ဟုတ်ပြီ. . ဟန်ကျတာပဲ၊ ငါ့မိန်းမလည်း ရုပ်ရှင်မင်းသမီးပဲ၊ မင်းတို့ သူ့ကိုသိမှာပေါ့ကွ'

ဦးနေစကားလည်း ဆုံးရော၊ ပင်စည်က ဝင်ပြီး တားသည်။

'အဖေနော်၊ ပေါက်တတ်ကရတွေ ပြောပြန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ပြောပါစေကွာ. . သူ စိတ်ချမ်းသာသလို ပြောပါစေ'

လူပျော်လူနောက်ဖြစ်သူ လေးနက်က

'ဦး ပြောတဲ့ ဦးမိန်းမ မင်းသမီးနာမည်က ဘယ်လိုခေါ်လဲ'

'စိုးခေတ်ချိုလေ အကယ်ဒမီတောင်ရပြီးပြီ၊ ငါ့မိန်းမ ဘယ်လောက်လှလဲဆို မင်းသမီးတွေထဲမှာ အလှဆုံးပဲ'

'ဟား. . ဟား. . ဟား'

လေးနက်က သဘောတွေကျပြီး တဟားဟားရယ်နေသည်၊ ဆုံမှတ်ပါ ပြုံးစစဖြစ်လာသည်။

'အဖေ'

'ဘာတုန်း'

'အဖေနဲ့တော့ စိတ်ညစ်တာပါပဲ'

သောကတွေနဲ့ ဖွဲ့တည်နေသောမျက်နှာလေးကို ကြည့်ပြီး ဆုံမှတ် ရင်ထဲတွင် သနားလာသည်။

နုနယ်ငယ်ရွယ်သော အရွယ်ကလေးနှင့် အဖေ စိတ်ရောဂါဝေဒနာသည်ကို ဘယ်လို ထိန်းပြီး ဘာတွေ လုပ်ကိုင်စားသောက်နေသလဲ မသိပါ။





'အစ်ကိုတို့ အဖေပြောတာတွေ ဇွဲမယူပါနဲ့ရှင်၊ ပါးစပ်ထဲရှိတာ လျှောက်ပြောနေတာ'

ဘယ်သူက ယုံမှာတဲ့လဲ။ ဟိုက Ruby စိန်ဆိုင်များရဲ့ပိုင်ရှင် သူဌေးကြီး ဦးအောင်မွန်ဆင့်ရဲ့ကတော်။ မိုးနဲ့ မြေပြင် ဘယ်လို စပ်ဟပ်လို့ရမှာလဲလေ။ လေးနက်က

'ဦး သူများတွေကိုလျှောက်မပြောရဘူးနော်၊ တော်ကြာ. . သူ့ယောက်ျားကြားသွားရင် ဦးကို ပြဿနာရှာနေဦးမယ်'

'ဟုတ်လား၊ ဒါပေမယ့် စိုးခေတ်ချိုက ငါ့မိန်းမပါကွ၊ သူက ငါ့ကို စောင့်နေတဲ့. . သူပြန်လာမှာလို့ သေချာပြောသွားတာ'

ဒီတစ်ခါ တွေဝေသွားသူက ပင်စည်ရယ်ပါ။

သူ့မအမေက ဘယ်သူမှန်း မသိပေမယ့် အကယ်ဒမီစိုးခေတ်ချိုကိုတော့ ပင်စည်က crazy ဖြစ်လွန်းသည်။

သူပါတဲ့ကားတွေဆို မလွတ်တမ်းကြည့်သည်။ အဲသလောက်ထိ ချစ်တာပါ။

ခုကျတော့ အဖေ လျှောက်ပြောတာနှင့်ပဲ အမေနေရာမှာ စိုးခေတ်ချိုကို ထားကြည့်ရမလိုဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို. . ကူညီလက်စနဲ့ ကျွန်မကို အလုပ်လေး တစ်ခုလောက် ရှာပေးနိုင်မလားဟင်'

'မင်းက ဘာလုပ်ချင်လို့လဲ'

'ကျွန်မ တကယ်ဝါသနာပါတာက သရုပ်ဆောင်တာပါ၊ အစ်ကိုက ဒါရိုက်တာဆိုတော့ အားကိုးပါတယ်ရှင်၊ ဘယ်နေရာကပဲ ပါရ. . ပါရ၊ ကျွန်မ လုပ်နိုင်ပါတယ်'

လေးနက်က တစ်ဖက်သို့လှည့်ပြီး ရယ်နေသည်။

ဆုံမှတ်မှာက လူတစ်ဖက်သားကို နှိမ့်ချလိုစိတ် မရှိသလို သူတစ်ပါး၏ အားနည်းချက်ကို ပျက်ရယ်ပြုတတ်သူလည်း မဟုတ်ပါ။

'ကောင်းပြီလေ၊ သင့်တော်တဲ့နေရာရှိရင် အစ်ကို ခေါ်လိုက်ပါ့မယ်၊ ဒါပေမယ့် အလုပ်က အမြဲတော့ ရှိမှာမဟုတ်ဘူးနော်. . . . တခြားအလုပ်လည်း ရှာကြည့်ဦးပေါ့၊ ဒါနဲ့. . မင်း ကျောင်းနေတယ်မဟုတ်လား'

'ဟုတ်၊ ဒုတိယနှစ် ဓာတုဗေဒပါ၊ အဝေးသင်တက္ကသိုလ်မှာ တက်နေပါတယ်'





'အေးလေ. . ကြိုးစားပေါ့၊ လိပ်စာနဲ့ ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ် ပေးထားခဲ့လေ၊ မင်း ပါရမဲ့ အခန်းကျရင် လှမ်းခေါ်လိုက်မယ်လေ'

'တကယ်. . တကယ်လား အစ်ကို၊ အောင်မယ်လေး ဝမ်းသာလိုက်တာတော်'

ပေးခနဲ အော်ပြီး၊ ဝုန်းခနဲ ထခုန်လိုက်တာ လူကို လိပ်ပြာလွင့်မတတ်။

'ဟ. . . ဖြည်းဖြည်းလုပ်ပါဟ. . .၊ မင်းပျော်တာကလည်း ကြောက်စရာလန့်စရာကွာ'

'ဟီး. . ဟီး. . ပျော်တာကိုး၊ ကျွန်မလိပ်စာက အမှတ်( )၊ ( ) လမ်း၊ ၄၃ ရပ်ကွက်၊ မြောက်ဒဂုံပါ အစ်ကို၊ ဖုန်းတော့ မရှိဘူး၊ လမ်းထိပ်အိမ်ကတော့ ဖုန်းလာရင် ခေါ်ပေးတယ်လေ၊ နံပါတ်က ( )ပါ'

'ဟုတ်ပြီလေ၊ ကဲ. . ကဲ. . ပွဲစနေပြီ ဝင်ကြတော့'

'ဟဲ့. . ကောင်လေး၊ ကျေးဇူးတင်တယ်နော်၊ နောက်တွေ့ရင်လည်း ကျွေးဦးနော်. . တာ့တာ'



www.burmeseclassic.com

www.burmeseclassic.com



ဒီသားအဖဒုက္ခကလည်း မသေးပါလား။ လေပူတစ်ချက်ကို သူ မှုတ်ထုတ်လိုက်သည်။

'ဆုံမှတ်. . . အန်တီစိုးက တော်တော် စန်းပွင့်တာပဲနော်။ ဟား . . ဟား'

'ကဲ. . ပြီးရင် ထ၊ ပြန်မယ်ကွာ'

■



## အခန်း (၈)

ပြောရဦးမယ် သိလား။ ညတုန်းကလေ ကျွန်မ အိပ်မက် လှလှတွေ မက်နေတာ။ ကျွန်မရဲ့မင်းသားလေးက ကိုရီးယားကား တွေထဲကလို ကျွန်မကို သူ့ကျောပေါ် တင်ပြီး ကုန်းပိုးထားတာ။ သူ့ ကို သနားလို့ ကျွန်မက ခန္ဓာကိုယ်ကို အသာလေးဖော့ထားတာပေါ့။ ဒါတောင်မှ သူ့မှာ ဟောဟဲ ဟောဟဲနဲ့ လျှာထွက်နေသေးတာ။

သူက မေးတယ်။ မရောက်သေးဘူးလားတဲ့။ ရောက်စရာ သားလို့၊ ဘယ်သူက ရောက်ချင်ဦးမှာလဲ။ ဒီလိုအရသာလေးကို လို ချင်လို့ ကျွန်မက မရောက်သေးဘူးလို့ လှမ်းလည်းဖြေလိုက်ရော သူ



www.burmeseclassic.com

www.burmeseclassic.com



ကလေ ဒေါသတကြီးနဲ့ မရောက်သေးရင် နင့်ဟာနင် ဆင်းလျှောက်တော့ဆိုပြီး ဘုံးဆို လွှတ်ချပစ်လိုက်ရော။

ကျွန်မ လန့်ဖျပ်ပြီး နိုးလာတာပေါ့။ လူလည်း ခုတင်ပေါ်က ပြုတ်ကျပြီး အီဆိမ့်နေပြီလေ။

'ရက်စက်လိုက်တာ အစ်ကိုရယ်၊ လုပ်ရက်ပါပေ့'

ခဏကလေး တွေ့ရပေမယ့် တိတ်တခိုးတွယ်တာခွင့်တော့ ရှိတယ်မဟုတ်လား အစ်ကို။ ကျွန်မရဲ့အိပ်မောကျနေတဲ့ နှလုံးသားလေးကို အစ်ကိုက လာပြီး ပုတ်နှိုးသွားတာကိုး။ ကျွန်မ ဆက်ပြီးအိပ်ဦးမယ် သိလား။ အစ်ကိုနဲ့ အိပ်မက်ထဲမှာ ထပ်ဆုံချင်သေးတယ်၊

ကျေးဇူးပြုပြီး ကျွန်မကို ဘယ်သူမှလာမနှိုးကြပါနဲ့။ လာနှိုးတဲ့သူ ကျွန်မရန်သူပဲ။

ကျေးဇူးရှင်အစ်ကို၊ ညို့အားပြင်းတဲ့ အစ်ကို၊ ဘေယောင်ဂျွန်းထက် သာတဲ့ အစ်ကို၊ ဂျွန်စောထက်လည်း ပိုချောတယ်၊ ရိန်း ဆို သူ့ခြေဖျားတောင် မီမှာမဟုတ်။ တကယ်ပြောတာပါ။

ကျွန်မနှလုံးသားက အခုမှအိုဗာတိုင်ဆင်းရတာ၊ အရမ်းခိုင်းပြီး အလုပ်တွေ များနေလို့ပေါ့။ အစ်ကို ပြုစားရက်တယ်နော်။





'ကြီးမေ. . ပင်စည်ရှိလား၊ သူ့ဖုန်းလာနေတယ်'

လမ်းထိပ်ဆိုင်က အစ်မကြီးအသံပါလား။ ဒါဆို. . အစ်ကို ဆက်တာပဲ နေမှာ။ ကြီးမေက

'နေပါဦး၊ ဘယ်သူဆက်တာတဲ့လဲ'

'ယောကျာ်းအသံပဲ'

ကြည့်စမ်း။ ပင်စည်မတို့ ဘာတွေ ရှုပ်ရှုပ်ထုတ်ထုတ် လုပ်လာပြန်ပြီလဲ မသိဘူး။

'ကြီးမေ. . သမီး ဖုန်းသွားကိုင်လိုက်ဦးမယ်နော်'

ကြီးမေ မေးချိန်မရမီ ပင်စည် သုတ်ခြေတင်ခဲ့တော့သည်။ အပျော်တွေ လွန်ပြီး ခြေထောက်က မြေကြီးနှင့်သိပ်မထိချင်ပါ။ လမ်းထိပ်ကဆိုင်ကို ဘယ်လိုရောက်လို့ရောက်သွားမှန်း မသိလိုက်။အမယ် ဒါမှိုကျ လူနှင့်မလိုက်အောင် ခန္ဓာကိုယ်ကြီးက ပေါ့ပါးနေလိုက်တာ။

'ဟဲလို'

'ပင်စည်ရှင်လား'

'ဟုတ်ကဲ့ အစ်ကို၊ စောင့်နေရလို့ တောင်းပန်ပါတယ်နော်'

'ပင်စည်၊ မင်း မနက်ဖြန် အားလား'



www.burmeseclassic.com

www.burmeseclassic.com



'အား . . အားပါတယ် အစ်ကို'

'အားရင် ရှုတင် ခဏလာခဲ့လေ၊ နည်းနည်းပါးပါး အရင်လေ့လာပြီးမှဝင်ပါတော့ ပိုကောင်းတာပေါ့'

ဟား . . ပျော်လိုက်တာ အစ်ကိုရာ။ အစ်ကိုက ကျွန်မကို အလေးထားတယ်ပေါ့။ သူများတွေနဲ့မတူတာက အစ်ကို ကျွန်မကို စာနာတတ်တယ်။ မလှောင်ပြောင်တတ်ဘူးလေ။ ဒီလိုခန္ဓာကိုယ်နဲ့ sizeကြီးကြီးမိန်းမတစ်ယောက်ကို လူရာသူရာသွင်းပြီး သူရိုက်တဲ့ကားတွေမှာ ပေးပါဦးမတဲ့။ အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်။

'ပင်စည်'

'ရှင်'

'ဘာတွေ စဉ်းစားနေတာလဲ'

'လာခဲ့မယ် အစ်ကို၊ ကျွန်မ ဘယ်နေရာကို လာခဲ့ရမလဲဟင်'

'သီရိဂုဏ်အိမ်ရာကို သိတယ်မဟုတ်လား၊ အဲဒီမှာ ခြံနံပါတ်( )ကို လာခဲ့လိုက်လေ'

'ဟုတ် . . လာခဲ့မယ်အစ်ကို စိတ်ချ'





တစ်ဖက်မှ ဖုန်းချသွားပါသည်။ ကျွန်မ နားထောင်ချင်သေးတာ အစ်ကိုမသိဘူးလားကွယ်။ စွဲလမ်းလို့ ပြောင်းဆန်နေပြီ အစ်ကို။ အားငယ်တဲ့အခါ၊ ဝမ်းနည်းနာကျင်တဲ့အခါ အစ်ကို့ရဲ့နှစ်သိမ့်မှုတွေ၊ ဆွဲဆောင်မှုရှိတဲ့အသံလေးတွေကို အခါမလပ် ကြားချင်နေတဲ့ ပင်ညီပါ အစ်ကို။ ဖုန်းလာခေါ်ပေးသော မိန်းမက စပ်ဖြဲဖြဲရုပ်ဖြင့်

'ပင်စည်၊ မလာစဖူး ဖုန်းတွေဘာတွေ လာလို့ပါလား၊ ဘာလဲ ဘဲတွေဘာတွေ ရနေပြီလား'

'အစ်မနော်၊ ကျွန်မရုပ်၊ ကျွန်မခန္ဓာကိုယ်ကြီးကို ဘယ်သူက ကြိုက်မှာလဲလို့၊ လာနောက်နေတယ်'

'ဟဲ့ . . ငါက စိတ်ဝင်စားလို့ပါဆို၊ ပြောပြ၊ ခုနက ကောင်လေးက ဘယ်သူလဲ'

'ဒါရိုက်တာ'

'နင့်သူငယ်ချင်းလား'

'မဟုတ်ဘူး'

'ဘာလဲ ဒါဆို သူငယ်ချင်းလည်းမဟုတ်၊ ရည်းစားလည်းမဟုတ်ဘူးဆိုတော့'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးရှင်၊ သူက ကျွန်မကို အလုပ်ရှာပေးတာ၊ အစ်မ
ရေ. . ကျွန်မ သွားတော့မယ်နော်'

မြူးကြွသောခြေလှမ်းများဖြင့် ဒေါင်းမလေးလို ကြွကြွရွရွ
လေး လှမ်းထွက်သွားသော ပင်စည့်ကို မမိုးသူက အော်ပြီး အားပေး
စကား ဆိုဖြစ်အောင် ဆိုလိုက်သေးသည်။

'အားမငယ်နဲ့ ပင်စည်ရေ. . . လှတာ ပြုတ်စားလို့ မရဘူး
ဟဲ့၊ ဝတာက ဖက်ထားလို့ရတယ် ဆိုတဲ့လူမျိုးတွေ ရှိပါသေးတယ်
အဲဒီလိုလူမျိုးနဲ့ တွေ့အောင် ဆုသာတောင်းပေတော့'

'ဟူး' လူဖြစ်ရတဲ့ ဒုက္ခ. . တဲ့။ မျိုးကြောမြိုင်ကလေ လူဖြစ်
တာများ ဒုက္ခတဲ့။ ဒီက ပင်စည်ရှင်က လူစင်စစ်က ဝက်ဖြစ်နေတော့
ဘယ်လိုဆိုရမှာလဲ၊ ဝက်ဖြစ်ရတဲ့ ဒုက္ခပေါ့နော်။

■



အခန်း (၉)

မီယံနှင့် မရိုက်တော့ဘူးဟု ယတိပြတ် ငြင်းဆိုထားသော
ကြောင့် ဆုံမှတ်အိမ်သို့ လူအဝင်အထွက်များလာသည်။

ဦးဆုံးရောက်လာတာက မီယံ၏မိတ်များဖြစ်သည်။ Ruby
အုပ်စုရဲ့ ပိုင်ရှင် ဦးအောင်မွန်ဆင့်ကို ဆုံမှတ်က ပထမဆုံးအကြိမ်
တွေ့ဖူးခြင်း ဖြစ်လေရာ အန်တီစိုးက အလိုက်တသိပင် ရင်းနှီးမှုရ
အောင် ကြိုးစားပေးပါသည်။

'သားသမီးမကောင်း မိဘခေါင်း. . တဲ့၊ အန်တီတို့ ဆုံမ
ဘာ ညှဲလို့ပါ သားရယ်၊ မီယံလေးက သားရဲ့ ညီမအရွယ်ပါကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ညီမလေးလို သဘောထားပြီးခွင့်လွှတ်ပေးဖို့ အန်တီနိုးက အနူး အညွတ် တောင်းပန်ပါတယ် သားရယ်၊ အန်တီ့ယောကျ်ားကလည်း သားကို ကိုယ်တိုင်လာပြီး တောင်းပန်တာပါ'

'ဟုတ်ပါတယ် မောင်ဆုံမှတ်၊ သမီးကိုလည်း လာတောင်း ပန်ခိုင်းထားပါတယ်၊ ဦးသမီးကို ကိုယ့်တပည့်တစ်ယောက်လိုသဘော ထားပြီး အစစအရာရာ ပြောဆိုဆုံးမနိုင်ပါတယ်၊ မိဘမျက်နှာ ကြည့် နေစရာ ထောက်နေစရာ လုံးဝမလိုဘူး၊ ဦးတို့နှစ်ယောက်လုံးက အ ပညာဝါသနာပါတာဆိုတော့ သမီးလေးကို ဒီနယ်ပယ်မှာနာမည်တ လုံးနဲ့ရပ်တည်နိုင်တဲ့အထိ မိဘတာဝန်ကျေအောင် ပံ့ပိုးပေးသွားမှာပ ဦးတို့တောင်းပန်တာကို အသိအမှတ်ပြုတယ်ဆိုရင် သမီးနဲ့ ရိုက်လ စ ကားတွေကို ပြန်ရိုက်ပေးဖို့ မေတ္တာရပ်ခံပါရစေ'

ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကို သူ မရိုင်းပျချင်ပ စိတ်ထဲက ပါ၍တော့ မဟုတ်ပါ။ Producer က နေ့တိုင်း လာ ချော့မော့ပြောရှာသည်။ သူကလည်း ကျေးဇူးရှင်လေ။ ခက်. . ခ ရချည်ရဲ့။

ဆုံမှတ်ရယ်. . မင်းမှာ ရွေးစရာလမ်း မရှိတော့ဘူးလား





မိယံက နောက်ဆုံး လာတောင်းပန်သည်။ မိဘတွေ ဘယ်လောက် နှိပ်ကွပ်လိုက်သလဲ မသိပါ။ အပိုးကျိုးကာ အချိုးတွေပြောင်းပြီး ဆုံမှတ်ကို ထိုင်ကန်တော့သည်။

'မိယံ နောက်ဆို မဆိုးတော့ပါဘူး ဆရာ၊ ဆရာ ပြောသလို ကြိုးစားပြီး လုပ်ပါ့မယ်၊ ဆရာက မိယံ နားမလည်တာတွေ၊ မတတ်တာတွေကို သင်ပြပေးဖို့ တောင်းပန်ပါတယ်နော်'

ဒီလိုဆိုတော့လည်း သနားဖို့ကောင်းနေပြန်သည်။ အဘက်ဘက်က စဉ်းစားပြီးနောက်မှာတော့ သူပဲ အလျှော့ပေးလိုက်ရပါသည်။ Producer က ထ,ဖွတော့သည်။ ဂျာနယ်စာမျက်နှာများထက်ဝယ် သတင်းပေါင်းစုံပါလာတော့သည်။

ရေးထားတာတွေလည်း ကြည့်ဦး။

'ဆုံမှတ်တင်တဲ့ ရွှေမင်းသမီး'တဲ့။

'ရွှံ့ကိုင်ရင် ရွှေဖြစ်တဲ့ ဒါရိုက်တာက မိယံကို ကိုင်ပြီ'တဲ့။

'ရုပ်ရှင်တစ်ကား၊ ဗီဒီယို ငါးကား ကန်တော့ပွဲပေး'တဲ့။

'မြူခိုးတွေနဲ့တိမ် ရုပ်ရှင်ကား၏ ဇာတ်ဝင်ခန်းဓာတ်ပုံများ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



(ရုပ်ရှင်က ဘယ်နေမှန်းမသိ၊ ဓာတ်ပုံတွေက ဝေဝေဆာ
ဆာကြီးကို ပါလာတာ။)

လူမေးသူမေးများ၍ ဆုံမှတ်မှာ အပြင်ထွက်ဖို့ မဝံ့မရဲ ဖြစ်
လာသည်။

အထူးသဖြင့် ၃၅လမ်းနှင့်၃၆လမ်းကို ရှောင်ရသည်။ အနု
ပညာရောင်းရင်းတွေကြားမှာတော့ သို့လော၊ သို့လောနှင့် ထိုသတင်း
တွေက Hit ဖြစ်လာသည်။

လူက ရှောင်လို့ရပေမယ့် ဖုန်းက ပိတ်ထားလို့မရပါ။ ရှုတင်
မန်နေဂျာဆီမှ ဖုန်းလာသည်။

'ဆရာ သန်လျင်က ဟိုအိမ်မရဘူးဆရာ၊ လှည်းကူးမှာတော့
. . ဆရာ လိုချင်တဲ့ Antique (ရှေးဟောင်း)ပုံစံနဲ့ အိမ်တစ်လုံး တွေ့
ထားတယ်၊ အဲဒီကို ပြောင်းတည်လိုက်ရမလား'

'ခင်ဗျား location သေချာ ကြည့်ပြီးပြီလား၊ အဲဒီအိမ်ပုံ
ဓာတ်ပုံ အရင်လာပြဦးလေ၊ ပြီးမှဆုံးဖြတ်ကြတာပေါ့၊ Camera က
570 နော်၊ နှစ်လုံးချိတ်ပေးထား၊ ပြီးတော့ ဒီကားမှာအောင်နိုင်သီချင်း
တစ်ပုဒ်သုံးမယ်၊ ကြိုပြီး အကြောင်းကြားထားဦး'





'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဒီနေ့ လုပ်လိုက်ပါ့မယ်၊ ဟို
လေ မင်းသားအဖေနေရာမှာ ဘယ်သူ့ကို ချိတ်ထားပေးရမလဲ'

'ဦးအောင်လွင်ကို ချိတ်ပေး၊ မင်းသမီးအစ်မနေရာက တက္က
သိုလ်ဂွမ်းပုံကို ထားမယ်၊ နေဦး မှော်ဘီဘက်မှာ ဂန္ဓမာပန်းခင်းတွေ
ရှိတယ်လို့ပြောတယ်၊ အဲဒီနေရာကို ကျွန်တော် ရိုက်ချင်တယ်'

'ကောင်းပြီ ဆရာ၊ ဒါပဲလား မသိဘူး'

'ဒါပါပဲ'

ဒါရိုက်တာဆုံမှတ်က သူ့ကားတွေမှာ ရှုခင်းလှလှလေးတွေ၊
ရိုက်ချက်ဆန်းဆန်းလေးတွေ သိပ်သုံးသည်။ ဥပမာ . မင်းသားက
မင်းသမီးကို ရည်းစားစကားပြောတဲ့အခန်း(သူများတွေဆို အိမ်ထဲမှာ
ပဲ ပြီးစလွယ်ပြောခိုင်းမှာပေါ့။) သူကတော့ ရေတံခွန်လေးလို၊ Sea
beach လို၊ မြစ်ကမ်းနံဘေးလို နေရာမျိုးတွေကို နောက်ခံထားပြီးမှ
ပြောစေသည်။

ပန်းရှားတဲ့မြေကြီးတွေမှာ ပန်းအတုတွေ စိုက်ပြီး back-
ground လှလှလေးထားပြီး Romance ဖြစ်အောင် ရိုက်သည်။

ကလောမှာ အကြမ်းကား သွားရိုက်တုန်းက သူ့လို ဒါရိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကို မင်းသား လက်ဖျားခါသွားသည်။ မင်းသားက ဒီနေ့ဒီအချိန်မှာ Producer တွေ ဝိုင်းလိုက်နေတဲ့ ဈေးအကြီးဆုံးမင်းသား။ အားလုံးက သူ့ကို ဖားနေရချိန်။ ရက်ပေးတာက တစ်ပတ်။ ထိုတစ်ပတ်မှာ သုံးရက်လောက် သူက ခုတ်ချင်သေးသည်။ ဒို့ပြင် ဆိုင်းပြောင်တာတွေ၊ ကြော်ငြာသွားရိုက်တာ၊ ပိုစတာရိုက်တာတွေနှင့် ရှုပ်ယှက်ခတ်နေသည်။

ဆုံမှတ် ဘာလုပ်တယ် ထင်လဲ။ မင်းသား ရေခုတ်လို့ မအောင် ကလောကိုခေါ် သွားသည်။ မနက်ခြောက်နာရီဆို ရှူတင်တည်ပြီ။ တစ်ခါတလေဆို night sceneပါထပ်တည်လိုက်သေးသည်

မြင်းစီးတဲ့အခန်း ရိုက်တော့ မင်းသားက မင်းသမီးကို မြင်နှင့်တင်ပြီးခိုးလာသည်။ မင်းသမီးအဖေသူကြီး သိတော့ မြားနှင့်လှမ်းပစ်သည်။ မင်းသမီးကို မြားမှန်သွားပြီး ဒဏ်ရာရနေသည်။ မင်းသားက ရင်ခွင်ထဲမှာ မင်းသမီးကိုထားပြီး တိတ်တဆိတ်ကျိတ်ငို ငိုနေမည်။

ဖြစ်ရမှာက ဒီလို။ ဒါပေမယ့် မင်းသားက နောက်တစ်ခါပြန်ရိုက်တော့ မင်းသမီးကို အနောက်မှာတင်ပြီး စီးသည်။





ရွှဲတာလား၊ တမင်လုပ်တာလားတော့မသိ။ ဆုံမှတ်က ဘာပြောတယ်ထင်လဲ။

'ဒီမှာ မင်းသား၊ခင်ဗျားရည်းစား မြားထိရင် ဒီလိုပဲ အနောက်မှာထားပြီး စီးပေါ့၊ ခုတော့ ကျွန်တော့်ရည်းစားလို့ သဘောထားပြီး . . ခင်ဗျားရင်ခွင်ထဲ ခဏထည့်ပေးထားဦးဗျာ'

မင်းသား လက်လန်ပြီး တစ်ခါတည်း အပိုးကျိုးသွားသည်။

သူက ဒီလိုဒါရိုက်တာ။ စည်းစနစ်ကြီးသည်။ အချိန်တိကျသည်။ သူ့လက်အောက်မှာအလုပ်လုပ်တဲ့သူတွေကို ကြင်နာသည်။ ငွေညာတတ်သည်။ မီးထိုးမှန်ထိုးအစ ဇာတ်ပို့ဇာတ်ရံအဆုံး သူ ပြန်ကြည့်သည်။

ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောမို့ အနုပညာသမားတွေကလည်း ဆုံမှတ်ကို ချစ်ကြသည်။

ကိုယ်လိုချင်တာကို ပါးနပ်စွာ ယူတတ်သော ဒါရိုက်တာမို့ သရုပ်ဆောင်တွေက သူ့ဆို မငြူစူရဲကြပါ။ Supporting ပေမယ့် သူရိုက်ပေးလျှင် နာမည်ရပြီး ဈေးတွေ တက်ကုန်ကြသည်။ လူသုံးများပြီး ကားအရေအတွက် များများရိုက်လာရသည်။

ပရိသတ်ကို လေးစားသမှုရှိသော ဒါရိုက်တာမို့ နယ်ရော၊



www.burmeseclassic.com

www.burmeseclassic.com



မြို့ပါ ဆုံမှတ်ကို လက်ခံကြသည်။ မြန်မာပြည် တစ်နံတစ်လျားမှာ သူ့ပရိသတ်တွေ များစွာရှိသည်။ ထိုပရိသတ်တွေထဲတွင် ပင်စည်ရှင် ဆိုတဲ့ ဖက်တီးမလေးက အကဲဆုံးဖြစ်ပါသည်။

ဒါရိုက်တာဆုံမှတ် ရိုက်တဲ့ ကားဆို တစ်ရေးနိုးထပြီး သရုပ်ဆောင်ခိုင်းလျှင်တောင် ပင်စည်က လုပ်တတ်ပါသည်။ ကြည့်ပါများတော့ ဒါရိုက်တာရဲ့အထာကို သူက ညက်နေပြီဖြစ်သည်။

အခုလည်း ဖုန်းလာပြီးကတည်းက မှန်ရှေ့မှာ အိုက်တင်မျိုးစုံ ကျက်နေတော့သည်။ ဒိုင်ယာလော့ ကျက်သည်။ မျက်လုံးအကြည့်ရယ်၊ အသံအနေအထားမှန်မမှန်ရယ်၊ လက်အနေအထားရယ် အားလုံးကို အသေးစိတ်လေ့ကျင့်နေသည်။ သူမရဲ့ပရိသတ်တွေကတော့ အိမ်ဘေးနားက ကလေးတစ်သိုက်ဖြစ်သည်။ မျောက်ပွဲပြနေသည့်အလား ပင်စည်တို့ခြံဝိုင်းလေးထဲမှာ အကျအနကို ထိုင်ပြီး ကြည့်နေကြသည်။ တရုတ်မလေး ရှန်းရှန်းက တရုတ်သံလေးဖြင့်

'မမရှီး ပင်ရှီ. . လူဆိုးမအိုက်တင် လုပ်ပြပါ'

'ရှန်းရှန်းရယ်၊ villain (ဗီလိန်)ပြောစမ်းပါဟဲ့၊ ရတယ်၊ လုပ်ပြမယ်'





ပင်စည်က စည်းထားသော ဆံပင်တွေကို ဖြန့်ချလိုက်ပြီး လက်နှင့် ထိုးဖွပစ်လိုက်သည်။ ဆံပင်တွေက စုတ်ဖွားဖွား ဆိုတော့ သရဲမနှင့်တောင် နှင်လားငါလား မကွဲပြားတော့ပါ။ မျက်နှာကိုပင့်ပြီး မျက်လုံးကိုစွေကြည့်ကာ နှုတ်ခမ်းကို တစ်ဖက်သို့ထောင့်ကပ်ပြီး ကွေးကာ သွားကြားမှထွက်လာသောလေသံဖြင့်

'ဘာ. . ရှောင်ပေးရမယ် ဟုတ်လား. . ၊ ဟင်း. . ဟင်း. . လောကမှာ 'ငါ'တွေ 'နင်'တွေဆိုတာ အနိစ္စတွေတဲ့၊ မမြဲဘူးလို့ပြောတာ ရှင် ကြားဖူးမှာပါ၊ ကျွန်မယောကျ်ားကို မချစ်ပါနဲ့လို့. . ရှင့်မှာ ပြောပိုင်ခွင့်မရှိဘူးလေ. . . ရှောင်ပေးစရာ မလိုဘူးလို့ ကျွန်မ ထင်တယ်၊ ရှင့်ယောကျ်ားပေမယ့် အချိန်မရွေး ကျွန်မယောကျ်ား ဖြစ်လာနိုင်တာပဲ၊ ဟုတ်တယ် ဟုတ်၊ လူတောင်မှ သေရသေးတာပဲဟာ၊ လောဘတွေတက်ပြီး ငါ့ယောကျ်ား၊ ငါ့လင် ဆိုပြီး သိပ်အစွဲထားမနေနဲ့ အစက ရှင့်လင်ကို ကျွန်မ မစွဲပါဘူး၊ ခု ရှင်လာပြောမှပဲ ရှင့်လင်ကို ပိုပြီး ချစ်လာသလိုပဲ ရအောင် ယူတော့မယ် သိလား. . ၊ ဟင်း. . ဟင်း'

မယားငယ်လေသံနှင့် သူများလင်ခိုးမအိုက်တင်တွေက သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုပီပြင်သောအခါ ကလေးတစ်သိုက်က ခဲနှင့်ကောက်ပစ်ကြပါတော့သည်။ (အားပေးပုံများ ပြောပါတယ်။)

'အမယ်လေး . . သေပါပြီတော့၊ ဟဲ့ . . . သေချင်းဆိုးလေးတွေ၊ ဘာလို့ ငါ့ကို ခဲနဲ့ပစ်ရတာလဲ'

'မမပင်စည်က မယားငယ်နဲ့တူနေတာကိုး'

'ငါ တကယ့်မယားငယ်မှ မဟုတ်တာ၊ နင်တို့ လုပ်ခိုင်းလို့ လုပ်ပြရတာလေ၊ တော်ပြီ နင်တို့ကို ဘာမှ မလုပ်ပြတော့ဘူး'

ပင်စည် တကယ်စိတ်ဆိုးသွားမှန်းသိတော့ ဇာတ်မင်းသားလေး ဖိုးဇော်က

'မမပင်စည် စိတ်မဆိုးပါနဲ့ဗျာ၊ နောက်တစ်ခါဆို ခဲနဲ့ မပစ်တော့ပါဘူး၊ ငိုတဲ့အိုက်တင်လေး လုပ်ပြပါဦးနော်'

ဇာတ်ပွဲတွေ မလွတ်တမ်းကြည့်လို့ ဇာတ်မင်းသားဘွဲ့ရထားတဲ့ ဖိုးဇော်ရယ်ပါ။

'ဟဲ့ . . ဟဲ ငါ့နာမည်က dramaပင်စည်တဲ့၊ ကြားဖူးတယ်မဟုတ်လား၊ ကြည့်နေ နင်တို့တွေ မျက်ရည်ပိုးပိုးပေါက်ပေါက်ကိုကျစေရမယ်'





အဓိကဖြစ်သော မျက်လုံးအနေအထားကို ပင်စည်က ပြင်ပါသည်။ ဝမ်းနည်းနာကျင်နေတဲ့ မျက်ဝန်းကလေးတစ်စုံမှာ အရည်လေးတွေ လက်နေသည်။ တုန်ခါနေသောအသံလေးက

'အမေရယ် . . သမီးကို အငယ်ကနေ ချစ်နေခွင့်လေးတော့ ပေးပါနော်၊ အမေ့ဆီက သမီး ဘာမှ မမျှော်လင့်ပါဘူး၊ ကိုယ့်သမီးကို သမီးလို့ခေါ်ပိုင်ခွင့်မရှိတဲ့ အမေ့ကို သမီး နားလည်ပေးပါ့မယ်၊ အမေ့ကိုတော့ ခဏလေးပဲဖြစ်ဖြစ် ကြည့်နေမြင်နေချင်ပါတယ်အမေ၊ သမီးလေ . . သမီး အမေ့ကို လွမ်းတယ်၊ အရမ်းလွမ်းတယ် အမေ'

ပင်စည် အမေ့ကို တကယ်လွမ်းပါသည်။ ခံစားချက်တွေ ကိုက်ဆိုင်သွားတော့ မျက်ရည်တွေကျလာပြီး ကျုံကျုံပါအောင် ငိုပါတော့သည်။

ခြံစည်းရိုးနားမှာ ရပ်ကြည့်နေသော ဆံ့မှတ်မှာ ပင်စည်၏ ဒိုင်ယာလော့တွေ၊ အမူအရာတွေထဲမှာ မျောပါသွားသည်။ ပါရမီရှင့် သန်သောကောင်မလေးပါလား။ ချီးကျူးရပါမည်။ သရုပ်ဆောင်တာ သိပ်ကို ပီပြင်လွန်းသည်။ ရသမြောက်လွန်းသည်။ သူ လိုချင်တာက ပင်စည့်လို Talentရှိပြီး ကြိုးစားချင်သောသရုပ်ဆောင်မျိုး ဖြစ်သည်။

www.burmeseclassic.com



မီယံက လှသည်။ ဆွဲဆောင်မှုရှိသည်။ စွမ်းဆောင်ရည်ကတော့ နတ္ထိ။

ပင်စည်ကျတော့ ဝသည်။ ချစ်စရာကောင်းသည်။ (မုန်လာဥလို ဖြူပြီး ဗူးသီးလို ဝသည်။) အရည်အချင်းရှိသည်။ သရုပ်ဆောင်ကောင်းသည်။

အမှန်က သူတို့နှစ်ယောက်ကို ရောသမမွှေလုပ်ပေးဖို့ကောင်းသည်။

ဆုံမှတ်က ပင်စည်တို့အိမ်ထဲ မဝင်တော့ပါ။ စတွေ့ကတည်းက သူတို့သားအဖကို ကရုဏာသက်မိသူမို့ စားစရာလေးတွေ ဝယ်ပြီး လာတွေ့ခြင်း ဖြစ်ပါသည်။

ပြီးတော့ သူတို့ ဘယ်လောက်နုံချာတယ် ဆိုတာ ကိုယ်တိုင်တွေ့ချင်သေးတာလည်း ပါသည်။ မယုံလို့ မရတော့။ အမှန်အကန်ကို ဆင်းရဲပါသည်။ ထရံပေါက်တွေ ကျဲနေပြီး အိမ်အမိုးက လန်နေပါသည်။ မိုးရာသီမှာ သူတို့ ဘယ်လိုများ နေနေကြသလဲ။

ဆုံမှတ်ရင်ထဲမှာ မကောင်းလှပါ။

သူ့ခြေလှမ်းတွေက နောက်ပြန်လှည့်သွားပါသည်။





ထိုစဉ် မျက်နှာချင်းဆိုင်၌ လက်ကလေးလွဲပြီး ခုန်ပေါက်လာ သီချင်းဆိုလာသော ဦးခနကို တွေ့လိုက်ရသည်။

'ဝမ်း၊ တူး၊ သရီး၊ ဖိုး၊ ဖိုက် . . ပဲလင်းမြွေလို ပြားချပ်ချပ်၊ ငါ့ကြက်မက ဥတဲ့ဥက ငါ့ဥပေါ့'

'ဦး'

ဦးခနက ဆုံမှတ်ကို သေသေချာချာကြည့်ပြီး

'ဩော် . . လက်စသတ်တော့ ကျေးဇူးရှင်လေးကိုး ပြောစမ်း . . ဒီတစ်ခါ ဘာကျွေးဦးမလို့လဲ'

'ဒီမှာ ဦးအတွက် စားစရာတွေ အများကြီး ဝယ်လာတယ် အဝစားနော်၊ အားဆေးလည်း ပါတယ်၊ ဦးသမီးကို နည်းနည်းခွဲကျွေးလိုက်နော်'

'အေး . . အေး . . ကျွေးလိုက်မယ် စိတ်ချ၊ ဒီဝက်မ ဒီထက်ဝအောင် ဟား . . ဟား'

ကလေးငယ်တစ်ယောက်လို စိတ်လွတ်ကိုယ်လွတ် ရယ်ပိုင်ခွင့် ပါမစ်ရထားသော ဦးခနကို ဆုံမှတ်ပင် အားကျချင်လာသည်။

ဟုတ်တယ်လေ . . ကျွန်တော်တို့ လူကောင်းတွေကျတော့



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ ထိန်းချုပ်နေရတာ။ ဘယ်မလဲ လွတ်လပ်ခွင့်။

'ဦး ကျွန်တော့်ကို သွားခွင့်ပြုပါဦး'

'ကျေးဇူးရှင်လေး. . နောက်တစ်ခါလာရင် မုန့်များများဝယ်ခဲ့နော်၊ ငါက ဖေပါက်စီသိပ်ကြိုက်တာ ဝယ်လာခဲ့နော်'

'ဝယ်လာမယ်. . အများကြီးဝယ်လာခဲ့မယ်'

'ဘိုင်းဘိုင်း. . တာ့တာ. . ချဲရီးယို'

နှုတ်ဆက်နည်းပေါင်းစုံဖြင့် နှုတ်ဆက်ပြီး ဦးခနေ ကျန်နေခဲ့ပါသည်။

■



## အခန်း (၁၀)

'morning ဆရာ'

မီယံက ဆရာအရာထားပြီး ရိုသေစွာ နှုတ်ဆက်လာသည်။ ချက်နှာပေါ်မှာ အလှဆုံးအပြုံးကလေးတွေ ဝေစည်လို့။ ငွေရှိတော့ သည်း လုပ်ချင်ရာလုပ်ခွင့်ရှိနေသားပဲလေ။

အစာမကြေသေးပေမယ့် ဝတ်ကျေတန်းကျေ ခေါင်းညိတ်ပြရင်း

'ဒီနေ့ ဗိုင်ယာလော့တွေက ရှည်တယ် မီယံ. . ၊ မထောက်အောင် ကျက်ထားဦး၊ မင်းသား ပေးထားတဲ့ ရိုက်ရက်က နှစ်ရက်ပဲ ကျန်တာ မင်းသိတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'သိပါတယ် ဆရာ၊ မိယံ ကြိုးစားပါ့မယ်'

ဆရာ့ကိုတွေ့ရင် ခုတလော မိယံ့ရင်ထဲမယ် ကယောက်က ယက်ဖြစ်လာပါသည်။ အဲဒါ ဘာကြောင့်လဲ။ အခုနောက်ပိုင်း ဆရ ပြောတဲ့လေသံလေးတွေက ကြမ်းရှပေမယ့် မိယံက ချိုမြိန်တယ်လ ထင်လာတယ်။ ဆရာ့အကြည့်တွေက အေးစက်ပေမယ့် မိယံ့အတွ တော့ နွေးထွေးနေတယ်လေ. . . မထူးဆန်းဘူးလား။

ဒယ်ဒီနဲ့မာမီက အလေးပေးလွန်းတဲ့ဆရာ့ကို တဖြည်းဖြည နဲ့ မိယံ ခင်တွယ်လာပါပြီ။ ဆရာ့စကားတွေကို နာခံရကောင်းမှ သိလာခဲ့ပါပြီ။

မိယံက ဒိုင်ယာလော့တွေ ကျက်ရင်း ဆုံမှတ်ကို ခိုး,ခိုးပြ ကြည့်သည်။

'ဟဲ့ ရွှေစင်၊ ဟိုမှာ ကြည့်စမ်း၊ မင်းသမီးလေးက ငါတို့ဒါရိုက် တာကြီးကို ကြည့်ပြီး ခံစားနေတယ်၊ ဟီ. . ဟီ'

'သူမို့လို့ဟယ်. . တို့ဆရာက သူ့အလုပ်မှအလုပ်၊ ကျန်တ ဘာမှစိတ်မဝင်စားဘူး'

'သီရိဂုဏ်'အိမ်ရာထဲကို ဆုံမှတ် ညွှန်ထားသည့်အတိုင်း ပ





စည် ဝင်လာခဲ့ပါသည်။ ရှုတင်တည်ထားသည့်အိမ်ရှေ့တွင် လူတွေ ရှုန်းစု ရုန်းစု ဖြစ်နေကြသည်။ ခြေထောက်တွေက သယ်လို့ သိပ်မပါ ချင်တော့။ လူတွေများတော့ နည်းနည်းလန့်လာသည်။

ပင်စည်က အထဲကို မဝင်ရဲသဖြင့် ခြံဝတွင် ရပ်ပြီး ဆုံမှတ် ကို ရှာနေမိသည်။ ဟိုတစ်ခါ မျှော်စင်ကျွန်းတွင် ဆုံဖူးသောလူ(နာ မည် မသိပါ)ထွက်လာသည်ကို တွေ့မှ

'အစ်ကို၊ ကိုဆုံမှတ်က ဒီနေ့လာခဲ့ဆိုလို့'

'ဒီနေ့ ပါရတော့မယ်ပေါ့. . လာလေ၊ လိုက်ခဲ့'

ဒီလိုမေးလိုက်တော့ ဘဝင်တောင် ဟပ်ချင်လာသည်။ မင်း သမီးလိုလို၊ ဘာလိုလိုနှင့်။ မြန်မာပြည်က ဖက်တီးမမင်းသမီးကလေး က ကမ္ဘာမကျော်ဘူးလို့ ဘယ်သူပြောနိုင်မလဲနော်။ ရှုးတာများ ရိုး ရိုးမရှုးဘူး။ ဘဝင်ရှူးကို ဖြစ်လို့။

'ဟေ့ကောင်. . ဒီမှာ မင့်မင်းသမီး လာနေပြီ'

လေးနက်က ရွဲ့ပြောလိုက်ပေမယ့် ပင်စည်၏ နားထဲတွင် ဒေးဝင်ချိုလိုက်ပါဘိ။

ဘာတဲ့. . မင့်မင်းသမီး. . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်နေတာ. . တကယ်ကို အဲသလိုဖြစ်ချင်နေတာလေး

ဆုံမှတ် ပင်စည်ရှင်ကို ကြည့်ပြီး ရယ်ချင်လိုက်တာ။ ကြည့်ပါဦး။ မျက်နှာလေးက စိတ်လိုလက်ရပြင်လာလို့ ချစ်စရာကောင်းပါရဲ့။ ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ်လေး စည်းလာသည်။ အဲ. . . အဝတ်အစားကျတော့ ကိုးရိုးကားရားတွေ ကောက်ဝတ်လာပုံရသည်။ ခြုံငုံကြည့်လိုက်လျှင် ဟာသပုံပေါက်နေသည်။

'ထိုင်. . ပင်စည်ရှင်၊ ဒီနေ့ မင်း ပါရမယ်၊ ဒီမှာ ဇာတ်ညွှန်း ဖတ်ပြီး ဒိုင်ယာလော့တွေ ကျက်လိုက်ဦး၊ rehearsal မလုပ်တော့ဘူး တစ်ခါတည်း တန်းရိုက်မယ် ရလား'

ပင်စည်ရှင်ကို ဆုံမှတ်က ယုံကို ယုံလွန်းနေသည်။ ဘာပဲ ဖြစ်ဖြစ် သူမ လုပ်နိုင်မည်ဟု ထင်နေသည်။

'အစ်ကို ပင်စည် ဘယ်နေရာက ပါရမှာလဲဟင်'

'မင်းသမီးက မြို့မှာ သူဌေးသားတစ်ယောက်နဲ့ ကြိုက်နေတာပေါ့၊ ပင်စည်ရှင်က မင်းသမီးရဲ့ အစ်မ တောသူနေရာ၊ ဆင်းရဲပြီး ဝ,နေတော့ မင်းသမီးက နှိမ်တယ်၊ သူ့ကောင်လေးနဲ့ မိတ်ဆက်မပေးဘူး၊ အဲဒီမှာ အစ်မက အရမ်းခံစားရပြီး သူ့နေရာ(တော)ကို ပြန်





လုပ်နေတုန်း ညီမကို ဝင်ကယ်ရင်း ကားတိုက်ခံရပြီး သေသွားတယ်၊ ဘယ်လိုလဲ လုပ်နိုင်တယ် မဟုတ်လား'

'ဟား. . မိုက်တယ်၊ ဇာတ်က ရှယ်ပဲ'

'အေး. . မမိုက်တာက မင်းအဝတ်အစားတွေပဲ'

'ရှင်. . '

ဆုံမှတ်က ရှုတင်မန်နေဂျာကို လှမ်းခေါ်ပြီး

'ကိုဘဂျား. . သူ့အတွက် အဝတ်အစားစီစဉ်ပေးလိုက်ပါ'

'ဗျာ. . ဆရာ၊ သူ့ size က ဘယ်မှာသွားရှာရမှာလဲ၊ ရယ်ဒီမိတ်ဆို တော်တော်ရှားမယ့်ပုံပဲ၊ ချုပ်ဖို့ကျတော့လည်း မမီနိုင်ဘူးလေ'

'Big size တွေပဲ ရောင်းတဲ့ဆိုင် မရှိဘူးလား'

သူတို့နှစ်ယောက် ပြောနေတာတွေကို နားထောင်ပြီး ပင်စည်က

'အစ်ကို ပင်စည်က တောသူဆင်းရဲသား ဆိုတော့ အဝတ်အစားကောင်းကောင်း မလိုပါဘူး၊ ဟိုလေ ဘေထုပ်တွေထဲမှာ size ကြီးတွေ ရှိပါတယ်'

ပင်စည် ဝတ်နေကျ ဆိုတဲ့အသံလေးက တိုးဖျော့သွားသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဆုံမှတ်စိတ်ထဲမှာ မကောင်းနိုင်။ ဘယ်ဘဝက ရေစက်ကြောင့်လဲ မသိ။ ဒီကောင်မလေးကို ဆုံမှတ် မြင်မြင်ချင်းသံယောဇဉ်ဖြစ်မိသည်။

'ကောင်းပြီလေ. . အမိကက အိုက်တင် ပိုင်ဖို့ပဲ၊ ကိုဘဂျားသူပြောသလိုပဲ အဆင်ပြေအောင် လုပ်ပေးလိုက်ပါ'

သူတို့စကားပြောနေသောနေရာသို့ လှပသောခြေထောက်တစ်စုံနှင့် ဒေါက်ဖိနပ်လှလှလေး ဝတ်ထားသော စိုးခေတ်ချို ရောက်လာသည်။ ပင်စည်က ပါးစပ်အဟောင်းသားဖြင့် ငေးနေသည်။ လှလိုက်တာ. . အသားကလေးက ဒိပြီး နုညက်နေသည်။ ထိရက်စရာကို မရှိ။

'သားညီမ အခြေအနေ ဘယ်လိုရှိလဲလို့ ဝင်လာကြည့်တာ'

'လိုတော့လိုနေသေးတယ်၊ ခဏနေ ရိုက်တော့မယ်၊ အနက်စိုး ကြည့်သွားလိုက်လေ၊ အကဲခတ်လို့ရတာပေါ့'

'ကောင်းပါပြီရှင်'

ပင်စည် အဖေ့ကိုသတိရသွားသည်။ အဖေသာ ပါလာလျှင်ထိန်းရခက်ဦးမည်။ စိုးခေတ်ချိုက သူ့မိန်းမတဲ့လေ။ ယုံပင် မယုံသော်





ဗြား ကြီးမေကို သွားသွားပြီး မေးမိသည်။ ကြီးမေက မဟုတ်ဘူးတဲ့။ သံပြတ်ကြီးနဲ့ကို ဖြေတာ။

အေးလေ. . ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

'မာ. . မိ'

မာမိတဲ့။ သူ့သမီးလေး နေမှာ။ လှလိုက်တာ. . ကြည့်စမ်း။ အမေအတိုင်းပါပဲလား။ ပင်စည်တို့နှင့်များ ကွာပ။Miss Universe ကိုယ်လုံးလေးနဲ့ ကောင်မလေးကို ပင်စည် ထပ်ပြီးငေးရပြန်ပြီ။ အားကျလိုက်တာ။

'မာမိ့သမီးလေး ကြိုးစားနော်၊ ဒီနေ့ သမီးဆရာ အံ့သြသွားအောင် သရုပ်ဆောင်ပြလိုက်စမ်းပါ'

သူတို့သားအမိနှစ်ယောက်ကိုကြည့်ပြီး ကျွန်မရင်ထဲမှာ ချမ်းမြေ့လိုက်တာရှင်။

ဒီကောင်မလေးက ချစ်စရာကောင်းလွန်းတော့ ကျွန်မ ညီမအရင်းလို့ မြင်ယောင်ပြီး mood သွင်းလိုက်ရင် အစ်ကို ပြောပြတဲ့ဇာတ်ရုပ်က တော်တော်ပီပြင်သွားမှာ သေချာတယ်. . ဟဲ . . ဟဲ. . တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မီးအလင်းအမှောင်(Lighting)ကို စိတ်တိုင်းကျ ချိန်ေ သော ဒါရိုက်တာက ဆက်တင်ဆင်နေသောအဖွဲ့အား

'စားပွဲပေါ်မှာ နေကြာပန်းတွေ ဝေနေပါစေ၊ ဒါမှ သူ့ညီ ကြိုက်တဲ့ပန်းတွေ တောကနေ ယူလာမှန်း သိမှာ'

'ဟုတ်ကဲ့ ဆရာ'

'မီယံနဲ့ပင်စည် ready ပဲလား၊ ကဲ. . စလိုက်ကြရအောင်'

ဒီနေ့က မင်းသားမပါတဲ့အခန်းတွေချည်း ရိုက်မှာဖြစ်သည်၊ အဓိက ပင်စည်နှင့်မီယံတို့ညီအစ်မနှစ်ယောက် ဆုံတဲ့အခန်းတွေကို စ,ရိုက်တော့မည် ဖြစ်သည်။ မင်းသမီးတော့ ဘယ်လိုနေသလဲ မသိ ပါ။ ကျွန်မက moodအပြည့်သွင်းပြီး သူ့ကို စိတ်ကူးထဲမှာ ညီမတော် ပစ်လိုက်ပြီးပြီ။

'ရယ်ဒီ ဖိုက်. . ဖိုး. . သရီး. . တူး. . ဝမ်း action အားလုံး ငြိမ်ပေးကြပါ'

ပင်စည်၏ မျက်နှာတွင် နာကျင်ကြေကွဲရိပ်တွေ အရှိန်မြင့် လာပြီး ငိုသံပင် ပေါက်လာလေသည်။

'ဘယ်လိုပြောလိုက်တာလဲ ညီမလေးရယ်. . . မမ လာလို့





ရှက်တယ်တဲ့လား၊ ဂုဏ်ငယ်သတဲ့ ဟုတ်လား၊ မမ မသိလို့လာမိတာ ပါကွယ်၊ ညီမလေးကိုအောက်မေ့လွန်းလို့ လာခဲ့တာပါ၊ မမက ဝ,နေ လို့၊ အရုပ်ဆိုးလို့၊ နုံချာလွန်းလို့ ညီမလေးက ရှက်နေတာလား၊ မမ နှလုံးသားထဲမှာတော့ ညီမလေးအတွက် အချစ်တွေအပြည့်ပါပဲကွယ်၊ ဟောသည် လက်တွေနဲ့ အူဝဲ ဆိုကတည်းက ထိန်းကျောင်းလာခဲ့ရ တာပါ ညီမလေးရယ်'

ပင်စည်က သရုပ်ဆောင်ရင်း mood တွေ ဝင်လာသည်။ ဒိုင်ယာလော့အရှည်ကြီးကို မရပ်မနား ထောက်ခြင်းပြုခြင်းမရှိ ပြော သွားနိုင်သည်။ အဖွဲ့သားတွေအားလုံး ပင်စည့်အိုက်တင်တွေကြားမှာ မျောပါနေကြသည်။ စိုးခေတ်ချို မျက်နှာပေါ်တွင် အလိုမကျမှုတွေ ဖြစ်ပေါ်နေပေမယ့် ဆုံမှတ်မျက်နှာမှာတော့ ကျေနပ်ပြည့်စုံတဲ့အပြုံး ရိပ်တွေ ဝေနေသည်။

ပင်စည်ရှင်. . တဲ့။ တကယ်ပါရမီထူးသူပါ။ ကိုယ့်ဇာတ်ရုပ် အတွက် လောဘဟုပြောရမလား။ ဇာတ်ညွှန်းထဲ မပါတာတွေ ထည့် ပြောရင်း ဖြိုင်ဘက်သရုပ်ဆောင်နှင့်ဒါရိုက်တာကို သွေးတိုးစမ်းကြည့် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီ အနာရွတ်လေးကို မှတ်မိသေးလား ညီမလေး. . ညီမလေးကို ချီပြီး ထိန်းနေတုန်း ခွေးလိုက်ကိုက်လို့ ရထားတာလေ အဲဒီတုန်းက ညီမလေးကို ကိုက်မှာ စိုးလို့ မမလက်နဲ့ ကာလိုက်လို့ အကိုက်ခံလိုက်ရတာလေ၊ ညီမလေးက မလိုလားရင် မမ ရွာကို ပြန်ပ မယ်၊ ဒါပေမယ့် ညီမလေးမျက်နှာကို တဝကြီးကြည့်ချင်သေးလို့ နှ ရက် သုံးရက်လောက်တော့ ပေးနေပါဦးကွယ်'

ပင်စည်ထည့်ပြောပြီး လုပ်ပြသွားတဲ့အကွက်လေးက ဇာတ် ကို ပိုပြီး နာစေသဖြင့် ဆုံမှတ်က ကျေနပ်ပါသည်။ မကျေနပ်သူ အကယ်ဒမီစိုးခေတ်ချိုပါ။ ဒါမျိုးတွေက သူမ လုပ်နေကျမို့ အထ ပေါက်ပြီးသား။ အခုမှ သရုပ်ဆောင်ဖူးတယ် ပြောတဲ့ ဖက်တီးမ သမီးမီယံကို အလဲထိုးနေပါပြီ။

'Cut, OK'

ဆုံမှတ်က ပင်စည်၏လက်မောင်းကို သူ့လက်သီးဆုပ်ဖြင့် ဖွဖွလေး ထိုးရင်း

'တော်တယ်၊ မင်း သိပ်တော်တယ် ပင်စည်ရှင်'

'ကျေးဇူးတင်ပါတယ် အစ်ကို'





'မောင်ဆုံမှတ်ရေ. .'

ရင်ထဲမှာ ဒေါသလှိုင်းတံပိုးတွေ ဘယ်လောက်ပင် ထန်နေ ပါစေ။ အပြင်ကို မပြုစေဘဲ အပေါ်ယံအလှမျက်နှာမှာ သကာရည် လေး လောင်းထားတတ်တာ စိုးခေတ်ချိုရဲ့ပညာပါပဲ။ အပြုံးချိုချို လေးဖြင့်ပင် နားဝင်ချိုအောင် ပြောတတ်ပါသည်။

'အန်တီ ပြောချင်တာ ကျွန်တော် သိပါတယ်'

'ဒီဇာတ်ရဲ့ending ကို အန်တီစိုး ဖတ်ပြီးပါပြီ. . သမီး မီယံ ဇာတ် မဟုတ်တာတော့ သေချာမယ် ထင်တယ်နော်'

'ဟုတ်တယ် အန်တီစိုး၊ ကျွန်တော်က လူပုဂ္ဂိုလ်ကို ကြည့် တာ မဟုတ်ဘူး၊ ဇာတ်ကိုပဲ သစ္စာရှိတာပါ၊ ဇာတ်ကောင်အားလုံးဟာ သူနေရာနဲ့သူ အံဝင်ခွင်ကျဖြစ်မှ အောင်မြင်မှာလေ၊ သူ့ဇာတ်ရုပ် နဲ့သူ ရှိပြီးသားနေရာမှာ ဘယ်သူက ပိုလုပ်နိုင်သလဲ၊ လုပ်နိုင်တဲ့သူ စားသွားမှာပဲ'

ရင်ထဲမှာ မချိပေမယ့် စိုးခေတ်ချိုပဲလေ။

'ဟုတ်ပါပြီလေ၊ ဒီစကားကို အန်တီမပြောခဲ့ဘူးလို့ပဲ သဘော ထားပါတော့၊ တစ်ခုတော့ မေတ္တာရပ်ခံချင်ပါတယ်. . ဇာတ်ညွှန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ မပါတဲ့ဟာတွေ မပြောပါစေနဲ့၊ ဘာလို့ဆို သမီးက အသစ်လည်း အသစ်၊ ပြီးတော့ သိပ်လည်း မလုပ်တတ်သေးဘူးလေ'

ကျွန်မ ချစ်ရတဲ့ လေးစားရတဲ့ အကယ်ဒမီမင်းသမီးကြီးက သူ့သမီးအတွက်နဲ့ ကျွန်မကို ကြည့်မရဖြစ်နေတာတွေ့တော့ ကျွန်မ စိတ်မကောင်းဘူး သိလား။ ဘာကြောင့်လဲတော့မသိဘူး။ ဒီအန်တီ စိတ်ဆင်းရဲမှာကို ကျွန်မမလိုလားပါဘူး။ သူ့ကို ကျွန်မရင်ထဲမှာခင် တွယ်နေတယ်။ အဖေ့ကြောင့်ပဲ ဖြစ်မှာပါလေ။ အဖေက သူ့ကိုသိပ် ကြိုက်တာမဟုတ်လား။

'အန်တီ ကျွန်မတောင်းပန်ပါတယ်နော် နောက်ဆို မပါတာ တွေ ထည့်မပြောတော့ပါဘူး၊ ခုနကလည်း ရှာန်ဝင်သွားလို့ သတိမ ထားမိတာပါရှင်'

'အေးလေ. . အန်တီ နားလည်ပါတယ်၊ အန်တီ့သမီးလေး အဖြည့်ခံဖြစ်သွားမှာစိုးလို့ ပြောတာပါကွယ်၊ သူ့အဖေက သူ့ကို သိပ် အောင်မြင်စေချင်တာလေ'

မီယံ့ဘဝလေးကို အားကျလိုက်ပါဘိ။ ရုပ်ရည်ကို ကြည့်မ လား. . အလန်းလေး။ ဥစ္စာကိုပဲ ကြည့်ဦးမလား. . ကျိကျိတက်ချမ်း





သာတဲ့ သူဌေးကြီးရဲ့တစ်ဦးတည်းသောသမီးတဲ့လေ။ မိဘမေတ္တာဆို လည်း မလိုချင်မှအဆုံး၊ အလျှံပယ်ကို ရနေတော့တာပဲ။

ကျွန်မမှာတော့ အဖေက စိတ်မနှံ့၊ အမေက မရှိ။ ဥစ္စာဓန ဘ ဆင်းရဲ၊ ဒီကြားထဲ လူကျတော့ ဖက်တီးမ။ ဟင်း . . . ဒီဘဝမှာ ဒီခန္ဓာနဲ့လူဖြစ်ရတာ နည်းနည်းမဟုတ်၊ အများကြီးကို လွဲနေတာပါ လား။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အခန်းထဲတွင် မှောင်မည်းနေသည်။ နံနက်ကိုးနာရီခွဲနေပြီ

မို့ အပြင်မှာ နေရောင်ခြည်တွေ အားသန်နေပါပြီ။ စိုးခေတ်ချိုက

ဒေါသတကြီးဖြင့် လှပသောခန်းဆီးလိုက်ကာများကို ဆွဲဖယ်ပစ်လိုက်

သည်။

'မီယံ ထစမ်း၊ ဘယ်အချိန်ရှိနေပြီလဲဟင်၊ ညည်း ဒီနေ့ ရှ

တင် မသွားတော့ဘူးလား၊ စိတ်မဝင်စားတော့ဘူးလား၊ မကြိုးစားချင်

တော့ဘူးလား၊ ပြောစမ်းပါဦးဟဲ့'

မီယံမှာ အကြောင်းပြချက်မရှိပါ။ စိတ်မပါတာက မပါတာ





ဘဲ့မို့ ဘာကိုဖြေရှင်းပြနေရမှာလဲ၊ ကျော်ကြားမှုကိုတော့ မက်မောပါ

သည်။ သို့သော် မီးထိုး မှန်ထိုးလိုက်တာနှင့် ခြေဖျား လက်ဖျားတွေ

အေးစက်လာပြီး ပြောရမယ့် ဒိုင်ယာလော့တွေက မေ့ပြီ။ ဒါဆို ဘယ်

လို သရုပ်ဆောင်ရမလဲ။

'သမီး . . ဒီအတိုင်းလေးပဲ နေချင်တယ် မာမီ . .၊ ဒီလိုနေရ

တာ အေးချမ်းတယ်၊ ရှူတင်ရောက်ရင် စိတ်ပင်ပန်းရတယ်၊ မသွားပါ

ရစေနဲ့'

'ဘာ'

စိုးခေတ်ချို အသံတွေ တဆတ်ဆတ်တုန်လာသည်။

'သမီးကို ခွင့်လွှတ်ပါ မာမီ'

'ခွင့်မလွှတ်ဘူး မီယံ၊ ကျန်တာတွေ အားလုံး ခွင့်လွှတ်နိုင်

တယ်၊ မာမီ့အမွေကို သမီးလေး ဆက်ခံစေချင်တာ၊ အဲဒါ မာမီ့ဆန္ဒပဲ၊

သမီးမှာ လိုနေတာက ကြိုးစားအားထုတ်မှုပဲ၊ မာမီ့တုန်းကဆို အရမ်း

ကို ခက်ခဲခဲ့တယ်၊ သမီးကို ဒါမျိုးမဖြစ်စေချင်လို့ မီဘတွေက အစစ

အရာရာ ပံ့ပိုးပေးထားတယ်လေ'

'သမီးလည်း တတ်သလောက် လုပ်တာပဲ မာမီ'



www.burmeseclassic.com

www.burmeseclassic.com



'သမီး သိရမှာက ဘယ်အရာမှ အလကားမရဘူးလေ၊ ပေ
ဆပ်တယ် ဆိုတာ ရယူဖို့ ရင်းနှီးမြှုပ်နှံတာပဲ မဟုတ်လား၊ သမီးက
စိတ်ရှည်ရှည်ထားမှပေါ့'

'နောက်ပိုင်းတွေမှာ သမီး ကြိုးစားပါတယ် မာမီ၊ ဒါပေမယ
သမီးမှာ ပါရမီ ပါမလာဘူး၊ မနေ့က ဟိုဖက်တီးမကို မီအောင် သမ
လိုက်မလုပ်နိုင်ဘူး၊ ကိုယ့်ဟာကိုယ် အားငယ်တယ်၊ စိတ်ဓာတ်လည
ကျတယ်၊ သမီးခံစားနေရတာတွေ မာမီ မသိပါဘူး. . ဟင့်. . ဟာ
. . ပြီးကျတော့ ဆရာက သမီး ဘယ်လောက်ကြိုးစားကြိုးစား တ
ခါမှမချီးကျူးဘူး၊ သူ့ဖက်တီးမကိုကျတော့ လိုက်လိုက်လှဲလှဲကို ချီးကျ
တာ မာမီရဲ့'

စိုးခေတ်ချိုက သူ့ရင်ခွင်ထဲတွင် ချွန်းပွဲချငိုကြွေးနေသေ
သမီးကို ကြည့်ပြီး ရင်ဘတ်ထဲတွင် ဆို့နင့်လာသည်။

'သူက ဘာမို့ သမီးက အလျှော့ပေးနေရတာလဲ၊ ဒီမယ်. .
မာမီ့ကိုကြည့်စမ်း၊ သူက သမီးလောက်လှလို့လား၊ ရုပ်ရည်ရော၊ ပို
ဆံရော ဘာတစ်ခုမှမယှဉ်နိုင်တဲ့သူကို ဘာဂရုစိုက်စရာလိုလဲ၊ သူလ
သွားတဲ့အကွက်လောက်တော့ မာမီက ပျင်းတောင် ပျင်းသေးတယ





သမီး နေမကောင်းလို့ နေ့ခင်းမှ လာဝင်မယ်လို့ မာမီ ဖုန်းဆက်ထား
တယ်၊ ဒီနေ့ . သမီး ရှုတင်ရောက်လို့ သူနဲ့ အဆုံခန်းတွေ ပါလာရင်
မာမီ သင်ပေးလိုက်သလိုသာလုပ် ကြားလား'

*



www.burmeseclassic.com

www.burmeseclassic.com



'ရယ်ဒီ. . ဖိုက်၊ ဖိုး၊ သရီး၊ တူး၊ ဝမ်း. . action'

ဒီနေ့ စရိုက်သည့်အခန်းစဉ်က ပင်စည်ထွက်သွားပြီးနောက် စားပွဲပေါ်မှ နေကြာပန်းတွေကို zoom နှင့်ဆွဲပြပြီး မီယံက ဒေါသကြီးဖြင့် ယူ၍လွှင့်ပစ်လိုက်သောအခန်း ဖြစ်သည်။ ငယ်စဉ်ကတည်းက ဆင်းရဲခဲ့ရပြီးပြီမို့ အစ်မနှင့်အတူ ထိုဘဝကို ပြန်မသွားလို၊ စွဲလမ်းခဲ့ဖူးသော ပန်းကလေးတွေကိုတောင်မှ မညှာမတာရက်ရက်စက်စက် ချေပစ်လိုက်ရမည်။

သို့သော် ထိုအတိုင်း ဖြစ်မလာခဲ့ပါ။

မီယံက သူမမျက်နှာကို အကျပ်လည်း ဆွဲရော အစ်မဖြစ်သူ ထွက်သွားသောတံခါးဝကို နီရဲနာကျင်နေသောမျက်ဝန်းအစုံဖြင့် သနားစရာဝေးကြည့်ရင်း နေကြာပန်းတွေကို မြတ်နိုးစွာ ပွေ့ဖက်ပြီး မျက်ရည်တွေ စီးကျလာကာ

'မမ. . မမရယ်၊ ညီမလေးက မမကို မုန်းလို့ပြောတာ မဟုတ်ပါဘူး၊ ညီမလေး ဆင်းရဲမှာကိုကြောက်တယ် အရမ်းကြောက်တယ်၊ မမ ညီမလေးကို နာကြည်းသွားပြီမဟုတ်လား. . ဟင့်. . ဟင့်'

'Cut (ကဒ်)'





ဆုံမှတ် ရှုံ့ရှုံ့ရှားရှားဖြင့် အသံတွေ မာကြောလာကာ

'နေစမ်းပါဦး မီယံ၊ မင်းက သရုပ်ဆောင်ဖြင့် ပီပြင်အောင် မတတ်သေးဘူး၊ လုပ်ချင်သလိုလုပ်မယ် ဆိုတဲ့သဘောလား ပြောလေ ငါမေးနေတယ်'

ဒေါသကြီးပြီး ကြောက်စရာကောင်းနေသော ဆုံမှတ် မျက်နှာကိုကြည့်ရင်း မီယံ ကြောက်စိတ်တွေ ဝင်လာသည်။ အပြိုင်အဆိုင်မို့ ပင်စည်ရှင်ကို ကျော်ရရင် ပြီးရော ဆိုပြီး မာမီသင်ပေးလိုက်သလို အပီအပြင် သရုပ်ဆောင်ပြလိုက်တာ ဆရာ အမြင်စောင်းဖို့ ဖြစ်လာခဲ့ပြီလား။

'မီယံ. . မီယံက ကောင်းမယ် ထင်လို့၊ ပြီးတော့ မီယံ လုပ်နိုင်မယ်ထင်လို့ စမ်းကြည့်လိုက်တာပါ'

'ငါက မင်းကို မုန်းလို့ပြောနေတာမဟုတ်ဘူး မီယံ၊ ဒီဇာတ်က မင်းအတွက် endingမှာပြန်ဖြေပေးထားပြီးသား၊ Tempoအမြင့်ဆုံးအခန်းမှာ မင်း လုပ်နိုင်သလောက် အကုန် ထည့်လုပ်ရမှာ၊ အခုဟာက မင်းလုပ်တာနဲ့ ဇာတ်က ပြောင်းပြန်တွေ ဖြစ်ကုန်ပြီ၊ မနေ့က ပင်စည် ထည့်ပြောသွားတာက ဇာတ်ကိုဘာမှမပြောင်းလဲစေလို့ ငါ



www.burmeseclassic.com

www.burmeseclassic.com



က ခွင့်ပြုခဲ့တာ၊ အေး. . အတိုင်းထက် လွန်လာရင်တော့ ငါက ခွင့်လွှတ်မှာမဟုတ်ဘူး မီယံ'

ဆရာစိတ်ဆိုးလျှင် မီယံ မနေတတ်ပါ။ ကိုယ့်ဟာနှင့်ကိုယ် အသားကျနေပြီးသားဟာ ဟိုဖက်တီးမက လာဝင်ရှုပ်တာ။ ဆရာကြီးလိုလို သဘာကြီးလိုလိုနှင့်ကြည့်လို့ကို မရပါ။

'ဆရာ. . မီယံ့ကို ခွင့်လွှတ်ပါနော်၊ ဇာတ်ညွှန်းထဲကအတိုင်း ပြန်ရိုက်ပေးပါ၊ မီယံ ပြန်လုပ်ပေးပါ့မယ်'

လေးနက်လည်း သူ့အဖေလွှတ်ထားလို့ ပွဲမပျက်အောင်လာ ထိန်းပေးနေရသည်။ ဆုံမှတ်ထံမှဆုံးဖြတ်ချက်မရခင် သူက ကင်မရာ မင်းတွေကို အချက်ပြပြီး ပြန်ရိုက်စေသည်။ မီယံလည်း ဆရာ စိတ်ဆိုးနေလို့ထင်သည်။ ပီပြင်စွာ လုပ်သွားနိုင်သည်။

■



## အခန်း(၁၂)

နောက်တစ်ခန်းရိုက်ရန်အတွက် အဝတ်အစားလဲရန် မီယံက အခန်းထဲသို့ပြန်လာသောအခါ စက်အဖွဲ့သားများနှင့် ပျော်ရွှင်စွာ လက်ရည်တစ်ပြင်တည်း ရှုတင်ထမင်း စားနေသော ပင်စည်ကို တွေ့ရသည်။

ထမင်းလာကျွေးပေးသော ကောင်မလေးတွေကလည်း

'မမပင်စည်. . ထပ်ထည့်ဦးလေ တော်ပြီလား. .၊ ရော့. . အသည်းလေးတစ်ဖတ် ထပ်စားလိုက်ဦး'

'တော်ပြီ. . တတယ်ဝသွားပြီ ညီမလေးရဲ့၊ကျွေးချင်ရင် ဟို



www.burmeseclassic.com

www.burmeseclassic.com



က ကိုကိုလူကြမ်းကို ကျွေးလိုက်၊ သူ့ခမျာ ဒီနေ့ . . မင်းသား အထိုးခံရမှာ၊ သနားပါတယ်’

ပင်စည်က ထိုကဲ့သို့ပြောသောအခါ လူကြမ်းလုပ်သူက

‘ဝက်မလေး၊ နင်တစ်ယောက်ပဲ ငါ့အပေါ် စေတနာ ထားတယ်၊ စိတ်ကောင်းလေးမွေးရင် လူဆင်းရဲပေမယ့် စိတ်မဆင်းရဲရဘူးပေါ့ဟာ’

ကြည့်စမ်း၊ ဒီမိန်းမက ဘာမို့လို့ ဒီလောက်တောင် အနေပါနေရတာလဲ။ ဘာဖြစ်လို့ သူ့ကိုမှ ဝိုင်းချစ်နေရတာလဲ။ မနေ့တင်နေ့ကမှ ဒီရှူတင်ကို ရောက်လာတာ အခုလိုမျိုး အားလုံးနှင့် တည့်အောင် ဘယ်လိုလုပ်ပေါင်းလိုက်မှန်းမသိ။

မီယံက အိမ်မှ ထွက်သည်နှင့် ကိုယ့်ထမင်းချိုင့်ကိုယ် သေချာထည့်ယူလာသည်။ လူတွေတရုန်းရုန်းဖြင့် သူမ ထမင်းမစားတတ်ပါ။ သီးသန့်ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးသာ စားချင်သည်၊

လူတွေက အကြောင်းမသိတော့ မီယံ့ကို မာနကြီးသည်ဟု ထင်ကြသည်။ ဘယ်သူတွေ ဘယ်လိုပဲထင်ထင် သူမက လူတကာကို လိုက်ပြီး ဂရုတစိုက်ဖြေရှင်းမည့်သူမဟုတ်တာ သေချာသည်။





မီယံက လှေကားပေါ်သို့ မတက်သေးဘဲ ပင်စည့်ကို လှမ်းခေါ်လိုက်သည်။ နှုတ်ဖျားက ထွက်လာသော စကားလုံးချိုချိုလေးတွေနဲ့ပေါ့။

‘မပင်စည်’

ရေသောက်နေသော ပင်စည်က တအံ့တဩနှင့်လှမ်းကြည့်ရင်း

‘ရှင်. . ကျွန်မကို ခေါ်တာလား’

မီယံက ခေါင်းညိတ်ပြကာ လက်ဖြင့် လာရန် လှမ်းခေါ်လိုက်သည်၊ ပင်စည်က ဝမ်းသာအားရဖြင့် အပြေးတစ်ပိုင်းလိုက်လာလေသည်၊ ခန္ဓာကိုယ်ကြီးက ဝဖိုင့်နေပေမယ့် သူ့ကြည့်ရတာ ပေါ့ပါးသွက်လက်လွန်းနေသည်။ မျက်နှာလေးက ရှင်းရှင်းလေးနှင့်ချစ်စရာကောင်းနေပြန်သည်။

ဪ. . သူ့ဟာသူ ဘာဖြစ်ဖြစ်၊ ကြည့်လို့မရတာက မရတာဘဲပေါ့။

အခန်းထဲရောက်တော့ မီယံက သူမ၏အဝတ်အစားတွေထည့်ထားသော သေတ္တာသုံးလုံးကိုဖွင့်ပြကာ



www.burmeseclassic.com

www.burmeseclassic.com



'အခုရိုက်မယ့်အခန်းအတွက် ဘာဝတ်ရမှန်းမသိလို့ မပင်စည် ဝိုင်းရွေးပေးပါဦး'

'ရွေးပေးမယ်. . ရွေးပေးဦးမှာ. . စိတ်ချ'

အိုး. . အဝတ်အစားတွေက အရောင်စုံ၊ အဆင်စုံ၊ ဒီဇိုင်းစုံဖြင့် လှချင်တိုင်းလှနေပါသည်။ ဘာကိုရွေးလို့ ရွေးရမှန်း မသိတော့၊ ဒီဇိုင်နာပေါင်းစုံ လက်စွမ်းပြထားသော ဝတ်စုံတွေက မီယံ၏ခန္ဓာကိုယ်မှာ ချပ်ရပ်ပြီး လှနေလိုက်မည့်ဖြစ်ခြင်း။

အသားလေးက ဝင်းဖန့်ပြီး နုညက်နေတော့ ဖက်ဖူးရောင် ဝတ်စုံလေးကို ပင်စည်က ရွေးပေးလိုက်ပါသည်။

'ဒါလေး ဝတ်. . မီယံ'

'ဟယ်. . မပင်စည်က ရွေးတတ်လိုက်တာ၊ ဒါပဲ ဝတ်လိုက်တော့မယ်နော်'

'သမီးရေ. . ပြီးပြီလား၊ မာမီ ပြင်တော့မယ်နော်'

မီယံ၏မိတ်ကပ်ဆရာက ထမင်းစားပြီး ပြန်လာပါပြီ။ ပင်စည့်ကို မလိုတမာလှမ်းကြည့်ပြီး မီယံ့အနားကပ်ကာ တစ်စုံတစ်ရာ တီးတိုးပြောဆိုလိုက်သည်။





မီယံက အသာခေါင်းညိတ်ပြသည်။ သူသိသည် ဆိုသည့်သဘောပင်။

'မပင်စည်. . မီယံ့ကို တစ်ခုလောက် ကူညီပါဦး၊ ဒီဝတ်စုံနဲ့ လိုက်မယ့် ဖိနပ်ပါ ရွေးပေးပါနော်၊ ဟိုဘက်သေတ္တာထဲမှာ ဖိနပ် ရှိတယ်၊ ဪ. . ဒါနဲ့ လည်ဆွဲတွေ၊ လက်ကောက်တွေ၊ နားကပ်တွေက ဟိုးသေတ္တာသေးသေးလေးထဲမှာ'

ဖိနပ်ရှာဆို ရှာပေးနေသော ပင်စည်က

'မီယံရယ်. . . လက်ဝတ်လက်စားတွေတော့ မမ မကိုင်ပါရစေနဲ့နော်၊ တန်ဖိုးကြီးတော့ မတော်. . တစ်ခုခုပျောက်သွားရင် တို့ မလျော်နိုင်ဘူးလေ'

'ဪ. . ဒီလိုလား၊ မီယံက မသိလို့ယူခိုင်းမိတာနော်'

ပင်စည်က မီယံ့အနားမှာ လိုအပ်သမျှကို ကူညီ လုပ်ကိုင်ပေးနေရင်း အားလုံးပြီးစီးသောအခါ

'လှလိုက်တာ မီယံလေးရယ်. . အမေလည်းလှ၊ သမီး လည်းလှတာပဲနော်၊ ကြည့်စမ်း. . မျက်နှာလေးက မွတ်နေတာပဲကွယ်၊ မမ ခဏကိုင်ကြည့်လို့ရမလားဟင်'



www.burmeseclassic.com

www.burmeseclassic.com



'မကိုင်နဲ့၊ မီယံက သူ့မျက်နှာကို သူများ ထိတာမကြိုက်ဘူး ဟဲ့'

လေသံပြင်းပြင်းနှင့်အော်လိုက်သူက မီယံ၏ မိတ်ကပ်ပြင်သော အခြောက်မ ဖြစ်သည်။ ပင်စည်မှာ မျက်နှာလေးငယ်သွားကာ ရုတ်တရက် အသံပင် တိတ်သွားသည်။

'မာမီရယ် ဒီနေ့ကျမှ ကောင်မလေးတွေ ပါမလာခဲ့ဘူး၊ မီယံတော့ တစ်ယောက်တည်း ဒုက္ခရောက်ပါပြီ၊ ဟိုမှာ. . ထဘီတွေ ဒီအတိုင်းပုံထားရတာ တစ်ယောက်ယောက်မြင်ရင် အပြောခံရတော့မှာပဲ'

'အိုအေ. . သမီးက မင်းသမီးပဲဟာ ဘယ်သူက လာပြောမှာလဲ'

'မင်းသမီးလည်း ဒီရှုတင်မှာ မျက်နှာသာမရပါဘူး၊ တကယ်ပြောတာ၊ မီယံက အိမ်မှာသာ ဘုရင်မ၊ ဒီရောက်တော့ မောင်းမသာသာရှိတာ'

'ကဲ. . ပြီးရင် သွားမယ်၊ တော်ကြာ ဒါရိုက်တာကြီးက စိတ်ဆိုးတော်မူပြီး လော်စပီကာဖွင့်နေဦးမယ်'





'မပင်စည် မရှိမသေ မီယံ့ထဘီလေးတွေ ခေါက်ပြီး သိမ်းပေးပါနော်'

ကိုယ့်ညီမအရွယ်မင်းသမီးလေးမှာ အဖော်မှမပါတာ။ လုပ်ပေးမယ့်သူ မရှိတော့လည်း ကြည့်မနေရက်တော့ပါ။

'မမ သိမ်းထားပေးမယ် စိတ်ချ'

ပင်စည်က စိတ်လိုလက်ရပင် ကူညီချင်နေသည်။ မနေ့ကကိစ္စအတွက် အန်တီစိုးက သူမကိုသိပ်မကြည်လင်ပါ။ ဒီနေ့ဆို ရှုတင်တောင် လိုက်မလာတာ ကြည့်တော့။ ဘာပဲ ဖြစ်နေပါစေ၊ အန်တီစိုးနှင့်သူမ ခင်မင်မှုရချင်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဆုံမှတ်က ဇာတ်ညွှန်းကိုဖြည့်စွက်ရေးပြီးသောအခါ အောက်ဆင်းရန် လှေကားဆီသို့ အလာ မင်းသမီးအတွက် ပေးထားသောအခန်းမှာ တံခါးဖွင့်လျက်သား ဖြစ်နေသည်။ ဘာရယ်မဟုတ် အခန်းထဲကို သူ လှမ်းကြည့်တော့ မထင်မှတ်သောမြင်ကွင်းတစ်ခုကို တွေ့ရသည်။

ပင်စည်ရယ်လေ. . မီယံ့ထဘီတွေကို အကျအနန ထိုင်ပြီး ခေါက်ပေးနေတာ။ ဒါမျိုးကို ဆုံမှတ်က လက်မခံနိုင်ပါ။ ဆင်းရဲလို့ ငွေမရှိလို့ ရရာအခန်းက လာပါနေရတဲ့မျက်နှာမွဲလေးကို သူ့လက်





အောက်မှာ မျက်နှာမငယ်စေရပါ။ ငါ မင်းသမီးပဲဆိုပြီး မိုက်ရိုင်းဖို့ ကြိုးစားသည့် မီယံကိုလည်း ဒေါသထွက်ရသည်။

'ပင်စည်ရှင်'

စိမ်းသက်နေသောခေါ်သံကြောင့် ပင်စည် တစ်ကိုယ်လုံး ဘုန်တက်သွားသည်။

'ရှင်. . အစ်ကို'

'မင်း. . ဒါ ဘာလုပ်နေတာလဲ၊ ထွက်စမ်း၊ ခုချက်ချင်း ထွက်လာခဲ့၊ မင်းကို ငါခေါ်ထားတာ သရုပ်ဆောင်လုပ်ဖို့ကွ၊ ထဘီခေါက်ဖို့ မဟုတ်ဘူး၊ မင်း ဒီလိုလုပ်နေမယ်ဆိုရင် အိမ်ပဲ ပြန်တော့၊ သွား'

အစ်ကို ဒေါသထွက်အောင် ကျွန်မ လုပ်မိပြီ။

ယူကြုံးမရစိတ်တွေက မျက်ဝန်းကို မျက်ရည်တွေ ရောက်သွားစေပါသည်။

'တောင်းပန်ပါတယ် အစ်ကို၊ ကျွန်မ တောင်းပန်ပါတယ်၊ အိမ်တော့ မပြန်ပါရစေနဲ့ရှင်၊ ရှိကြီးခိုးပါရဲ့'

ငိုလည်း ငို၊ ကြောက်လည်း ကြောက်နေသော ပင်စည့်ကို ကြည့်ပြီး ဆုံမှတ် သနားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'အောက်ဆင်း၊ သူများတွေ ဘယ်လိုသရုပ်ဆောင်တယ်ဆို တာ မလေ့လာဘဲနဲ့ ပညာဆိုတာ ယူတတ်ရင် အားလုံးပြန်ပြီး အသုံး ချလို့ရတယ် ဆိုတာ မင်း မြဲမြဲမှတ်ထား ပင်စည်'

'ဟုတ်ကဲ့ပါ အစ်ကို၊ ပင်စည် မှတ်ထားပါ့မယ်'

အစ်ကို့မျက်နှာမှာ ရုတ်တရက်မြင်လိုက်ရတဲ့ အပြုံးရိပ်က လေးကို လက်မလွှတ်တမ်း ဆုပ်ကိုင်ထားချင်လိုက်တာရှင်၊ ကျွန်မ လေးစားရတဲ့အစ်ကို၊ ချစ်ရတဲ့အစ်ကိုတစ်ယောက် ထာဝရပြုံးပျော် နိုင်ပါစေ။

BURMESE CLASSIC .com

တစ်ကဒ်ပြီး တစ်ကဒ် တာဝန်ကျေစွာ ရိုက်နေသော (အနု ပညာစိတ်အပြည့်ရှိသော)အစ်ကို့ကို ကျွန်မ လေးစားပြီးရင်း လေး စားလာလေသည်။ ဘဝက ဒီလိုဆိုတော့လည်း နေပျော်သားပဲ၊ ကိုယ် တိတ်တခိုးချစ်ရတဲ့သူကို အချိန်ပြည့်(သူ မသိအောင်) ခိုးကြည့်လို့ လည်းရတယ်။ ထမင်းလည်း နပ်မှန်အောင် စားနေရတယ်လေ၊ လို လေသေးမရှိ ပြည့်စုံနေပေမယ့်လည်း စိတ်တိုင်းမကျ ဖြစ်ရတာက ကျွန်မခန္ဓာကိုယ်ကိုပါ။ ဘယ့်နှယ့်. . .ဘာပဲ ဝတ်လိုက်၊ ဝတ်လိုက် ပူစီဖောင်းမှာ အဝတ်ပတ်ပေးထားသလို ပုံပျက်ပန်းပျက်ကို ဖြစ်လို့





ပိုက်ဆံများ ရှိလို့ကတော့ ကျွန်မခန္ဓာကိုယ်နဲ့လိုက်ဖက်တဲ့ အဝတ်အစားတွေချုပ်ဖို့ အီတလီက နာမည်ကြီးဒီဇိုင်နာတစ်ယောက် လောက် လှမ်းခေါ်ဦးမှပါပဲ။ စိတ်ကူးတွေနှင့်မွေ့ပျော်နေရသူက. . ကျွန်မပါပဲလေ။

ပြဿနာပေါင်းစုံ၊ အတိုက်အခံပေါင်းစုံနှင့်ရိုက်ရသော. . နိုးပါရစေနဲ့ နွေလယ်အိပ်မက်'ဆိုသောဇာတ်ကားသည် ဒီနေ့တော့ အဆုံးသတ်နိုင်ခဲ့ပါပြီ။ သုံးလလောက် ရိုက်လိုက်၊ နားလိုက် ဖြစ်နေ သော ဇာတ်ကားမို့ ထုတ်လုပ်သူကလည်း ဒီနေ့မှ ဟင်းချနိုင်တော့ သည်။ ရှူတင်မန်နေဂျာ ကိုဘဂျားက ရှင်းစရာရှိသော daily (နေ့ တွက်)တွေရော၊ ကန်ထရိုက်တွေပါ အကုန်ရှင်းပေးနေသည်။

ဆုံမှတ်က

'လေးနက်. . သူငယ်ချင်း၊ ပင်စည်ရှင်ကို ဘယ်လောက်ရှင်း ပေးလိုက်လဲ'

'မင်းသဘောလေကွာ၊ ငါ ဘယ်သိပါ့မလဲ'

'နည်းနည်း ပိုပေးလိုက်ပါကွာ. . သူတို့သားအဖက အရမ်း ဆင်းရဲဖို့ကောင်းတယ်၊ သူများအိမ်မှာ ကပ်နေရတာလေ'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွာ၊ သူပါတဲ့အခန်းကလည်း များတယ် ဆိုတော့ နှစ်သိန်းနဲ့ ငါဖြတ်ပေးလိုက်မယ်လေ'

'ကျေးဇူးတင်ပါတယ်ကွာ'

အဲဒီအချိန် ကျွန်တော့် ရင်ထဲ ဖြတ်စီးသွားတဲ့ ပီတိလေး အေးမြလိုက်တာ။ ဒီကောင်မလေး သိရင် ဘယ်လောက်တောင်ဝမ်း သာသွားမလဲ မသိ။ သူ့ခမျာ နှစ်သိန်းမပြောနဲ့ နှစ်ထောင်တောင် အနိုင်နိုင် ကိုင်နေရတာ။

မျှော်စင်ကျွန်းမှာတွေ့ခဲ့ရတဲ့ မြင်ကွင်းလေးကို အမှတ်ရ စာနာစိတ်ဖြစ်မိပါသည်။

ကျွန်တော်တွေးထားတာ မှန်ပါသည်။ ပင်စည်က ထော တန်အသစ်ကလေး နှစ်အုပ်ကို ကိုင်ပြီး ကျွန်တော့်ဆီ ခုန်ပေါက်ပြေး လာပြီး ပြသည်။

'အစ်ကို. . အစ်ကို၊ ဒီမှာ ကြည့်စမ်း၊ ထောင်တန်တွေ၊ အ လိုက်. . အုပ်လိုက်၊ အများကြီးပဲနော်. . အများကြီးပဲ'

သူ့အပျော်တွေက ကျွန်တော့်ကို ကူးစက်စေသည်။ ကျွ တော်သာ မဟုတ်၊ လေးနက်ကိုလည်း ပျော်စေပါသည်။





'ဘယ်လိုလဲ ပင်စည်. . တစ်လကို ဒီလောက် ရရင် မင်းတို့ သားအဖအတွက် ပြည့်စုံတယ်မဟုတ်လား'

'ဒီလောက်ဆို များတောင်နေသေးတယ် အစ်ကို'

'များရင် စုထားပေါ့ကွ. . မင်းအဖေ ဆေးကုလို့ ရတာပေါ့၊ နောက်တစ်ကားကျရင် မင်းက သူဌေးသမီး ဖြစ်ချင်ဖြစ်နေမှာ၊ အဲဒီ အတွက် အဝတ်အစားတွေ စီစဉ်ရတာပေါ့'

ပင်စည်က ခေါင်းကို ဆတ်ကနဲညိတ်ပြသည်။ ရိုးသားလွန်း၊ ဖြူစင်လွန်း၊ ရိုကျိုးလွန်းတဲ့ ကျွန်တော့်တပည့်ဖက်တီးမလေးပါလား။ ဒါကြောင့်လည်း နေရာတကာမှာ မျက်နှာမလွှဲရက်လောက်အောင် သနားမိခြင်းဖြစ်သည်။

သူ့ဟာသူ ဘယ်လောက်ပဲ ဝဝ၊ ရုပ်ကလေးက ချစ်စရာလေး မို့ ယောကျ်ားသား များသော ရှုတင်တွင် တစေ့တစောင်းအကဲခတ် နေရသည်။ ကျားဆိုတဲ့သတ္တဝါဟာ လွယ်မယ်ထင်ရင် အလစ်ချောင်း ဟတ်တာပဲလေ။ ကျွန်တော့်အုပ်ထိန်းမှုအောက်မှာ ပင်စည်ရှင်ဆိုတဲ့ ကောင်မလေး မှဲ့တစ်ပေါက်မစွန်းစေရဘူး။

'ဆရာ. . ကျွန်မ ပြန်တော့မယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



ပင်စည်က ကျွန်တော့်ကို နှုတ်ဆက်ပြီး ရှုတင်ကားပေါ်သို့ တက်သွားသည်။ မီယံက အပြေးတစ်ပိုင်းရောက်ချလာပြီး

'မပင်စည် ခဏနေဦး၊ မပြန်နဲ့ဦး. . ခုချက်ချင်းပြန်ဆင်းခဲ့

တင်းမာပြတ်သားလွန်းတဲ့ လေသံကြောင့် အားလုံးကြောင် ေငေးပြီး ကြည့်နေမိသည်။ နေ့ခင်းကလည်း သူ့ထဘီတွေ ခေါက်ခိုင် ပြီးပြီ။ ခုတစ်ခါ ဘာဖြစ်ပြန်ပြီလဲ မသိ။

'ဘာဖြစ်လို့လဲ မီယံ'

'မီယံ့ဆွဲကြိုးပျောက်သွားလို့၊ နေ့ခင်းက အခန်းထဲမှာ သူ ရှိတာ၊ နောက်ပြီး ဆွဲကြိုးထားတဲ့ သေတ္တာလည်း သူပဲသိတယ် ဆရာ

ထင်မှတ်မထားတဲ့ဖြစ်ရပ်မို့ ရှုတင်ကားလည်း ဆက်မထွ နိုင်တော့ဘဲ လူတွေအားလုံး ပြန်ဆင်းလာကြသည်။

ပင်စည်ရှင်၏မျက်နှာမှာ ရှက်ကြောက်နာကျင်မှုကြောင့် ရဲနေသည်။

'ဒီမယ် မီယံ နင်ခေါ်လို့ ငါလိုက်ခဲ့တာပါ၊ ငါတို့က ဆင်း ပေမယ့် တန်ဖိုး မမဲ့ပါဘူး၊ အခွင့်မရှိဘဲနဲ့ သူများအခန်းထဲကို မဝင် ဘူးဆိုတာလောက်တော့ နားလည်မှုရှိပါတယ်ဟာ၊ ဒါပေမယ့် နင်





ကို ခုလောက်ထိ စွပ်စွဲဖို့မကောင်းဘူး၊ ငါငယ်ငယ်ကတည်းက သူများ ပစ္စည်းဆို အပ်တိုတစ်ချောင်းတောင်မှယူခဲ့ဖူးတာမဟုတ်ဘူး၊ ငါသူခိုး မဟုတ်ဘူး မီယံရဲ့ ဟီး. . .'

ဝမ်းနည်းပက်လက်ငိုကြွေးနေသော ပင်စည့်ကို မီယံက

'ဟဲ့. . ခုဟာက အပ်တိုမှမဟုတ်တာ၊သိန်းနှစ်ဆယ်လောက် တန်တဲ့ဆွဲကြိုးလေ၊ နင်မယူလို့ ဘယ်သူယူမလဲ'

ကျွန်တော့်ရှေ့မှာ ငွေရှိတယ်ဆိုပြီး မောက်မာနေတာမျိုးကျ ခေါင်းငုံ့မနေနိုင်ပါ။

'မီယံ ဂယက်နမသိဘဲ လူတစ်ယောက်ကို အရမ်းကာရော မစွပ်စွဲသင့်ဘူးလေ၊ မင်း ပညာတတ်တယ် မဟုတ်လား၊ ဥစ္စာ တစ်ခု ပျောက် ရဲဆယ်ခုရောက်တဲ့၊မင်းပစ္စည်းကို သေချာသွားပြန်ရှာဦးလေ'

'သူ့ဆီမှာ ရှိကို ရှိတယ် ဆရာ၊ မီယံ့ကို ရှာခွင့်ပေးပါ၊ ဒီလိုမှ မဟုတ်ရင် မီယံ ရဲစခန်းကို ဖုန်းဆက်လိုက်မယ်'

'တောက်. . ကိုယ်ချင်းစာတရား နည်းနည်းမှမရှိတဲ့ မိန်းမ၊ ရှာလေ. . ရှာ၊ ပင်စည်ပေးရှာလိုက်စမ်းကွာ၊ မင်းရဲ့ရိုးသားမှုကို အစ် ကို ယုံကြည်ပြီးသားပါ'



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပွစိပွစိဖြင့် တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ ပေးနေကြသည်။ ပင်စည်ဘက်က အားလုံး မခံချင်ဖြစ်နေကြသည်။ ထို့အတူ ငွေဂုဏ်မောက်လွန်းသော မီယံ့ကို နာကြည်းကုန်ကြတော့သည်။

'အိတ်ပေး၊ အိတ်ထဲမှာ ရှာမယ်'

မီယံနှင့် သူ၏မိတ်ကပ်ဆရာက အိတ်ကို ယူဖွင့်၍ အတွင်းဖစ်အိတ်ထဲမှ ဆွဲကြိုးကို ယူထုတ်ပြီး

'တွေ့ပြီ. . ဒီမှာတွေ့ပြီ၊ ဟင်း. . သူခိုးမပြောင်ပြင်းချင်သေးတယ်၊ ဆရာ သူ့ကို ရဲစခန်းပို့ပေးပါ'

'အစ်ကို ကျွန်မ မယူဘူးနော်၊ အစ်ကို ခေါ်လို့ ဒီအတိုင်းလိုက်လာတာ၊ ကျွန်မ. . လုပ်ကြံခံရပြီ အစ်ကို၊ ကျွန်မကို ကယ်ပါဦး'

ပင်စည်ရှင်ကို သနားသည့်လူရှိသလို၊ သို့လော. . သို့လောဖြင့် သံသယဝင်နေသူတွေလည်း ရှိလေသည်။ သဘောထားပြည့်ဝသော လေးနက်က

'မီယံ၊ သူယူသည်ဖြစ်စေမယူသည်ဖြစ်စေ ပစ္စည်းက ပြန်ရနေပြီပဲ၊ ဒီမှာပဲ တော်လိုက်ပါတော့ဗျာ'





ဆုံမှတ်က ငိုနေသောပင်စည်ကို သနားသလို ယုံလည်းယုံသည်။

သူ ခေါ်လို့ ကောက်ခါငင်ခါ ထလိုက်လာသော ပင်စည့်လက်ထဲမှာ ဘာမှမတွေ့ပါ။

တစ်ခုခုတော့ လွဲနေပါပြီ။ သူတို့ ရှာမယ် ဆိုတော့လည်း လူခန္ဓာကိုယ်ထက် အိတ်ထဲ၌သာ ရှာကြသည်။ ကျိန်းသေပေါက်သိနေသည့်ပုံပင်။ ပင်စည် ပြောသလို လုပ်ကြံတာရော မဖြစ်နိုင်ဘူးလား။

'အိုး. . . အပြစ်ရှိတဲ့သူကို ဒီအတိုင်း မလွှတ်ပေးနိုင်ပါဘူး၊ နောက် တစ်ခါဆို ဒီထက်ပိုပြီး အတင့်ရဲလာမှာပေါ့'

'မီယံ ငါပြောနေတယ်၊ မင်းပါးစပ်ကို ပိတ်လိုက်တော့၊ ပင်စည် မယူဘူးဆိုတာ ငါ သိတယ် နောက်ထပ် သိတာက မင်းကိုယ်စောင့်နတ်ဖြစ်လိမ့်မယ်'

ဆုံမှတ်က တဆတ်ဆတ်တုန်နေသော ပင်စည့်ဝခုံးကို ဖက်ထားရင်း အားပေးနှစ်သိမ့်လိုက်သည်။ ကိုယ့်ညီမသာဆို ဒီလိုပဲ အားပေးမိမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာပြောတာ မီယံနားမလည်ပါဘူး၊ သူ့ကို ကာကွယ်ချင်လို့ ဖုံးပေးတာဆိုရင်တော့. . ဆရာ့ဂုဏ်သိက္ခာတွေ ပွန်းပဲ့ကုန်ပါဦးမယ်'

'မင်းက ဘာလုပ်ချင်တာလဲ'

'ရဲစခန်းပို့ချင်တယ်'

'မနေ့တစ်နေ့ကမှ တွေ့ဖူးတဲ့ လူတစ်ယောက်ကို ဒီလောက်တောင် မလိုမုန်းထားဖြစ်စရာလိုသလား မီယံ'

'အိုး. . သူ့ကိုမုန်းတယ်လို့ မီယံ ပြောမိလို့လား'

'ဟ. . အခု. . မင်းဆက်ဆံနေတာက ပါးစပ်က ထုတ်ပြောတာထက် အများကြီးတာသွားနေတယ်လေ'

'ဆရာ ပြောလို့ ဝပြီလား၊ သူက ဘာမို့လို့ ဒီလောက်တောင် နာနေရတာလဲ'

ဆုံမှတ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ မြေနိမ့်ရာ လှံစိုက်ချင်တဲ့ စိတ်ဓာတ်ကို သူသိပ်ရွံသွားသည်။

'ကောင်းပြီလေ. . စာချုပ်အရ မင်းတို့ကို နောက်ထပ် လေးကား ရိုက်ပေးရမယ်၊ ဒါပေမယ့် ပင်စည့်ကို ရဲစခန်းပို့မယ်ဆိုရင် ဒီ





စာချုပ်ကို ငါ ဖျက်သိမ်းရလိမ့်မယ်၊ အဲဒီအတွက် ဖြစ်လာမယ့်ကိစ္စအဝဝကို ငါရင်ဆိုင်မယ် မီယံ'

မီယံ တစ်ချက်တွေဝေသွားသည်။ ဆုံမှတ်မျက်နှာက ခြိမ်းခြောက်နေတာနှင့်မတူဘဲ တကယ်လုပ်မည့်ပုံမို့ မီယံ တစ်ထစ်လျှော့လိုက်သည်။

'ကောင်းပြီလေ. . မီယံ နောက်ထပ် သူ့မျက်နှာမမြင်ချင်ဘူး ဆရာ၊ နောက်ကားတွေကျရင် ခေါ်မသုံးပါနဲ့'

ကျားနာမလေးတစ်ကောင်လို ပင်စည် ပေါက်ကွဲပါတော့သည်။

'နင် ပြောလို့ပြီးရင် ငါပြောမယ် မီယံ၊ ငါကလည်း နင့်လိုကောက်ကျစ်ပြီး ယုတ်မာတဲ့ မိန်းမမျိုးကို သေမလောက် ရွံသွားပြီ၊ နောက်ထပ် နင်နဲ့အတူရိုက်ဖို့ ကန်တော့ပွဲရွက်ပြီး လာခေါ်ရင်တောင် ငါလာမယ် မထင်နဲ့၊ နောက်တစ်ခု ကျိန်တွယ်ပြီးပြောခဲ့ဦးမယ်၊ ငါ့ကို သူခိုးလို့ စွပ်စွဲခဲ့သလို ဘဝအဆက်ဆက် နင်လည်း ဒီလိုပဲ စွပ်စွဲခံရပါစေ'

စိတ်ထဲရှိတာပြောချပြီး ပင်စည် ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံမှတ်က ပင်စည်နောက်မှ ပြေးလိုက်လာရင်း

'ပင်စည် နေဦး၊ အစ်ကို လိုက်ပို့ပေးမယ်'

ပင်စည်က မရပ်သောကြောင့် . . သူ့လက်မောင်းကြီးကို အတင်းဆွဲပြီး ကားဆီသို့ခေါ်လာရသည်။

ကောင်မလေး ဘယ်လောက်တောင်ရှက်နေရှာမလဲ။ ဆင်ရဲသားမာနကို ကျွန်တော် နားလည်ပါသည်။

■



## အခန်း (၁၄)

'ပင်စည် စိတ်ကို လျှော့ချလိုက်လေ၊ ငိုချင်ရင် အားရ ပါးရ ငိုချပစ်လိုက်ပါ၊ ဒါမှပေါ့သွားမှာပေါ့'

'အစ်ကို့ . . ကျွန်မတကယ်မယူဘူးနော်၊ ကျွန်မကိုယုံပါနော်၊ ကျွန်မကြောင့် အစ်ကိုမျက်နှာပျက်ရပြီနော်၊ ဒီဆွဲကြိုးကို ကျွန်မ မြင်တောင် မမြင်ဖူးဘဲနဲ့ ကျွန်မအိတ်ထဲကို ဘယ်လိုရောက်လာတာလဲ၊ သေချာတယ်၊ သူကျွန်မကို ဒီလောကထဲကနေမောင်းထုတ်လိုက်တာ'

မှောင်ရီသန်းစ လိမ္မော်ရောင်အလင်းတန်းလေးတွေ ဖြာကျနေသဖြင့် သူမဆံပင်တွေ အရောင်ပြောင်းနေသည်။ လေတိုက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ပါးနေတဲ့ ဆံနွယ်လေးတွေနှင့်အတူ ဆေးရှူစရာမလိုသောမျက် ဝန်းနက်နက်ကလေးကို သူ သတိထားမိသွားသည်။ သဘာဝမျက် ရည်တွေနှင့် တဆတ်ဆတ်တုန်နေသော နှုတ်ခမ်း၏ အလှကိုလည်း ဒါရိုက်တာမျက်စိဖြင့် တွေ့လိုက်ပါသည်။

မျက်နှာလေးပဲ ကွက်ပြီး ကင်မရာဖြင့် ချိန်ရိုက်ပါက တော် တော် charming ဖြစ်တဲ့ မိန်းမ။ အောက်ပိုင်း. . ဆုံမှတ်ခေါင်းထဲ တွင် ရုတ်တရက်အကြံတစ်ချက် လင်းလက်သွားသည်။ လောကမှာ မဖြစ်နိုင်တဲ့အရာ ရှိလို့လား။ ဖြစ်အောင်လုပ် ရင် ဖြစ်ရမှာပေါ့။

စိန်ခေါ်မှုအသစ်တစ်ခုကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

'ပင်စည် မင်းဘဝမှာ အဖြစ်ချင်ဆုံးအရာက ဘာလဲ၊ အစ် ကိုကို ပြောစမ်း'

ပင်စည်က မဝံ့မရဲဖြင့် တုန့်နှေးစွာ တစ်လုံးချင်းဖြေသည်။

'မင်းသမီး. . ကျွန်မ ရုပ်ရှင်မင်းသမီး ဖြစ်ချင်တယ် အစ်ကို ဒီတစ်သက် မဖြစ်နိုင်ဘူးဆိုတာလည်း သိပါတယ်. . ဒီဘဝမှာ ပင် စည်ရှင်က ဖက်တီးမဘဝနဲ့ပဲ လုံးပါးပါးရမှာပါ အစ်ကိုရယ်'

အစ်ကိုက ကျွန်မဆံပင်တွေကို ဖွပစ်လိုက်ပြီး





'စစ်မရောက်ခင် မြားကုန်နေတာလား ပင်စည်၊ မင်းသိရမှာ က ဘဝမှာ ဘာဖြစ်ချင်သလဲဆိုတာသိရင် ကိုယ်ဖြစ်ချင်တာကို ဘယ် လမ်းကြောင်းနဲ့သွားရမလဲဆိုတာ ဆုံးဖြတ်ရမယ်၊ အဲဒီအတွက် စွန့် သင့်တာကို စွန့်ရမယ်၊ မေးဆပ်ရဲမှအောင်မြင်မှုရမယ် ပင်စည်၊ ဒီနေ့ ကစပြီး မင်းဘဝကို အစ်ကို ပြောင်းလဲပေးမယ်၊ ပထမဆုံး မင်း လုပ်ရ မှာက ဒီခန္ဓာကိုယ်ကို ဝိတ်လျှော့ပစ်ဖို့ပဲ၊ ဘယ်လိုလဲ. . လုပ်နိုင်တယ် မဟုတ်လား'

အားတက်သရော မျှော်လင့်ခြင်းများစွာဖြင့် ပြောနေသော အစ်ကို့မျက်နှာကို ကြည့်ပြီး ကျွန်မမှာ အင်အားတွေရှိလာရသည်။ အနာဂတ်ကို ပုံဖော်ဖို့အတွက်၊ ဘဝတစ်ခုကို နေရာမှန်ရောက်စေဖို့ အတွက်၊ အဖေ့အတွက် ကျွန်မ နောက်မဆုတ်ဘဲကြိုးစားဖို့ သန္နိဋ္ဌာန် ချလိုက်ပြီး

'အစ်ကိုစီစဉ်ပေးသမျှ ကျွန်မ နာခံပါ့မယ်၊ ကျွန်မ အောင် မြင်အောင် အစ်ကို လုပ်ပေးပါနော်'

'အစ်ကိုက ပံ့ပိုးပေးရုံပဲ ရမယ် ပင်စည်၊ မင်းရဲ့လက်နဲ့ မင်း အောင်မြင်မှုကို ရအောင် ဖမ်းဆုပ်နိုင်ရမယ် နားလည်လား'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ် အစ်ကို'

'နောက်နေ့ကျရင် အစ်ကို Time Table ဆွဲလာပေးမယ် ကယ်လိုရီတွက်တဲ့ ဇယားလည်း ယူလာပေးမယ် ဟုတ်ပြီလား. . မင်း အားရင် အိုက်တင်ကျင့်ဖို့တော့ မမေ့နဲ့နော်၊ ပတ်ဝန်းကျင်ကိုလည်း မျက်ခြည်မပြတ်စေနဲ့ အားလုံးကိုလေ့လာပြီးရင် ပြန်အသုံးချလို့ ရ တယ်ဆိုတာ နားလည်ထားရမယ် ပင်စည်'

'ကျွန်မ အားရှိလိုက်တာ အစ်ကိုရယ်၊ မဖြစ်ဖြစ်အောင် ကြိုး စားပါ့မယ်လို့ ကတိပေးပါတယ်. . . အစ်ကိုက ကျွန်မကို control လုပ်ပေးပါနော်. . ခုချိန်ကစပြီး ပင်စည်ရှင်မှာ အနာဂတ်ဆိုတာ ရှိ လာပြီ၊ ကျွန်မဘဝကို ပြောင်းပစ်မယ်၊ အသစ်က ပြန်စမယ် အစ်ကို'

'ဒါပေါ့ကွ၊ အဲလို လုပ်စမ်းပါ'

'ဟား. . ဟား. . ဟား. .'

ထိခိုက် နာကျင်ရသမျှသည် အင်အားတစ်ရပ် ဖြစ်စေခဲ့ပြီ ဖြစ်သည်။ ပင်စည် အခု ရယ်နိုင်ပါပြီ အစ်ကို။

■



## အခန်း (၁၅)

ကျွန်မ ညက အိပ်မက်ဆိုးတွေ မက်တယ် အစ်ကို။ မီယံက လေ ကျွန်မကို သူ့ဒိုးမလို့ခေါ်ပြီး အတင်းပြေးလိုက်လာတာ။ သူ့မျက် လုံးတွေက နီရဲပြီး မီးဝင်းဝင်းတောက်နေတာ ကျွန်မကြောက်လိုက် တာရှင်။

ဒီလိုအိပ်မက်ဆိုးကြီးက ကျွန်မလွတ်မြောက်ချင်တယ် အစ် ကို၊ အန်တီစိုးကလေ ကျွန်မကို လက်ကမ်းကြိုပြီး နှစ်သိမ့်ပေးတယ် သိလား။ သူ့ရင်ခွင်သေးသေးလေးထဲကို ကျွန်မကိုယ်လုံးကြီးနဲ့တိုးဝင် ပြီး အားရပါးရငိုပစ်လိုက်တာလေ။ ပြီးတော့ ဘယ်ဆီကမှန်းမသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အားအင်တွေ ကျွန်မခန္ဓာကိုယ်အနှံ့ စီးဝင်လာသလို ခွေးထွေးလုံခြုံ သွားတယ် အစ်ကို။

မီယံရဲ့အမေကို ကျွန်မက ဘာလို့များ သံယောဇဉ်တွယ်ချင်နေရတာပါလိမ့်။ ကျွန်မကသာ ချစ်ရတာပါ။ အန်တီစိုးကတော့ သူ့သမီးလေးကို သိပ်ချစ်တာပဲ။ ရယ်တော့ ရယ်ရသားနော်. . အားကိုးရာရင်ခွင်မဲ့နေတဲ့ ကျွန်မက ခပ်တည်တည်နဲ့အိပ်မက်ထဲမှာ သူများအမေကို ကိုယ့်အမေလုပ်လို့လေ။

ဆယ့်ကိုးနှစ်လုံးလုံး အမေဝတ်ခဲ့ရတဲ့ဘဝက ခါးသီးလွန်းပါတယ်ရှင်။ ကိုယ့်ဘဝကိုယ် အားမငယ်တတ်အောင် အထပ်ထပ်အခါခါ လေ့ကျင့်ပြီး ပျိုးထောင်ထားရတာ။ ရွယ်တူကောင်မလေးတွေက body အမိုက်စားလေးတွေနဲ့ အလန်းလေးတွေဝတ်နေတဲ့အချိန်မှာ ကျွန်မရဲ့ပုံဆိုးပန်းဆိုးခန္ဓာကိုယ်အတွက် ယုံကြည်မှုတွေ လျော့ရဲလာပါတယ်။

အဝလွန်တဲ့ ကောင်မလေးအတွက် ပတ်ဝန်းကျင်က ပေးအပ်ထားတဲ့ ဘွဲ့တွေကလည်း များမှများပဲ။ 'ဝက်မ'တဲ့။ 'ဘုတ်အိုး'တဲ့။ 'ပါကျဲမ'တဲ့။ 'အိုးပေါလော'တဲ့။ ကြည့်ကြပါဦးရှင်။ တော်တော်





နားခါးတဲ့ အခေါ်အဝေါ်တွေပါ။ ဝက်ဖြစ်ရတဲ့ဒုက္ခ. . . အဲလေ. . လူဖြစ်ရတဲ့ဒုက္ခကလည်း မသေးပါဘူး။

ဝတဲ့လူတွေက ဘာမှမစွမ်းဆောင်နိုင်တော့ဘူးလား။ သူတို့အတွက် နေရာမရှိတော့ဘူးလားရှင်။ လောလောဆယ်တော့ ကျွန်မ ဒီလိုပဲ ခံစားနေရတယ်။ ဒါကြောင့် တစ်ခုခုကို ကျွန်မ လုပ်ပြချင်နေတယ်။

ကျွန်မဘဝကို တစ်က ပြန်စမယ်။ အားလုံးစောင့်ကြည့်ပေးကြပါရှင်။ ကျွန်မ သွားချင်တဲ့လမ်းကို ကျွန်မ သိတယ်။ ကိုယ့်လမ်းကြောင်း ကိုယ်ဖောက်တာ အကောင်းဆုံးပါပဲ။ အဲဒီလမ်းက ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ လျှောက်ရမှာက ကိုယ်တိုင်ပဲမို့ ခရီးဆုံးထိရောက်အောင် သွားဖို့တော့ လိုတာပေါ့နော်။

'ပင်စည်ရေ၊ အရှေ့မှာ ဟိုဒါရိုက်တာကြီး ရောက်နေတယ်တဲ့'

'လာပြီ ကြီးမေရေ'

ဝုန်း ဒိုင်း ဘုံး ဌမ်းဖြင့် တွေ့ကရာကို အကုန်ဝင်တိုက်ပြီး ပြေးလွှားထွက်လာသော ပင်စည်ကို ဆုံမှတ်က



www.burmeseclassic.com

www.burmeseclassic.com



'မင်းသမီးလုပ်မယ့်သူက ဒီလို လက်လွတ်စပယ် နေခ
တိုင်းနေလို့ ဘယ်ရမလဲ ပင်စည်'

'အစ်ကိုလာတယ်ဆိုလို့ ပျော်. . ပျော်ပြီးတော့'

'ဟုတ်ပါပြီ. . ဟုတ်ပါပြီ၊ ကဲ. . . အဝတ်အစားလဲ၊ မင်းက
body beauty တစ်ခုမှာ လိုက်အပ်ပေးမယ်၊ နေ့တိုင်း အချိန်ယူပြ
လေ့ကျင့်ရမယ်နော်၊ အပျင်းဖက်နေရင်တော့ အစ်ကိုလည်း ဘာ
တတ်နိုင်မှာမဟုတ်ဘူး၊ ဘေးကနေ အစ်ကိုကtrainလုပ်ပေးရုံပဲ၊ tr
ရမှာက မင်းတာဝန်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ် အစ်ကို၊ ကျွန်မ မနက်အစောကြီး ထပြေး
လို့ အဖော်ရှာနေတာ'

'တယ်ဟုတ်ပါလားကွ. . ၊ မင်း ပြေးမယ်ဆို အစ်ကို လိုက်
ပေးမယ်လေ. . ဘယ်လိုလဲ. . . ကန်တော်ကြီးတစ်ပတ်ဆို ပိုအဆ
ပြေမယ်ထင်တယ်နော်'

'ဒါပေမယ့် ကျွန်မတို့အိမ်နဲ့က အဝေးကြီး အစ်ကိုရဲ့'

'အစ်ကို ပင်စည့်ကို မပြောရက်လို့ မပြောတာ၊ မင်းဘဝ
ပြောင်းလဲဖို့အတွက် ပတ်ဝန်းကျင်အသစ်လိုတယ်၊ ဟုတ်တယ် လို





လိုတယ်၊ အထူးသဖြင့် ပင်စည်ရှင်ဘဝကို လူတွေ မေ့သွားစေချင်
တယ်၊ လူတွေမှမဟုတ်ပါဘူးလေ၊ယုတ်စွအဆုံး မင်းကိုယ်တိုင် မေ့ထား
လို့ရရင် အကောင်းဆုံးပဲ ပင်စည်'

ဟုတ်တယ်။ ပင်စည်ရှင်. . ဆိုတဲ့ဘဝက ကြမ်းတမ်းတယ်၊
အရိုင်းဆန်တယ်၊ ဆင်းရဲပြီး နုံချာတော့ ပတ်ဝန်းကျင်ရဲ့အပယ်ခံဘဝ
ကို မလိုချင်ဘဲ ရောက်ခဲ့ရတယ်။ ဘာတစ်ခုမှ မက်မောစရာ မရှိတဲ့
ဘဝကို ကျွန်မ မေ့ပစ်ရမှာပေါ့။

'ကျွန်မပတ်ဝန်းကျင်ကို ဘယ်လိုပြောင်းနိုင်မှာမို့လို့လဲ အစ်
ကို'

'မင်း ထပြေးဖို့ လွယ်အောင် ကန်တော်ကလေးဘက်မှာ
အခန်းတစ်ခန်း ငှားပေးမယ်လေ'

'ကျွန်မမှာ ပိုက်ဆံမှမရှိတာ'

'ငွေဆိုတာ လူရှာရင် ဖြစ်ပါတယ်ကွာ၊ မင်းကို. . ငါ ထုတ်
ချေးတယ်လို့ပဲ သဘောထားလိုက်၊ တစ်နေ့ မင်း အောင်မြင်လာရင်
အချိန်မရွေး ပြန်ပေးလို့ရတာပဲ'

ဒီလိုဆိုတော့လည်း ဟန်ကျသွားပဲ။ ကန်တော်ကြီးတစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ထပြေးပြီး ကျန်တဲ့အချိန်တွေမှာ အိုက်တင်ကျင့်မယ်၊ အခွေတွေ ကြည့်မယ်။ ငှားထားတဲ့အခန်းဖိုး ကျေအောင် အိမ်မှာ တစ်ခုခုလုပ်ရမယ် ပင်စည် ဘာလုပ်တတ်သလဲဆိုတော့ စက်ချုပ်သင်ဖူးတယ်။ ဟုတ်တယ်၊ အင်္ကျီချုပ်ရမယ်။

'ပင်စည်. . မင်း ဘာတွေစဉ်းစားနေတာလဲ'

'အလုပ်တစ်ခုတော့လုပ်မှဖြစ်မယ် အစ်ကို၊ အိမ်ခန်းဖိုး အ ကိုက ထုတ်ချေးပေမယ့် စားစရိတ်က ရှိသေးတယ်၊ အဖေ့ကို ကြီးေ နဲ့ ခဏအပ်ထားခဲ့ရမှာ ဆိုတော့ ကျွန်မ တတ်နိုင်သလောက်လေ ထောက်ပံ့ပေးချင်တယ်'

'အဓိကက မင်း အောင်မြင်ရင် ပြီးပြီ ပင်စည်၊ ကံတရား ၅၀% ဆိုရင် မင်းရဲ့ကြိုးစားမှုက ၁၀၀% ဖြစ်နေဖို့လိုတယ်၊ အစ် မင်းကိုကူညီချင်တာက မင်းဆင်းရဲနေလို့ပဲ၊ မင်းမှာ ပံ့ပိုးမယ့်သူ မ ပေမယ့် အရည်အချင်း ရှိတယ်၊ အစွမ်းအစ ရှိတယ်၊ ဖုံးကွယ်နေ အရာတွေကို အစ်ကိုက ဖော်ထုတ်ပေးမယ်၊ နောက်တစ်ခုက ဒါ တော့ Top secret ပေါ့နော်၊ မင်းကို လူတွေက ဘယ်လိုမှဖြစ်နိုင်မ မထင်ထားဘူးလေ၊ ဒါကို အစ်ကိုက ရအောင် လုပ်ပြချင်တာ'





'အစ်ကို စိတ်မပျက်ရအောင် ကျွန်မ ကြိုးစားပါ့မယ်'

ဒီစကားကိုတော့ အစ်ကို့မျက်နှာချောချောကြီးကိုကြည့်ပြီး ကျွန်မရင်ထဲကနေ လှိုက်လှိုက်လှဲလှဲပြောမိတာပါ။

'ဒီနေ့ကစပြီး တစ်နေ့ကို မင်း ထမင်းတစ်နပ်ပဲ စားရတော့မယ်၊ အစ်ကို့ကို ရက်စက်လိုက်တာလို့မပြောနဲ့၊ ဒါမှ မင်းမြန်မြန်ဝိတ်ကျမှာကွ၊ ပြီးတော့ မနက်အိပ်ရာထရင် ကော်ဖီတစ်ခွက်ပဲ သောက်၊ အပိုမစားရဘူး၊ ညစာ လုံးဝမစားရဘူး ဟုတ်ပြီလား၊ Exercise ပုံမှန်လုပ်ရမယ်၊ ဒါတွေအားလုံး မင်းလိုက်နာနိုင်မှရမှာ ပင်စည်၊ မီယံ့ကိုယ်လုံးလောက်မှမရရင် မင်း ဘယ်လိုလုပ် မင်းသမီးဖြစ်မှာလဲ'

နောက်ဆုံးစကားလုံးက ကျွန်မကို အထိဆုံးပဲ။ ဒီမိန်းမနာမည်ကြားရင် အော်ဂလီဆန်လာတယ်။ သူ့ကို ကျော်နိုင်မှဖြစ်မှာ. . ဘယ်သူမင်းသမီးဖြစ်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့။ အစ်ကိုလည်း မီယံကိုယ်လုံးလှတာကို သတိထားမိသားပဲ။ တစ်နေ့ ပင်စည် သူ့လို လှမလာဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

စိတ်လျှော့ရသောနေ့ရက်တွေတိုင်းသည် ပင်စည်ရှင်အတွ
ခက်ခဲမှုတွေကို ဖြစ်စေပါသည်။ တစ်သက်လုံးမွေးမြူခဲ့သော အက
ဆိုးတွေကို ဖြည်းဖြည်းချင်း ဖျောက်ယူနေရသည်။

နေမြင့်အောင် အိပ်ရာထဲမှာ ဖျင်းကြောဆန့်တတ်တဲ့
စည်မက အခုဆို မနက် ငါးနာရီ ထိုးတာနှင့် ထနေရပြီ။ အစ်ကို
ငါးနာရီ ခေါင်ဆို အိမ်အောက်မှာ ရောက်နေပြီ။ ပြေးရင်း ပြေး
နဲ့ လူက မောဟိုက်လာပြီး ဗိုက်ထဲက ဂွိဂွမ်နဲ့ ဆန္ဒပြလာပါသည်
အရင်က ဗိုက်ဆာပြီဆို ဇလုံနဲ့အပြည့် ထမင်းကြမ်းတွေကို ငပိ





ဆမ်းပြီး စားထည့်လိုက်ပြီပေါ့။ တစ်ဇလုံနဲ့ မဝလို့ နောက်တစ်ဇလုံက
အသာလေးဝင်သွားပြီလေ။

ချွေးတွေတဖြိုက်ဖြိုက်ကျပြီး လူက လမ်းလျှောက်လျှင် ဟပ်
ထိုးဟပ်ထိုးဖြစ်ချင်နေသည်။ ပလက်ဖောင်းပေါ်မှာ ဝုန်းဆို ပစ်ချပြီး
ထိုင်လိုက်သူက ပင်စည်ရှင်ပါ။

'ဟာ. . ပင်စည် ထလေ၊ ဘာလို့ထိုင်နေရတာလဲ'

'မောလာပြီလေ အစ်ကို၊ အရင်က လှုပ်ရှားမှုနည်းခဲ့လို့ ထင်
တယ်၊ အသက်တောင် ဝအောင် မရှူနိုင်တော့ဘူး၊ ဟောဒီ ပလက်
ဖောင်းပေါ်မှာ လှဲပြီးသာ အိပ်လိုက်ချင်တယ် အဟုတ်'

ဆုံမှတ်က ဒူးတစ်ဖက်ကို ကွေးထိုင်လိုက်ပြီး

'ဟိုးရေပြင်ကို ကြည့်စမ်း ပင်စည်. . ကန်ရေဆိုတော့ လှိုင်း
လေမထန်ဘူး၊ ငြိမ်နေတာပဲ၊ သူ့ကို ခဲနဲ့ပစ်ကြည့်ပါလား၊ ရေပွက်က
လေးတစ်ခုတော့ ထသွားတာပဲ မဟုတ်လား၊ မင်း နားလည်ရမှာက
ငြိမ်သက်နေတဲ့ ရေတွေတောင်မှ တုံ့ပြန်တတ်သေးတာပဲ၊ သဘာဝ
တရားကြီးက ပင်စည်ရှင်ကို ဝစေဆိုပြီး ဖန်တီးထားတာမှမဟုတ်တာ၊
တစ်သက်လုံး ဒီလိုပဲ နေသွားတော့မှာလား၊ ဝအောင် လုပ်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပဲ၊ ပိန်အောင် လုပ်ရမှာလည်း မင်းကိုယ်တိုင်ပဲလေ၊ အဓိကက စိတ်ပဲ လိုတာပါ'

အစ်ကိုပြောတာ သိပ်မှန်တာပဲ။ ကျွန်မ စိတ်ကိုတင်းပြီး ဖုတ်ဖက်ခါပြီး ကုန်းထလိုက်ပါသည်။ (ဝိတ်များနေတော့ တော်တော်နှင့် မထနိုင်ပါ။)

ကန်တော်ကြီးတစ်ပတ်က ပြည့်ပဲ မပြည့်နိုင်ပါ။ တစ်ပတ်ပတ်မိဖို့ တဖြည်းဖြည်း ဝေးဝေးသွားသလိုပင်။ အားကင်းထားစမ်း ပင်စည်ရှင်။

ငါးပြတိုက်ရှေ့ကိုရောက်တော့ ခဏနားပါသည်။

'ဒီပုံအတိုင်းဆို မင်း body beauty ဆော့လို့ မရလောက်သေးဘူး။ လူက တအားနုံးသွားမှာ စိုးရတယ်၊ အစားပါ ထပ်ရှောင်လိုက်ရင် လုံးဝ ဖလက်ပြသွားနိုင်တယ်'

'ကျွန်မ စိတ်ကိုချုပ်ထိန်းနိုင်အောင် ကြိုးစားပါ့မယ် အစ်ကို အဓိက အစားအသောက်ကို ချင့်ချိန်ပြီးစားမှ ဖြစ်မယ်'

'လောလောဆယ် အိမ်ပြန်ရောက်ရင် ကော်ဖီတစ်ခွက်နှင့်လုံ လောက်ပါ့မလား ပင်စည်'





'ဟား. . ဟား. . ဆင့်ပါးစပ် နှမ်းပက်သလိုပေါ့ အစ်ကိုရယ်. . မတတ်နိုင်ဘူးလေ၊ ဒီလိုပဲ လုပ်ရမှာပဲ'

ဆုံမှတ်က သဘောကျစွာ ရယ်သည်။ ရယ်နေတော့လည်း တော်တော်ကြီးကို ကြည့်ကောင်းတာပဲ အစ်ကို။ အလင်းရောင်လေး မစို့မပို့နှင့် ဟိုမရောက် ဒီမရောက်၊ လူလုံးမကွဲသေးတဲ့အချိန်မှာ ပင်စည်က မိန်းမနောက်ပိုးကို ဖြစ်လို့. . . ဒါရိုက်တာကြီးကို ငေးနေတာလေ။ သူတို့ယောကျာ်းကလေးတွေပဲ ခေတ်အဆက်ဆက် မနားတမ်း နှိုက်လာကြတာကိုး။ ဘယ်ရမလဲ. . ဒီအစဉ်အလာကို ပင်စည်ရှင်က ပြောင်းပြန်လှန်ပစ်လိုက်မယ် သိလား။

အစ်ကိုပေးတဲ့အားတွေနှင့် ပင်စည့်ဘဝဖြစ်တည်နေရတာပါ။ ဒီတစ်ခါ ရင်းထားရတာကတော့ ဘဝကြီးတစ်ခုလုံးပါပဲ။ ပင်စည်သာ မအောင်မြင်ခဲ့ဘူးဆိုရင် တစ်သက်လုံး depression ဝင်သွားတော့မှာ။

ပင်စည်ရှင်က စိတ်ဓာတ်ခိုင်မာဖို့ ကြိုးစားသည်။ အိမ်လခအတွက် ကာမိအောင် အိမ်မှာ မိန်းကလေးအဖော်တွေ ရှာပြီးထားသည်။ တစ်ယောက် တစ်သောင်းနှုန်းဖြင့် လေးယောက်လောက်တင်



www.burmeseclassic.com

www.burmeseclassic.com



ထားတော့ အိမ်လခအတွက် ပူစရာမလိုတော့ပါ။ ကောင်မလေးတွေ အားလုံးက ပျော့ပျော့ရမ်းရမ်းမရှိဘဲ ရိုးသားပြီး ကိုယ့်ဒူးကိုယ်ချွန် သူ များသည်။ အများအားဖြင့်တော့ City Mart လို နေရာမျိုးမှ ဝန်ထမ်းတွေနှင့် ကုမ္ပဏီမှာ လုပ်သူတွေချည်းသာမို့ အများအမြင်မှာ လည်း တင့်တယ်လေသည်။

ဆုံမှတ်က ပင်စည်ရှင်အတွက် ထမင်းချိုင့်ဆွဲ မှာပေးထား သည်။ တစ်နပ်စာသာ မှာထားသော ချိုင့်ထဲတွင် ဆီမပါသောရေလဲ ပြုတ်တွေက ပင်စည့်ကို လှောင်ပြောင်နေကြသည်။ ဗိုက်ဆာလို့ ဝက်ဝက်ကွဲ စားမယ်ပြင်ပြီး ချိုင့်ဖွင့်လိုက်တိုင်း စားချင်စိတ်ကုန်ခမ်းသွား အောင် လုပ်တတ်လိုက်တာ အစ်ကိုရယ်. . ။

ဘာပဲပြောပြော. . ဒါဟာလည်း ဝိတ်လျှော့နည်းတစ်မျိုးပဲ မဟုတ်လား။

ညရောက်မှာကိုလည်း သေမလောက်ကြောက်ရတာပဲ။ လူ ဝတ်ကြောင်နဲ့ ညစာ မစားရတဲ့ဘဝကို ခံစားဖူးကြရဲ့လား။ ဗိုက်ဆာ တာနှင့်အမျှ ဝီဂွမ်နဲ့မြည်သံပေးတတ်တဲ့ သံစုံတီးဝိုင်းကြီးက ဗိုက်ထဲ မှာ ကုလားဘုရားလှည့်သလို စည်းချက်ကို ကျလို့. . ။





ပင်စည်ကတော့ ဒီဒုက္ခတွေကိုကြောက်လို့ ညရှစ်နာရီဆို ရေ သောက်ဗိုက်မှောက်ပြီး အိပ်ပြီ။

ဒီလိုနဲ့ပဲ တစ်လအတွင်းမှာ ပင်စည် ဆယ်ပေါင် တကယ်ကို ကျသွားပါသည်။ နေရတာ နည်းနည်းပေါ့ပါးလာတော့ ကိုယ့်ကိုယ် ကို ယုံကြည်မှုတွေ ပိုတိုးလာသည်။ နောက်တစ်ဆင့်တက်ပြီး body beauty ဆော့ဖို့ ပင်စည်က ပြင်ဆင်ထားပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

'မနိုးပါရစေနဲ့ နွေလယ်အိပ်မက်' ဇာတ်ကားကို ဖြန့်ချိပြီး နောက်ပိုင်း ဆုံမှတ်ဆီကို တခြားကုမ္ပဏီအတော်များများက ဖုန်းတွေ ဆက်တိုက်ဝင်လာပါသည်။

ပင်စည်ရှင်ကို ရိုက်ချင်၍ ဆက်သွယ်ရမည့် လိပ်စာကို တမေးတည်း မေးကြခြင်း ဖြစ်သည်။ ဒါဆို အောင်မြင်သွားတာက ပင်စည်လား. . မီယံလား။

ဥယျာဉ်မှူးကတော့ ပန်းပင်နှစ်ပင်ကို တစ်ပြိုင်တည်း ပျိုးထောင်ပေးလိုက်တာပဲ။





တစ်ပင်ကတော့ အဖိုးတန်တဲ့ တန်ဖိုးကြီးကြီးပန်းပေါ့။ မြေဩဇာလည်း ကောင်းကောင်းထည့်ပေးထားတာပဲ။ ဈေးကွက်မှာတော့ လူကြိုက်နည်းသေးတယ်။

နောက်တစ်ပင်ကတော့ ဘာမှ ပေါင်းသင်စိုက်ပျိုးရတာမျိုးမဟုတ်တဲ့ အလေ့ကျပေါက်ပင်လေးတစ်ပင်ပါ။ အရိုင်းဆန်ဆန်ပွင့်လာတဲ့ သူ့အပွင့်လေးက တစ်မျိုးဆွဲဆောင်မှုရှိတော့ လူကြိုက်များသွားတယ်။

ဥယျာဉ်မှူးမှာ အပြစ် မရှိပါဘူး။ ကံ စီမံရာမို့ ပင်စည်ရှင်အတွက် ပီတိဖြစ်ရတာသာ ရှိသည်။ ပီတိနှင့်နောက်ဆက်တွဲလိုက်လာတာက သောကနှင့် စိတ်မကောင်းခြင်းတွေပဲ ဖြစ်သည်။ ပင်စည်က ဒီလောကထဲက တစ်ကားတည်းနှင့် အပြီးထွက်သွားရပြီပဲလေ။ သူ့ရဲ့ယုံကြည်ချက်နှင့်ရိုးသားမှုတွေကို တစ်ယောက်သောသူက ရက်ရက်စက်စက် ရိုက်ချိုးဖျက်ဆီးလိုက်လို့ ခုတော့ ပျောက်ကွယ်သွားရပြီပဲ။

မင်း ဝမ်းနည်းနေလား ပင်စည်။ ဒါဟာ ဘဝပဲ။ မင်း မှတ်ထားလိုက်စမ်း။ ခုချိန်မှာ မင်းဘက်မှာ ငါတစ်ယောက်ပဲ ရှိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မင်း စိန်ခေါ်လို့ရတယ်။ တစ်ခါကျဆုံးပြီးရင် နောက်ထပ် အခါတစ်ရာလောက် ပြန်အနိုင်ယူလို့ရတယ် ပင်စည်။ ကံကောင်းခြင်း မကောင်းခြင်းဆိုတာ လူနဲ့လည်း ဆိုင်တယ်။

ကြိုးစားပါ. . . တပည့်မလေးရယ်. . မင်း အောင်မြင်တာကို ငါ့လောက် လိုလားတဲ့သူ ရှိမှာမဟုတ်ဘူး ပင်စည်ရှင်။

*





စိုးခေတ်ချိုရဲ့စိတ်အဟုန်သည် အလိုမကျခြင်းများစွာဖြင့် မိယံ့ကိုသာ အပြစ်တင်ချင်တော့သည်။ ဘယ့်နှယ် ဒီလောက် အစစ အရာရာ ပံ့ပိုးပေးရက်သားနဲ့ ဖြစ်မလာတာ အင်မတန်ညံ့လွန်းလို့ပဲ။ ဟိုဖက်တီးမလေးကျတော့ တစ်ကားတည်းနဲ့ကို လူတွေ သိသွားတာ။ အဲဒါ ကိုယ့်သမီး မနပ်လို့ ခံရတာ။ ကိုယ့်သွေး မဟုတ်တော့လည်း ပြောရခက်သားပါလား။

မထုံတက်တေးနှင့် ပြန်မပြော နားမထောင်လုပ်လွန်းသည့် မိယံပါ။

သူ့ကိုတွေ့ရင် လေးဖက်တွားနေတဲ့ ဂါဝန်နှင့်ကောင်မလေး ကိုပဲ မြင်ယောင်လာသည်။ မေမေ. . ဟု မပီကလာ ခေါ်ရင်း အမေ့ ဆီအနားလေးကို လာလာဆွဲသည့်သမီးလေးကို လွမ်းသည်။ တမ်းတသည်။ အတိတ်ကိုပြန်မသွားချင်တော့သဖြင့် နာကျဉ်ခဲ့ရသမျှကို ဘဝသစ်ထဲကို သယ်မလာချင်ပါ။

သမီးလေးကို စိုး သိပ်ချစ်တာပေါ့။ အမေနို့ကို အငမ်းမရ စို့တတ်တဲ့ သမီးလေးက အိပ်နေရင်းတောင်မှ သူ့လက်လေးနဲ့ အမေ့ ကိုယ်ကို ထိထားတတ်တာ။ တစ်နေ့မှမမေ့ပါဘူး မေမေ့သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်။ သမီးက အခုဆို အပျိုကြီးဖားဖားဖြစ်နေရောပေါ့။ မေမေ့ကို လည်း စိတ်နာနေပြီမဟုတ်လား။

မေမေ အလုပ်တွေကို မနားတမ်းလုပ်ခဲ့တယ် သမီးရယ်. . သမီးလေးကိုမေ့သွားချင်လို့ပါ။ ရှုတင်မှာ သရုပ်ဆောင်နေရင်း မေ့ ဖို့ ကြိုးစားတယ်၊ ခဏပဲ. . ခဏပါပဲ သမီးရယ်။ မေ့လို့မှ မရတာ မီယံလေးကို အစားထိုးပြီး ချစ်ကြည့်တော့လည်း မရပါဘူး။ သူက မေမေ့သမီးမှမဟုတ်တာ။ အိပ်မပျော်တဲ့ဘဝမှာ အိပ်ဆေးတွေနဲ့ယှဉ် ပါးနေတဲ့ မေမေပါကွယ်။

မေမေ သမီးကိုလိုက်ရှာသေးတယ်၊ မတွေ့တော့ဘူး သမီး ရယ်။ ဘဝမှာ အကြီးမားဆုံး ဆုံးရှုံးမှုပါပဲ။ မေမေ အသက်ရှင်တုန်း မှာ သမီးကို တွေ့သွားချင်လိုက်တာ၊ ဘုရားမှာ နေ့တိုင်း တောင်းတဲ့ ဆုက ဒီဆုပါပဲ သမီး။

ကိုနေ. . ရှင်မွေးတဲ့မီးက ကျွန်မကို ခုချိန်ထိ လောင်မြိုက် စေတုန်းပဲနော်။ ရှင်ကတော့ အနိုင်ရသူဆိုတော့ ပျော်နိုင်မော်နိုင်မှာ ပေါ့။ သမီးကို ရှင်ဘယ်လိုပျိုးထောင်ထားသလဲဆိုတာ ကျွန်မ သိချင် လိုက်တာ။





လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်က ရန်ကုန်မြို့ရဲ့ဆင်ခြေဖုံးရပ်ကွက် လေးတစ်ခုမှာ ကလေးကစားစရာရုပ်လေးတွေ ရောင်းချပြီး အသက် မွေးတဲ့ မိသားစုလေးတစ်စု ရှိခဲ့ဖူးပါတယ်။ မနက်ဆို ထမင်းကြမ်းစား ပြီး အိမ်က ထွက်သွားတဲ့ ယောကျ်ားဟာ ညနေမိုးချုပ်မှ အိမ်ကိုပြန် ရောက်လာတတ်တာ နေ့တစ်မှုဝပင်။

'ကိုနေရယ်. . ရှင့်ကြည့်ရတာ ပင်ပန်းလိုက်တာရှင်၊ တစ် လမ်းဝင်တစ်လမ်းထွက် ခြေတိုအောင်ရောင်းမှ ဟင်းစားဖိုးလေး ရ တာ. . ကျွန်မလည်း တစ်ခုခုလုပ်ပါရစေနော်၊ အိမ်မှာနေရတာ တစ် နေ့တစ်နေ့ ပျင်းလာပြီတော့'

'ဒီမယ်. . စိုးမေ၊ ကိုယ့်မိန်းမကို ခိုင်းစားတဲ့အထဲမှာ နေဆို တဲ့ကောင် လုံးဝမပါဘူးမှတ်ထား၊ မင်း ဘာမှလုပ်စရာမလိုဘူး၊ ကိုယ် ရှာကျွေးတာ ငြိမ်ငြိမ်လေး ထိုင်စားစမ်းပါကွာ'

စိုးမေ၏လက်ကလေးတစ်ဖက်ကို ကြင်နာစွာကိုင်တွယ်ရင်း ကရုဏာစကားဆိုသူက စိုးမေ သိပ်ချစ်ရတဲ့ ယောကျ်ားပေါ့။

'ကျွန်မအတွက်က ဘာအကြောင်းလဲ ကိုနေရဲ့. .၊ ဟောဒီ ကလေးအတွက် ကြိုတင်ပြီး ရှာဖွေထားချင်လို့ အိမ်ဆိုင်လေးဖွင့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလားလို့၊ ဒါမှ အိုးမကွာ အိမ်မကွာ ဒိုးတူပေါင်ဖက်ရှာရတာ ပေါ့နော်၊ ကျွန်မဆွဲကြိုးလေး ရောင်းလိုက်မယ်လေ'

'မရောင်းရဘူး စိုးမေ၊ ဒီဆွဲကြိုးက တို့ဘိုးဘွားစဉ်ဆက်က မင်္ဂလာပစ္စည်းကွ၊ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ ဒါကို အပွန်းပဲ့ခံ တာ မဟုတ်ဘူး၊ တို့လက်ထက်ကျမှ . . .'

'ကောင်းပြီလေ၊ နောက်တစ်မျိုး စဉ်းစားပါဦးမယ်'

'သိပ်လည်း ဦးနှောက်ခြောက်မခံပါနဲ့ မိန်းမရယ်၊ အတတ် ကိုယ့်ကလေး နေရခက်နေပါဦးမယ်'

သူ ရှိနေရင် ကျွန်မဘဝ လုံခြုံပါတယ်။ နွေးထွေးစေတယ် အေးမြစေတယ်။ မပြည့်စုံတာကလွဲလျှင်ပေါ့။ မိန်းမသဘာဝလောဘ လေးကတော့ ရှိသေးတာပဲလေ။ အသက်နှစ်ဆယ်ကျော်အရွယ် ချင်ပချင်တုန်းဆိုတော့ စိုးမေဆိုတဲ့ ကျွန်မက ကိုယ့်နည်းကိုယ့်ဟန် ထွက်ပေါက်တစ်ခုကို ရှာတော့တာပေါ့။

ကျွန်မအပျိုဘဝကတည်းက တစ်ပိုင်းသေမတတ် ကြိုက် လုပ်နေတဲ့သူတစ်ယောက် ရှိတယ်။ သူ့နာမည်က ကိုခိုင်ထွန်း . . . ငွေကြေးတတ်နိုင်တယ်။ သဘောကောင်းတယ်။ ဒါပေမယ့် ကျွန်





သူ့ကိုဘယ်လိုမှချစ်လို့မရဘူးလေ။ ခုချိန်မှာတော့ သူ့ဘဝနဲ့သူ၊ ကိုယ့်ဘဝနဲ့ ကိုယ် ဆိုတော့ ချစ်တာတွေ မချစ်တာတွေ သိပ်ပဓာနမကျ တော့ပါဘူး။ ကျွန်မက စိတ်သန့်သန့်နဲ့ သူ့ကို အကူအညီတောင်းမိ တယ်။ သူကလည်း နှစ်ခါ မငြင်းပါဘူး။ ကျွန်မကို ငွေထုတ်ချေးခဲ့ပါ တယ်။ အဲဒီငွေနဲ့ ကျွန်မ အိမ်ဆိုင်လေး ဖွင့်ဖြစ်ပါတယ်။ ကုန်စုံဆိုင် လေးပေါ့။ တစ်ခုပဲ ကျွန်မမှာ အပြစ်ရှိတာက ဒီငွေတွေဟာ ကိုခိုင် ထွန်းငွေတွေဆိုတာ အမှန်အတိုင်း ဖွင့်မပြောမိတာပါပဲ။

ကျွန်မရဲ့ခံယူချက်က ကိုယ်ချစ်တဲ့သူကို အရိပ်ထဲမှာ အေး အေးလူလူထိုင်ပြီး ရှာဖွေစေချင်တာ။ ကျန်တာတွေ ဘာမှသိပ်မတွေး ဖြစ်ဘူး။ ဒီလိုနဲ့ပဲ ကျွန်မကိုယ်ဝန်က လရင့်လာခဲ့သလို စီးပွားလည်း ဖြစ်ခဲ့ပါတယ်။ ကျွန်မမွေးရင် အဖော်ရအောင်ဆိုပြီး ကိုနေရဲ့အစ်မ ကြီးက လာနေပေးပါတယ်။ ပျော်စရာအတိပြီးတဲ့ မိသားစုဘဝလေး ကို ကျွန်မတို့ကြိုဆိုခဲ့ကြတယ်။

သမီးကလေးကို နွေရာသီရဲ့နေ့လေးတစ်နေ့မှာ မွေးဖွားခဲ့ ပါတယ်။ ဖြူဖြူ ဝဝကစ်ကစ်ကလေးမို့ ကျွန်မက 'နွေဦးဖြူ'လို့ မှည့် ခေါ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးက အမေကို သိပ်ခင်တွယ်ရှာတာ။ အေးချမ်းေ
တဲ့ မိသားစုလေးကို ကံကြမ္မာက အငြိုးတကြီးနဲ့ဖျက်ဆီးပစ်ခဲ့ပါတယ်

ကိုမနက အလှူတစ်ခုမှာ ထမင်း သွားချက်ပေးနေတုန်
ကိုခိုင်ထွန်း မလာစဖူး ရောက်လာခဲ့ပါတယ်။ တစ်ခါမှမလာဖူးတဲ့
က စိုးမေ ကလေးမျက်နှာမြင်တာကို လာကြည့်တာတဲ့. . ။ ကိုမန
အစ်မကလည်း သိမ်ကြီးဈေးမှာ လိုတာလေးတွေသွားဝယ်နေတဲ့အခ
ပေါ့။ သမီးလေးက လေးဖက်တွားပြီး ကျွန်မအနားမှာ ဆော့နေ
တာ။ ညှော်သည်ကို ညှော်ခံဖို့ တစ်ခုခု ဖျော်ပေးရန်အထ ရုတ်တရ
ခေါင်းထဲမှာ မိုက်ကနဲ ဖြစ်ပြီး လူက ခွေလဲပြီးအကျ ကိုခိုင်ထွန်း
ဆီးဖမ်းလိုက်သည်မို့ လူက သူ့ရင်ခွင်ထဲကို ရောက်သွားသည်။

'ဟော့ကောင်. . မယားခိုး၊ ကြာကူလီကောင်'

ဘုရား. . ဘုရား၊ နားထဲတွင် မိုးကြိုးအစင်းတစ်ရာပစ်လို
သလို မြည်ဟည်းသွားသည်။ အချိန်ကိုက် တစ်စက္ကန့်မှ မလွဲအော
ရောက်လာသော ကိုမနကို နှစ်ယောက်စလုံး ကြက်သေသေပြီး ေ
ကြည့်နေမိသည်။

စိုးမေက သတိဝင်ဝင်လာချင်း





'ကိုမန. . မှားမယ်နော်၊ ကျွန်မတို့ကိုအထင်မလွဲပါနဲ့ ကျွန်မ
နးလဲသွားလို့ ကိုခိုင်ထွန်းက ဖမ်းထားလိုက်တာပါ'

'တော်. . တိတ်စမ်း၊ သစ္စာမရှိတဲ့ မိန်းမ ငါ ဒီနေ့ နင်တို့နှစ်
ယောက်စလုံးကို သတ်မယ်'

အချစ်ဆိပ်တက်နေသောကိုမနက ပြောပြောဆိုဆိုပင် ထရံ
တွင် စိုက်ထားသောဓားကို ပြေးဆွဲသည်မို့ ကိုခိုင်ထွန်းက စိုးမေလက်
ကို ဆွဲပြီး အိမ်ပေါ်မှ ဆင်းပြေးပါတော့သည်။ တစ်ယောက်က စိတ်
အမှောင်ဖုံးနေချိန်တွင် ကိုယ့်အသက်ကို အလကား စတေးမခံနိုင်သ
ဖြင့် လွတ်ရာကျွတ်ရာသို့ ပြေးရခြင်း ဖြစ်သည်။

ကိုမန၏ဒေါသကိုသိသည်မို့ တစ်ပတ်ခန့် ပုန်းနေခဲ့ရသည်။
ကိုခိုင်ထွန်းရဲ့အမျိုးတစ်ယောက်အိမ်မှာ လုံခြုံစွာ နေခဲ့ရသည်။ သမီး
ကလေး နို့ဆာနေမှာကို မိခင်စိတ်ဖြင့် သိပြီး ငိုရတာလည်း ခဏ ခဏ
ပင်။

ပတ်ဝန်းကျင်ဆိုတာကလည်း တစ်ဆိတ်ကို တစ်အိတ်လုပ်
ပြောတတ်သည်မို့ ကိုယ်တွေ့ကြုံမှ အခက်အခဲက ဒုက္ခကျောက်ဆောင်
သို့ ရင်ဆိုင်ဖို့ ခက်လှသည်။ စိုးမေတစ်ယောက် ကိုခိုင်ထွန်းနောက်



www.burmeseclassic.com

www.burmeseclassic.com



ပါသွားပြီ ဆိုသည့်သတင်းက ပတ်ဝန်းကျင်တွင် မကြားချင်မှ အဆုံး ပါ။

နောက်ဆုံးတော့ ဖြစ်ချင်ရာ ဖြစ် သမီးကို လွမ်းသည့်စိတ် ဖြင့် ရပ်ကွက်ထဲ ပြန်လာပြီး အိမ်ရှေ့ရောက်တော့ 'အိမ်ရောင်းမည်' ဆိုသည့်ဆိုင်းဘုတ်က ရင်ဝကို ဆောင့်တွန်းပစ်လိုက်သည်။

စိတ်နာနာဖြင့် တမင်ရှောင်ပုန်းသွားသူကို ရှာရခက်လှပါ သည်။ တစ်နှစ်လုံးလုံး မပျင်း မမောမပြေ ရှာသလို ခံစားရပြီး နေရာအနှံ့ သမီးလေးကို ရှာခဲ့ပါသော်လည်း မတွေ့ရသောအခါ လူက ယိုင်နဲ့ လာသည်။

စိုးမေကို ကံကြမ္မာက တစ်မျိုးတစ်ဖုံ ပြောင်းလဲပေးလိုက် ပြန်သည်။ ကိုစနဘက်က အမျိုးတွေဆီကို သဲလွန်စ လိုက်ရင်း တစ် နေ့မှာ မင်္ဂလာဒုံဘက်၌ ရုပ်ရှင်လာရိုက်သော အဖွဲ့တစ်ဖွဲ့ကို တွေ့ သည်။

စိုးမေလည်း ဘာရယ်မဟုတ်၊ ရပ်ကြည့်မိပါသည်။ ထိုအဖွဲ့ ထဲမှတစ်ယောက်က စိုးမေကို တွေ့သွားပြီး သူ့အနားမှ ဒါရိုက်တာ ဖြစ်ဟန်တူသူအား တိုးတိုးကပ်ပြောသည်။ သူတို့ဘာတွေပြောသလဲ





ဆိုတာကို စိုးမေ မသိပါ။ မင်းသားကိုသာ ငေးပြီး ကြည့်နေမိသည်။ ဘစ်ခုတော့ သတိထားမိသား။ မင်းသမီးလေး . . . ဒီရုပ်ရှင်အဖွဲ့မှာ မင်းသမီး ပါမလာပါလား။

'ဒီက ညီမကို ဒါရိုက်တာက ခဏခေါ်ခိုင်းလိုက်လို့'

'ဘာကိစ္စရှိလို့လဲ'

'သူနဲ့ ပြောကြည့်ပါလား'

'ကောင်းပြီလေ'

Monitor ရှေ့တွင် အလုပ်ရှုပ်နေသော ဒါရိုက်တာက စိုး မေကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း

'မင်း ရုပ်ရှင်ရိုက်မလား'

ဟု ဆိုင်းမဆင့် ဗုံမဆင့်မေးလေသည်။

'ရှင်'

နားရှိလို့သာ ကြားရသည်။ အကြားမှား မှားလေရော့သ လား။ ဘယ့်နှယ်ပါလိမ့်။ ကလေးတစ်ယောက်အမေ၊ တစ်ခုလပ်မ (လောလောဆယ်)ကို ရုပ်ရှင်ရိုက်မလားတဲ့။

'ဒီလိုပါ ကလေးမ၊ ဦးတို့ရွေးထားတဲ့ မင်းသမီးက ကား



www.burmeseclassic.com

www.burmeseclassic.com



accident ဖြစ်လို့ ဆေးရုံတင်ထားရတယ်၊ သူက မင်းနဲ့တော်တော် တူတယ်လေ၊ ရုပ်ရည်ရော၊ အရပ်အမောင်းရော၊ ကိုယ်လုံးကိုယ်ပေါက်ရော အားလုံး ဆင်နေတော့ မင်းသာ သရုပ်ဆောင်တတ်ရင် ဖြစ်နိုင်ပါတယ်၊ ဘယ်လိုလဲ၊ အခွင့်အရေးဆိုတာ နှစ်ခါ မလာဘူးနော်၊ စဉ်းစားထား . . ဒီမှာ ဖုန်းနံပါတ် . . ၊ ရိုက်မယ်ဆို မနက်ဖြန် အကြောင်းပြန်လိုက် ဟုတ်ပြီလား'

စိုးမေ တစ်ညလုံး စဉ်းစားပါသည်။ လက်ရှိရပ်တည်နေတဲ့ဘဝက စားဖို့တောင်မှအနိုင်နိုင်။ သမီးကိုရှာတွေ့ဖို့က ငွေလိုသည်။ ငွေမရှိတော့ လိုရာခရီးမပေါက်နိုင်။

ဒီလိုနှင့်ပဲ စိုးမေဆိုသော မိန်းကလေးသည် ရုပ်ရှင်အသိုင်းအဝိုင်းထဲ ရောက်ခဲ့ရပါသည်။

'စိုးခေတ်ချို'ဟူသော အမည်ဆန်းဆန်းလေးဖြင့် ပရိသတ်တွေ၏မေတ္တာကို ချူယူနိုင်ခဲ့သည်။

နယ်ရော မြို့ပါ လျှမ်းလျှမ်းတောက် ကျော်ကြားလာခဲ့ပြီး သုံးနှစ်အကြာတွင် မုဆိုးဖို ကလေးတစ်ယောက်အဖေ ကိုအောင်မှုးဆင့်နှင့် အကြောင်းပါခဲ့လေသည်။





'စိုး'ဟု ခေါ်နသော ခအောင်မြင်သည့် ဘဝတွင်လည်း သမီးလေးကို နေ့စဉ်နှင့်အမျှ လွမ်းဆွတ်ရပါသည်။ ရုပ်ရှင်ရိုက်သွားသည့် မြို့တိုင်းမှာ သမီးကို ရှာခဲ့သည်။ နှစ်တွေကြာခဲ့ပါပြီ။

မေမေ့ရှေ့ကို ဘာလို့ရောက်မလာတာလဲ သမီးလေး နွေဦးဖြူရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

ကိုယ်ရေစစ်နေတဲ့ ပန်းပုရုပ်ကလေးဟာ တဖြည်းဖြည်းရုပ်လုံးကြွကာ လှပလာပါသည်။ normal အနေအထားကို မရောက်သေးပေမယ့် ကြည့်ပျော်ရှုပျော်နှင့် အဝတ်အစားဝတ်လို့ အဆင်ပြေတဲ့ body လေးတော့ ဖြစ်လာပါသည်။ အဝလွန်(over weight) အဆင့်မှ ဝသောအဆင့်သို့ ကျသွားသကဲ့သို့ ပင်စည်ရှင်သည် ငါးလအတွင်း ပေါင်နှစ်ဆယ်ကျော် ကျသွားသဖြင့် ပေါင် ၁၅၀ဖြစ်သွားပြီး လူလည်း ပေါ့ပါးမြူးကြွသွားပုံရသည်။ ဆံပင်က အရှည်ထားနိုင်းသဖြင့် ဆံပင်လည်း ကျောလယ်သို့ရောက်နေပြီဖြစ်သည်။





'ပင်စည် မင်းတော်တော်ပျော်နေပုံရတယ်နော်'

'ပျော်တယ်ဆိုတာထက် ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ရှိလာတယ် အစ်ကို၊ ပင်စည် နောက်ထပ်ပေါင်သုံးဆယ်လောက် ထပ်ချပြီးရင် မင်းသမီးလုပ်လို့ရပြီလားဟင်'

'သေချာပြီလား ပင်စည်၊ ဒါဆို အစ်ကို ဇာတ်တွေ ရေးထားလိုက်တော့မယ်နော်'

ပင်စည်က သူမ၏dimple (ပါးချိုင့်)လေး တစ်ဖက် ပေါ်သွားအောင် ချစ်စရာကောင်းစွာ ရယ်ပြပါသည်။ ရိုးရှင်းသောမျက်နှာလေးတွင် ဟန်ဆောင်မှုမရှိ။ နောက်တစ်ခု သူ ဖတ်နိုင်တာက ပင်စည်၏မျက်နှာသည် အနုပညာမြောက်သည်။ ခံစားမှုတစ်ခုကို ပေးနိုင်စွမ်းရှိနေသည်။ ဒီထူးခြားချက်လေးတစ်ခုက လူတွေကို ဆွဲဆောင်ဖို့ အကောင်းဆုံးဖြစ်လို့နေလေသည်။

'အစ်ကို ကျွန်မမျက်နှာမှာ ဘာတွေရှိနေလို့ ဒီလောက်အကဲခတ်နေရတာလဲ၊ ဪ. . သိပြီ၊ ဒါရိုက်တာမျက်စိနဲ့ ကြည့်နေတာမဟုတ်လား၊ ကျွန်မ ဘာဇာတ်တင် လုပ်ပြရမလဲ ဒါရိုက်တာကြီး'

ကလေးဆန်တဲ့မျက်နှာလေးရယ်၊ ပွင့်လင်းတဲ့ အပြောအဆို



www.burmeseclassic.com

www.burmeseclassic.com



လေးတွေရယ်၊ ချစ်စရာကောင်းတဲ့ အပြုံးလေးတွေက ဆုံမှတ်ခေါင်း ထဲက အသိဉာဏ်ကို ဖျတ်ခနဲ မီးမောင်းထိုးပြလိုက်သည်။ ဒီည. . ပင်စည်အတွက် ရေးစရာ ဇာတ်လမ်းတစ်ပုဒ်ကို သူ ရသွားပြီ ဖြစ် သည်။

လက်ထဲမှ စီးကရက်ကို အောက်သို့ချ၍ နင်းချေပစ်လိုက် ရင်း ဆုံမှတ်က ညင်သာစွာ ပြုံးသည်။

'မင်းရဲ့အပြုံးတွေ၊ အကြည့်တွေ၊ အပြောအဆိုတွေက လုံး၀ natural ပဲ၊ အဲဒါတွေကို ဘယ်တော့မှပြောင်းလဲဖို့ မကြိုးစားနဲ့၊ လူ တစ်ယောက်မှာ အလှတစ်မျိုးစီတော့ ရှိကြတာပဲ၊ မင်းမှာရှိတဲ့ အလှ တရားက မင်းကို ထိပ်ဆုံးရောက်အောင် ပို့ပေးပါလိမ့်မယ်၊ ခန္ဓာကိုယ် သွယ်သွယ်လေးဆိုရင်တော့ ပိုပြီး သွက်လက်သွားမှာပေါ့'

'ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ကြောင့်သာ အားတင်းထား ရတာ၊ ကျွန်မသာ ပူစီဖောင်းလိုလူဆိုရင် မထိန်းနိုင်တဲ့တစ်နေ့ ပြန်ဝ လာမယ်ထင်တယ် အစ်ကိုရယ်'

ဆုံမှတ်က ပင်စည်ကိုကြည့်ပြီး ကရုဏာသက်သွားပါသည်။ စားချင်တာ မစားရတဲ့ဘ၀၊ လူချင်းအတူတူ သူများက ထမင်းနှစ်နပ်





စားပြီး သူ့မှာတော့ တစ်နပ်တောင်မှ ရေလုံပြုတ်နှင့်စားနေရတာလေ။ သူလည်း စားချင်ရှာမှာပေါ့။

'ပင်စည်. . လာ. . ထ'

'ဘယ်သွားမလို့လဲ အစ်ကို'

'China Town သွားမယ်'

ပင်စည်လည်း ဘုမသိဘမသိပုံစံလေးနှင့် ဆုံမှတ်ကားပေါ် ပါလာခဲ့သည်။ စောဒကတက်ပြီးလည်း မမေးရဲရှာ။

တရုတ်တန်းရောက်တော့ သူ့ကားလေးကို ၁၉လမ်းထဲသို့ ချိုးဝင်လိုက်သည်။ ကားပါကင်ထိုးပြီးနောက် ပင်စည့်ကို အောက်ဆင်း စေသည်။ ဒီတော့မှ ပင်စည်လည်း မဝံ့မရဲလေးဖြင့်

'ကျွန်မ ဘာလုပ်ရမှာလဲ အစ်ကို'

'ဝါးတီးလေ. . မင်းကို အ၀ကျွေးမလို့'

'တကယ်'

'တကယ်ပေါ့'

ပျော်သွားတော့လည်း ပျော်တဲ့အကြောင်းကို မျက်ဝန်းလေး တွေမှာ မြင်သာအောင် ပြတတ်တာပဲလား ချာတိတ်ရာ. . ၊ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ပြင်လုံးမှာ အနုပညာတွေ ရှိနေပါတယ်ကွာ၊ ဟုတ်တယ် သိပ်ကို သေချာတယ်။

အချိန်က ည ၆နာရီဆိုတော့ တရုတ်တန်းမှာ လူတွေစည်ကားနေပါပြီ။ အကင်ဆိုင်ပေါင်းစုံက အကင်နံ့လေးတွေ မွှေးလာတော့ ဗိုက်က ပိုဆာလာသည်။ ခါတိုင်းဆို ရေသောက်ဗိုက်မှောက်နေရပြီလေ။ အစ်ကို မှာကျွေးတာတွေကလည်း များမှများပါပဲ။ အကင်ပေါင်းစုံ၊ ဟင်းပေါင်းစုံမို့ ဘာအရင်စပြီး စားရမလဲ မသိတော့ပါ။

'စားလေ. . ပင်စည်၊ ဖြည်းဖြည်းချင်း စားပေါ့၊ ထမင်းနဲ့စားမလား'

ဟင့်အင်း။ ပါးစပ်ကို သိပ်အလိုလိုက်လို့မဖြစ်ပါ။ ငါးလလုံးလုံး ပင်ပန်းဆင်းရဲခံခဲ့သမျှ ရေစုန်မျောသွားလျှင် ဒုက္ခ။

'ညဘက်ရောက်နေပြီ အစ်ကို. . . ကျွန်မ ထမင်းမစားချင်တော့ဘူး၊ ဟင်းတွေပဲ စားပါ့မယ်'

'ချာတိတ်. . မင်းတောင် တော်တော်ထိန်းနိုင်နေပြီပဲ၊ ဒါနဲ့ အအေးသောက်လေ၊ ဒီလမ်းထဲမှာ ထောပတ်သီးဖျော်ရည် ကောင်းတယ်ကွ'





ပင်စည်က လက်ကလေး ကာပြသည်။

'သံပုရာရည်ချဉ်ချဉ်လေးဆို ရပြီ အစ်ကို၊ သူက ကယ်လိုရီနည်းတယ်'

အမယ်. . ဘယ်ဆိုးလို့လဲ။ဆုံမှတ်က ကိုယ့်စာပည့်ကို အမှတ်တွေ ပိုပေးမိသည်။ မြိန်ရည်ယှက်ရည်စားနေရှာတဲ့ ပင်စည့်ကိုကြည့်ပြီး သူ့ကိုယ်သူ အံ့ဩနေသည်။ ချောပေ့လှပေ့ဆိုတဲ့ မင်းသမီးတွေ၊ မော်ဒယ်လ်မလေးတွေ၊ မင်းသမီးဖြစ်ချင်လို့ သူ့အနားလာလာကပ်တဲ့ ကောင်မလေးတွေမှ အများကြီးကို တွေ့ဖူးတာ၊ စိတ်မဝင်စားသလို ဘာခံစားချက်မှလည်း မဖြစ်ပေါ်ခဲ့။

ဒီကောင်မလေးကျမှ သံယောဇဉ်တွေ ပိုမိတာ ဘာကြောင့်ပါလိမ့်။ ရယူလိုစိတ် မရှိဘဲ ပေးဆပ်ချင်နေတာလည်း တစ်မျိုးဆန်းနေပြန်ရော။ ဒါကို ဘာလို့ခေါင်းစဉ်တပ်ရမှာလဲ။

'ပင်စည်. . မင်းက ငယ်ငယ်ကတည်းက ဝတာလား'

'မဟုတ်ဘူး အစ်ကို၊ ကျွန်မ ခြောက်တန်း၊ ခုနစ်တန်းလောက်အထိက ပိန်သေးတယ်၊ ဟိုလေ. . . ဝါးခြမ်းပြားလိုတော့ ပြားတပ်မနေဘူးပေါ့၊ ကျွန်မမှာ ခါတ်ပုံပါတယ်၊ အစ်ကို ကြည့်မလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မလဲ . . ပြလေ'

'ရော့ . . ကြည့်ပြီး မရယ်ရဘူးနော်'

ဓာတ်ပုံထဲက ကောင်မလေးက အချိုးအဆစ်ပြေပြစ်စွာ လှ သွေးကြွယ်နေသည်။ အစွမ်းကုန်ပွင့်လန်းဖို့အားယူနေတဲ့ ပန်းဖူးလေး လို မှုန်နေအောင် လှသည်။ ရယ်နေပုံလေးကလည်း အပြစ်ကင်းစင် သည်။

'မင်း . . တော်တော်လှတာပဲ ပင်စည်'

စားနေတဲ့ ဟင်းရဲ့အရသာတွေကို မေ့သွားလောက်အောင် အစ်ကိုရဲ့ ဒီစကားလေးက စွမ်းဆောင်နိုင်ပါသည်။ အစ်ကိုချီးကျူးတဲ့ အသံလေးက ကျွန်မနားထဲမှာ ချိုလိုက်ပါဘိ။

■



အခန်း (၁၉)

ရင်တွေ တုန်လိုက်တာ။ ဒီည အိပ်လို့မှပျော်ပါတော့မလား။ အစ်ကိုက ကျွန်မကို အသေးစိတ်ကအစ လိုက်ပြီး ဂရုစိုက်တတ်တာ သိပ်ချစ်ဖို့ကောင်းတာပဲ။ ကျွန်မ တစ်သက်လုံး ဝလို့ဆိုပြီး ယောကျ်ား လေးတွေက ဝိုင်းပြီး လှောင်ပြောင်ကြတယ်။ တစ်ခါမှ ကြင်ကြင်နာ နာနဲ့ဆက်ဆံတာကို မခံရဖူးဘူး။

အစ်ကိုက ကျွန်မကို ဘယ်တော့မှ မရှုံ့ချဘူး။ အားပေးခဲ့ တယ်။ ဂရုစိုက်ခဲ့တယ်။ ကြင်နာခဲ့တယ်။ ဒါတွေနဲ့တင် ကျွန်မဘဝ ကြီး လုံခြုံနေပါပြီ အစ်ကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ခံယူချက်တစ်ခု ရှိတယ်။ ကျွန်မကို လုပ်စားလို့ မရအောင် စွပ်စွဲခဲ့တဲ့ မီယံကို ကျွန်မ မသေခင် နိုင်သွားချင်တယ် တစ်လောကလုံးကို အရှုံးပေးချင် ပေးရပါစေ။ သူ့တစ်ယောက် တော့ ဘယ်တော့မှအရှုံးမပေးဘူး။ ငွေကြေးမနေအရာမှာ ကျွန်မ သူ ကို မယှဉ်နိုင်ပါဘူး။ ဒါပေမယ့် အနုပညာချင်းယှဉ်ရင် ကျွန်မ တ ပန်းသာစေရမယ်။ ဒီလိုယှဉ်ဖို့အခွင့်အရေး ကျွန်မမှာ ရှိနေသေးတ အစ်ကို့ကို ကျေးဇူးတင်ရမှာပါ။ လောကကြီးတစ်ခုလုံးကို စိန်ခေါ် အောင် အစ်ကိုက ကျွန်မကို အားတွေဖြစ်စေခဲ့လို့ပေါ့။

ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ လှိုင်းတံပိုး ကျောက်ဆော ကျွန်မဘဝကို ဆွဲခေါ် ထုတ်ပေးမယ့်သူဟာလည်း အစ်ကိုပါပဲ။

မညာပါနဲ့ အစ်ကို။ ကျွန်မ အစ်ကို့မျက်လုံးတွေရဲ့အဓိပ္ပာ ကို ကောင်းကောင်းဖတ်တတ်ပါတယ်။ ကျွန်မနဲ့ပတ်သက်တဲ့ သံယော ဇဉ်တွေ အစ်ကို့မျက်ဝန်းမှာ မြူတွေဆိုင်းပြီး ရစ်တွယ်နေတယ်။

အစ်ကို. . ကျွန်မအပေါ် မှာ ထားတဲ့ ယုံကြည်ချက်နဲ့ ခံ ချက်တွေ မပျက်ပြားစေရဘူး အစ်ကို။ အဲဒီအတွက် ကျွန်မ အမြန် ပိန်အောင် လုပ်ပါ့မယ်။

ဆောင်းညပြာသိုစာပေ



အစ်ကို့ကျေးဇူးတွေကို အောင်မြင်တဲ့ ဘဝအနေအထားနဲ့ ပြန်ဆပ်ပါ့မယ်လို့ တိုင်တည်ပြီး ပြောရဲပါတယ်ရှင်။

စုစုပေါင်း ဆယ်လအတွင်းတွင် ပင်စည်ရှင်သည် မယုံနိုင် လောက်အောင် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ပေါင် ၁၂၀သာ ရှိ တော့သောခန္ဓာကိုယ်သည် ၅.၄'ရှိသော သူ့အရပ်အမောင်းနှင့်လွန် စွာမှ လိုက်ဖက်တင့်တယ်နေပါသည်။

ဆံပင်ရှည်တွေကို ဆိုင်မှာ digital စက်ဖြင့် လှပစွာကောက် ထားပြီး ဆေးဆိုးလိုက်သောအခါ တစ်ခန်းတည်း အတူနေ သူငယ် ချင်းတွေပင် လူမှားသွားလေသည်။ စနစ်တကျ လေ့ကျင့်ထားသော body ကောက်ကြောင်းကလည်း ပုရိသတွေမဆိုထားနှင့် မိန်းကလေး ချင်းပင် ငေးကြည့်နေရသည့်အဖြစ်။

လေတိုက်လိုက်တိုင်း ဆံနွယ်ခွေခွေလေးတွေ လွင့်မျောနေ ပုံက ရင်ခုန်စရာကောင်းလှသည်။

ပင်စည်က ဆုံမှတ်ကို ပဟေဠိဝှက်ထားသည်။ နှစ်လအတွင်း လုံးဝ မတွေ့အောင် ရှောင်နေလိုက်သည်။ အခု ဒီပုံနှင့်ပင်စည်ရှင် ကိုတွေ့လျှင် အစ်ကို ဘယ်လိုခံစားရမလဲ။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့မျက်နှာပြင်ပေါ်က အပြောင်းအလဲတွေကို တစိမ့်စိမ့်ကြည့်ပြီး ခံစားချင်သည်။

ဝိတ်လျှော့နေစဉ်ကာလတွေမှာ ပင်စည်က designerသင်တန်းကို တက်ဖြစ်သည်။ အဝတ်အစားဒီဇိုင်းတွေကို ဆန်းနိုင်သမျှဆန်းအောင် ထွင်သည်။ လောလောဆယ် ပိုက်ဆံမတတ်နိုင်တော့ စာအုပ်ထဲမှာပဲ ဒီဇိုင်းတွေ ဆွဲထားသည်။

မင်းသမီးလုပ်လျှင် ဝတ်ဖို့ အဝတ်အစားတွေကို ကြိုတင်ပြီးပြင်ဆင်ထားခြင်းသာ ဖြစ်သည်။

ပင်စည် ပြန်လာပြီ အစ်ကို။ ခေါင်းငုံ့အရှုံးပေးပြီး ထွက်ခဲ့တဲ့ ဒီလောကထဲကို ပင်စည် ပြန်ဝင်တော့မယ် အစ်ကို. . လက်ကမ်းပြီး ကြိုနေပါနော်။

'Fat of beauty' မဟုတ်တော့ပါဘူး။ ပင်စည်က 'Queen of beauty'ဖြစ်နေပါပြီ။

လမ်းထွက်ရင် ကောင်လေးတွေ ရေလည်ကြွေတာ အသိသာကြီး။ အမေမွေးပေးလိုက်တဲ့ မျက်လုံးလေးက ဒီနေရာမှာ စကားပြောတယ်လေ။ ပုလဲတစ်လုံး ရွှေတစ်လုံး ဆိုသလို ဝိုင်းစက် လှပတဲ့





မျက်လုံးကလေးနှင့် မျက်တောင်ကော့ကော့ကြီးတွေကို သမင်လည်ပြန် (အမှန်က လူလည်ပြန် ဖြစ်ရမှာနော်) ကြည့်တဲ့ ဘဲတွေထဲမှာ အရွယ်သုံးပါးစလုံး ပါနေတာ ခက်. . ခက်လှချည်ရဲ့။

'ဟာ. . တို့အစ်မက ရေလည်လန်းနေပါလား၊ အိတုန်တို့ရေ. . လာကြည့်ကြဦးဟေ့'

အမည်းရောင် ဒူးဖုံးဂါဝန်တစ်ဆက်တည်းက သူမခန္ဓာကိုယ်မှာ ချပ်ရပ်စွာနေရာယူထားသည်။ ကြိုးတစ်ချောင်းအောက်မှအသားဖွေးဖွေးလေးတွေက တစ်မျိုးဆွဲဆောင်မှုရှိစေသည်။ ဆံနွယ်ခွေခွေကလေးတွေက ပခုံးကို ကျော်ပြီး ရင်ဘတ်ပေါ်မှာ လှပစွာ ဝဲဖြာနေသည်။

မျက်နှာလေးမှာ မိတ်ကပ်ပါးပါးလေး လိမ်းပြီး မျက်ခွံတွေပေါ်မှာ ကာလာတင်ထားသည်။

ပန်းဖျော့ရောင်နှုတ်ခမ်းနီလေးက ကကြီးပုံ နှုတ်ခမ်းကလေးထက်မှာ စိုစိုလေးဖြင့် လှပလွန်းနေသည်။

တစ်ကိုယ်လုံးကို ခြေပြန်ခေါင်းပြန် အပြန်ပြန် အလှန်လှန် ကြည့်နေကြသော ထိုအုပ်စုကို ပင်စည်က



www.burmeseclassic.com

www.burmeseclassic.com



'နင်တို့တွေ ဘယ်လိုဖြစ်နေကြတာလဲဟယ်. . . မမ ဒီမှာ အနေရခက်လာပြီဟဲ့'

'မမ မှန်မှန်ပြောစမ်း၊ ဘယ်သူနဲ့ချိန်းထားတာလဲ၊ ဒါနဲ့ ခ တစ်လော ဟိုဒါရိုက်တာကြီးကို မတွေ့ရဘူးနော်'

'မမက မင်းသမီးလုပ်မှာဆိုတော့ ခုကတည်းက ဝအောင် ကြည့်ထားရတာ'

'အိတုန် လောင်းရဲတယ်သိလား မမကျိန်းသေအောင်မြင်မှာ'

'ညီမလေးတွေအားလုံးကို ကျေးဇူးတင်ပါတယ်ကွယ်၊ မ က ကံကြမ္မာနဲ့ နပန်းလုံးရဦးမှာ'

'မမကို ဟိုဒါရိုက်တာကြီးက ရိုက်ပေးမှာ မဟုတ်လား၊ သူ စတိုင်လ်က အရမ်းမိုက်တယ်နော်၊ ဒါရိုက်တာမလုပ်ဘဲ မင်းသားလုပ်ရ ကောင်းတာ၊ တော်တော်ဆွဲဆောင်မှု ရှိတယ်၊ သိလား'

'ယောကျ်ားပီသလိုက်တာလဲ လွန်ရော'

'ဟင်. . နင်က ဘယ်လိုလုပ်သိတာလဲ အိတုန်မ'

'အမယ် ဒီလိုပဲ ကြည့်ပြီး သိတာပေါ့၊ ကြင်နာတတ်ပုံလည်း ရတယ်နော်၊ မမတော့ ကံကောင်းပါတယ်လေ'





သူတို့တွေက အစ်ကိုနှင့်ကျွန်မကို အတွဲဟု ထင်နေကြပုံရသည်။ ကျွန်မက မဟုတ်ကြောင်း ဖြေရှင်းချက် ထုတ်ရပါသည်။

တကယ်က သူတို့ထင်သည့်အတိုင်းဖြစ်စေချင်တာက ကျွန်မဆန္ဒ။

'ကိုဆုံမှတ်က မမဆရာအရင်းပါကွယ်၊ ညီမတို့ထင်သလို မဟုတ်ပါဘူး၊ မမကို ရိုးရိုးသားသားကူညီနေတာပါ'

'ရိုးရိုးသားသားလား၊ ကြိုးကြိုးစားစားလားမှ မသိတာ၊ မမလူ ကြည့်ရတာ. . နည်းနည်းတော့ ပိုပါတယ်နော်၊ မဟုတ်ဘူးဆိုရင် ဘယ်သူကမှ မနက် ငါးနာရီ ဒုက္ခခံပြီး လိုက်ပြေးပေးမှာ မဟုတ်ဘူး၊ အိတုန်တို့ ထပြေးချင်လို့ဆို လိုက်ပေးမှာမို့လို့လား. . . ဝေးသေး. . တွန်း'

'ဒါကတော့ အိမ်ချင်းနီးလို့ပါကွယ်၊ ကန်တော်ကလေးတင်ပဲဆိုတော့ လမ်းကြုံနေတာကိုး ညီမလေးရဲ့'

'မမဘက်ကရော ရိုးသားလား၊ ပြော. . ပြောပြ၊ သိချင်လို့'

'ဒီကောင်မလေးတွေတော့နော်၊ ဒီနေ့ ဘယ်လိုဖြစ်နေကြမှန်းကို မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မမနဲ့သူ ဘာမှမဟုတ်ဘူးဆိုရင် အိတုန်တို့နဲ့မိတ်ဆက်ပေး လေ'

ပင်စည့်ရင်ထဲတွင် အမျိုးအမည်တပ်၍မရသော ဝေဒနာ တစ်ခု ဖြစ်ထွန်းသွားသည်။ ရှင်းရှင်းလင်းလင်းပြောရရင်တော့ ရှေ့ ဝင်တာပေါ့။ ဆုံမှတ်ဆိုတဲ့ အစ်ကို့ကို ပင်စည်ကလွဲပြီး ဘယ်သူ့ စိတ်မဝင်စားစေချင်တာလေ။

'ကြည့်. . ကြည့်၊ မမမျက်နှာကြီး ညိုမည်းလာပြီ၊ ဟော. . ဟော. . စူပုပ်လာပြီ၊ တွေ့လား. . ဟား. . ဟား. . . ဒါနဲ့များ ပြော တော့ ဘာမှမဟုတ်ဘူးတဲ့၊ ပေါက်ကုန်ပြီနော်၊ ပေါက်ကုန်ပြီ'

ပင်စည်က ရှက်ရမ်း ရမ်းပြီး သူတို့တွေကို လိုက်ထုပါတော့ သည်။ လေးယောက်သား ပတ်ပြေးပြေးနေသဖြင့် အိမ်ထဲတွင် ဝရုန်း သုန်းကား ဖြစ်နေကြသည်။ ပင်စည် ပျော်နေတယ် အစ်ကို။ သူတို့ ပြောသလို တကယ် ဖြစ်ချင်တာပါရှင်။ နောက်နေတာ မဟုတ်ဘူး အတည်ပြောနေတာနော်။

■



## အခန်း (၂၀)

ပင်စည်က ဆုံမှတ့်ဖုန်းကို လှမ်းခေါ်လိုက်သည်။ နှစ်လနီး ပါး မကြားရတဲ့အစ်ကို့အသံက ဖုန်းထဲမှာ သိပ်နားထောင်လို့ကောင်း တာပဲ သိလား။

'အစ်ကို. . ကျွန်မကို လာတွေ့လို့ရပြီ'

'မင်း. . ဘယ်မှာလဲ ပင်စည်၊ အစ်ကို လာခေါ်မယ်လေ'

'လမ်းထိပ်က အအေးဆိုင်မှာ စောင့်နေမယ် အစ်ကို'

'OK လေ၊ အခုလာခဲ့မယ်. . bye'

အစ်ကို ဘာကြောင့် မြူးကြွနေပါလိမ့်။ သူလည်း ကျွန်မလို



www.burmeseclassic.com

www.burmeseclassic.com



ပဲ မတွေ့ရတာ ကြာလို့ လွမ်းဆွတ်နေတာလား၊ သတိများ ရနေမ လား။ အိုး. . ရင်ခုန်သံတွေ ရိုက်ချက်ပြင်းပါဘိ။ ခုချိန်မှာများ hear rate ကို တိုင်းကြည့်မယ်ဆိုရင် 96 လောက်တော့ ရှိမယ် ထင်တယ်

ပင်စည့်တစ်သက် ဒီအချိန်လောက် ဂနာမငြိမ်တာ မရှိတော့ ပါ။ အိတ်ထဲက မှန်လေးတော့ ပြူစူနေရော့မည်။ ခဏခဏ ထုတ် ကြည့်လွန်းလို့လေ။ ဘာနဲ့တူလဲ ဆိုတော့ ရည်းစားဦးနှင့် ပထမဆုံး အကြိမ်ချိန်းတွေ့ရတဲ့ feelingမျိုးလေ။ ခုဟာက ရည်းစားလည် မဟုတ်ဘဲနဲ့. . . နည်းနည်းများ ကြောင်နေမလားပဲ။

မိန်းကလေးက စပြီး မချစ်ရဘူးလို့ ဘယ်သူကများ သတ် မှတ်ထားခဲ့သလဲကွယ်။ မိန်းကလေးလည်း ခံစားတတ်တဲ့ အသည် နှလုံး ရှိတာပဲ။ ခေတ်အဆက်ဆက် အရွေးချယ်ခံဘဝ ဖြစ်နေရတာ ဘောင်ကျဉ်းသွားတာပေ့ါ။ ယောကျာ်းတွေကျတော့. . လွတ်လပ်တဲ့ ဘယ်မိန်းကလေးကိုမဆို (ခုနစ်ရက်သားသမီးမကလို့'ရာဟုတောင် ပါသေး။) နောက်ပိုးစွဲခွင့်ရှိတယ်။ ရွေးချယ်ခွင့်ရှိတယ်လေ။ မိန်းမတွေ မှာကျတော့ သူတို့က ကြိုက်မှ၊ ချစ်ရေးဆိုမှ ပြန်ပြီး ရွေးခွင့်ရကြတာ (OK လေ၊ မိန်းကလေးတွေ အကုန်လုံးကို မေးချင်တယ်။ ကိုယ့်ကို





propose လုပ်လာတဲ့သူတွေကို ပြန်ကြိုက်လိုက်ရတာ စိတ်ထဲက 100% သေချာရဲ့လား)

ကျွန်မကတော့ သေချာပါတယ်လို့ ဖြေတဲ့သူတွေကို နည်း နည်းတော့ မုသားပါမယ်လို့ထင်တယ်. . . ဟုတ်တယ် မဟုတ်လား ဟင်. . . တိုးတိုးတိတ်တိတ်ပေ့ါ။ အမှန်တကယ်က ကိုယ်က ရွေးခွင့် မရှိလို့ ကိုယ့်ကိုရွေးလာတဲ့သူတွေကို ခေါင်းညိတ်လိုက်ရတာမျိုးပါ။ တစ်ခုတော့ ရှိတယ်. . . ကံကောင်းတဲ့မိန်းကလေးတွေကျ မင်းသား လို ရုပ်ရည်မျိုးနဲ့ ချမ်းသာတဲ့သူဌေးသားတွေလက်ထဲမှာ ကံစမ်းမဲ ပေါက်သွားပါတယ်. . ဒါမျိုးကျတော့ over 100% လို့ ဖြေရင် လက် ခံနိုင်ပါတယ်။

ခက်တာက. . . ဒီဘက်ခေတ် 21st century ကြီးထဲမှာ ယောကျာ်းတွေက ပိုပြီး ပါးနပ်ပါတယ်။ ကိုယ့်ကို ပြန်ပြီး answer မပေးမယ့်သူကို အချိန်ကုန်ခံပြီး ရည်းစားစကား ပြောမှာ မဟုတ်ပါ ဘူး. . . မီးစိမ်းပြမှ လှုပ်ရှားတတ်တဲ့အမျိုးတွေပါ။

သူတို့ယောကျာ်းတွေတော့ မပြောတတ်ပါဘူး။ ဒီဘဝမှာ ပင်စည်ရှင်ရေ. . နင်ကြိုက်တဲ့သူကို နင် ရည်းစားစကားပြောခွင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့များ permitရကြည့်ပါလား. . လာထားပဲ။ အဲဒါကမှ အခ
စစ်နော်။ တကယ့်အနှစ်ပဲလေ။

ယောကျ်ားလေးတွေ ခွဲခြားတတ်အောင် ပြောတာပါ။
တစ်ခါ Miss Universe 2009 ရွေးပွဲကျရင် ယောကျ်ားနှင့် မိန်း
ဘာကွာသလဲလို့ မေးတဲ့အခါ ဒိုင်လူကြီးတွေက အဖြေမှန်ကို သိဖို့
ပါတယ်။

(Answer - ယောကျ်ားတွေသည် ရည်းစားစကား ပြောတတ်သည်
- မိန်းမတွေသည် ခေါင်းညိတ်တတ်သည်။)

That's right - အဲဒီအဖြေသည် ကွက်တိ မှန်ကန်
အတွက် Miss Universe 2009 ဘွဲ့ကို ရက်ရက်ရောရောကြီး
ပေးလိုက်သင့်ပါသည်။

ကျွန်မက အစ်ကို့ကိုစောင့်ရင်း တွေးချင်ရာတွေ လျှော
တွေးပစ်လိုက်သည်။ အစ်ကို့ကားက ဆိုင်ရှေ့မှာ ရပ်လာပြီး ဆိုင်
က စားပွဲအနှံ့ ဟိုသည် ကြည့်လို့ တစ်ယောက်ယောက်ကို လိုက်ရှာ
နေသည်။ ကျွန်မကိုလည်း တစ်ချက်လှမ်းရှူးလိုက်သေးသည်။ ပြီးတော့
အကြည့်တွေက ကျော်သွားပြန်သည်။ အစ်ကို. . ဘာဖြစ်နေတာလဲ





မြတ်စွာဘုရား. . ကျွန်မကိုများ မမှတ်မိတော့တာလား။ ကျွန်မ. .
ကျွန်မက ဒီလောက်တောင် ပြောင်းလဲသွားပြီလား။

အစ်ကိုရေ. . ကျွန်မ ဒီမှာ'

စိတ်မရှည်တော့သော ကျွန်မက လက်ညှိုးကလေး ထောင်
ပြီး လှမ်းခေါ်လိုက်ပါသည်။ အစ်ကို့မျက်လုံးထဲက ပုံရိပ်တွေကို သရုပ်
ခွဲပြချင်ပါရဲ့။ တော်တော်လေးကို အံ့အားသင့်နေတာလေ. . . လူက
ကားပေါ်က ဆင်းသာလာတာ. . ကျွန်မဆီက အကြည့်တွေက ရုပ်
သိမ်းမသွားဘူး. . သိလား။ ကားပေါ်ကနေ ဆိုင်ထဲရောက်တဲ့အထိ
လမ်းမှာ ခလုတ်တိုက်တာက နှစ်ခါ။

'မင်းက ပင်စည်လား. . . တကယ်ပဲ ပင်စည်လားဟင်'

'တကယ်ပေါ့ အစ်ကိုရဲ့. . . ကျွန်မ အသံတော့ ပြောင်းမ
သွားပါဘူးနော်'

'ဟား. . မင်း သိပ်တော်တယ် ပင်စည်၊ ပြောရင် ပြောတဲ့
အတိုင်း လုပ်နိုင်တယ်နော်. . . အစ်ကို ဂုဏ်ယူပါတယ်ကွာ. . ဒီနေ့
အစ်ကို့မျက်လုံးထဲမှာ မင်းက Angel (နတ်သမီး)လေးပါပဲ'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com



အာမေဋိတ်သံက ရင်ထဲမှာ ဆယ်ကြိမ်မက မြည်ဟည်းသွား ပါသည်။ ကျေးဇူးပြုပြီး ဒီလိုမပြောပါနဲ့လား. . အစ်ကို။ ကျွန်မ အ ကိုကို ထပ်ပြီး တွယ်တာသွားမှာစိုးလို့ပါ။

'ဟော. . ကြောင်ပြီး ကြည့်နေပြန်ပြီ၊ ထလေ. . . တစ်ခု သွားစားရအောင်'

ကျွန်မ ဒိုင်ယာရီထဲမှာ ရေးမိပါတယ်. . . အပျော်ဆုံးနေ့ . . . ဘယ်တော့မှ မမေ့ဘူး အစ်ကို။ ကျွန်မအတွက် ဂုဏ်ယူနေ အစ်ကို့မျက်လုံးတွေက သိပ်ပြီးကျက်သရေရှိတာပဲကွယ်။ ကျွန်မ စာ ဖို့ ငါးကင်ကို အရိုးနွှင်ပေးတာ. . . အရိပ်တကြည့်ကြည့်နဲ့ တဖွဖွ ကျူးနေတတ်တာတွေဟာ ကျွန်မအတွက်တော့ ဘာနဲ့မှ တန်ဖိုးဖြ လို့ မရဘူး သိလား။

ကျွန်မနဲ့မတွေ့တဲ့. . . နှစ်လအတွင်းမှာ အစ်ကိုက ကျွန် အတွက် ဇာတ်တွေ ရေးနေတာ သုံးပုဒ်တောင်ရှိပြီဆိုပဲ။ ဗီဒီယို ငါး ကား ရိုက်ပြီးရင် ရုပ်ရှင်တစ်ကားရိုက်မယ်တဲ့။ အစ်ကိုက Produce အသစ်တောင် ရှာထားပြီးပြီ။ အဲဒီProducerက ငွေကြေးထက် အ ပညာကျန်တာကိုပိုလိုသတဲ့။ဒါကြောင့် အစ်ကိုနဲ့Key ကိုက်တာနေမှာ





အစ်ကိုက လေးလေးနက်နက်ပြောသေးတယ်။ ကျွန်မရိုက် မယ့် ပထမဆုံးရုပ်ရှင်ဟာ သူ့ရင်နဲ့ရင်းပြီးရေးထားတဲ့အတွက် အကယ် ဒမီ ရစေချင်တယ် တဲ့. . .။ အစ်ကို့စေတနာကို နားလည်ပေမယ့် ကျွန်မစိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောရရင် ကျွန်မကလည်း အစ်ကို့ကို ဒါရိုက်တာဆုရစေချင်ပါတယ်။

ဒီနေ့ဒီရက်ကစပြီး အစ်ကိုနဲ့အတူ မနက်ဖြန်တိုင်းကို ရင် ဆိုင်တော့မယ်။ ပင်စည်ရှင်ကို မွေးခဲ့ခြင်းအတွက် အဖေနဲ့ အမေ မျက်နှာမငယ်စေရပါဘူးရှင်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

နေ့ရက်တိုင်း အဓိပ္ပာယ် ရှိနေသည်။ နုနယ် ငယ်ရွယ်ကာ လှသွေးကြွယ်လွန်းတဲ့ ပင်စည်က modelသင်တန်းလည်း တက်လိုက်သေးသည်။ အစ်ကိုကပဲ အကြိုအပို့လုပ်ပေးသည်။

ပင်စည့်ကိုဆို. . မတွေ့လိုက်နှင့်. . တွေ့လိုက်တာနဲ့ လူတွေရဲ့မျက်လုံးတွေ အများကြီး ကပ်ပါလာကြသည်။ အစ်ကိုက ဒါတွေကို သိပ်ကြိုက်ပုံမရပါ။ ယုတ်စွအဆုံး. . ဂါဝန်ဖြစ်ဖြစ်၊ ဘောင်းဘီဖြစ်ဖြစ် တိုသွားရင် ဆူလို့ မဆုံးတော့။

ဇာတ်ဝင်ခန်းတွေမှာတော့ လိုအပ်ရင် ဝတ်ရမယ်. . . တဲ့၊





အပြင်မှာတော့ ကိုယ်က မြန်မာမိန်းကလေးဆိုတာ မမေ့စေချင်ဘူးတဲ့လေ။

ကျွန်မကလည်း အစ်ကို့ရဲ့ရုပ်သေးရုပ်လေးပဲ ဖြစ်ချင်တာပါ။ ဘာမဆိုနားထောင်ဖို့ အဆင်သင့်ပါ။

ကားရိုက်ဖို့အတွက် ပစ္စည်းတွေ ဝယ်စုနေရတာနဲ့ တစ်နေကုန် မအားရပါဘူး။ လောလောဆယ် အစ်ကိုက အိတ်စိုက်ပေးထားတာပေါ့။ အဝတ်အစားတွေ၊ ဖိနပ်တွေ၊ အိတ်တွေ အားလုံး အဆင်သင့်ဖြစ်ပြီဆိုတော့ ဘာရယ်မဟုတ်. . shopping centre တစ်ခုကို ကျွန်မ ရောက်သွားပါတယ်။

အလှကုန်ပစ္စည်း ရောင်းတဲ့ ကောင်တာရှေ့မှာ ကျွန်မက Bio တံဆိပ် foundation မိတ်ကပ်ရည်နှင့် ပေါင်ဒါမှုန့်ဝမ်းဆက်ကို ကြည့်နေတုန်း

'Bio တံဆိပ် ဝမ်းဆက်တစ်စုံပေးပါ'

ဒီအသံ. . ဟုတ်တယ်. . ဒီအသံပဲ. . ငါ ကောင်းကောင်းမှတ်မိတာပေါ့. . . အယုတ်တမာမရဲ့အသံပဲ။

'ဒီတစ်စုံပဲရှိတော့တာ ညီမလေးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သူက ယူမှာမို့လို့လား. . . ဖြစ်နိုင်ရင် ကျွန်မကို ရောင်းပေး ပါလား. . ပိုပေးဆို ပေးပါ့မယ်'

သူ့ကြည့်ရတာ ကျွန်မကို လုံးဝသိပုံမရပါ။ အနိုင်ရ,ထားတဲ့ သူဆိုတော့ မေ့နိုင်မှာပေါ့လေ။ ပြီးတော့ ကျွန်မလက်ထဲကဟာကို သဲကြီးမဲကြီးလိုချင်နေပုံရသည်။ ကံတရားက တိုက်တိုက်ဆိုင်ဆိုင်ကြုံ သူနှင့်ပြန်ဆုံစေသည်။ ဒီတစ်ခါ မင်းရှုံးစေရမယ် မီယ်။

'ကျွန်မ ယူမယ် အစ်မ'

'တောက်'

တော်တော် ခံပြင်းသွားပုံ ရသည်။ တောက်တွေ ဘာတွေ ခေါက်လို့။ ခေါက်ပေါ့. . သေအောင်ခေါက်. . . မင်းပဲ တစ်သက်လုံး အနိုင်ရမယ်လို့များ တွက်ထားသလားကွယ်။

'နားလည်မှုမရှိဘူးနော်. . အတ္တသိပ်ကြီးတာပဲ၊ ဒါကြောင့် လည်း မအောင်မြင်တာဖြစ်မယ်'

ကောင်တာက အစ်မကြီးရဲ့ မှတ်ချက်ပြုတဲ့ စကားသံလေး ခဏလေးတွေ့တဲ့လူတောင်မှ သူ့စိတ်ကိုဖတ်တတ်သွားပြီကိုး။ ကျွန်မ သင်ယူစရာတစ်ခု တွေ့လိုက်တာက. . ရုပ်ရှင်မင်းသမီးတို့မည်သည် သူတွေနဲ့ဆက်ဆံတဲ့အခါမှာ လျှို့ဝှက်တတ်ရမယ်. . သိုသိပ်စွာ နေ တတ်ရမယ်. . . ဆက်ဆံရေးပြေပြစ်ရမယ် ဆိုတာပါပဲ။





ဒီနေ့ ကျွန်မ ကျေနပ်တယ် သိလား။ သူလိုချင်နေတဲ့ပစ္စည်း တစ်ခုကို အပိုင်ရလိုက်လို့ပေါ့။

ကျွန်မဆီက သူ ဖဲ့ယူသွားတာက ဂုဏ်သိက္ခာလေ. . ။ ဒီ လောကမှာ မျက်နှာမပြရဲအောင်၊ ခြေပြန်မချရဲအောင် သူခိုးမလို့. . ဟက်ပက်စက်စက်ကို စွပ်စွဲခဲ့တဲ့ မိန်းမ။

သူများဆီက တစ်ခု ယူဖူးရင် တစ်ခုမက ပြန်ပေးရတတ် တယ်ဆိုတာ ဒီမိန်းမ သိစေချင်ပါတယ်။

*



www.burmeseclassic.com

www.burmeseclassic.com



အရေးအကြီးဆုံးဟာကို ပြောပြဖို့မေ့နေလိုက်တာ. . ခုဒေ
ကျွန်မက ပင်စည်ရှင် မဟုတ်တော့ဘူး. . . ရုပ်ရှင်မင်းသမီးလုပ်မယ်
ဆိုတော့မှ အစ်ကို ပြောင်းပေးလိုက်တဲ့ နာမည်လေးက 'မြတ်တေ
ဝင်'တဲ့ ရှင့်။ တော်ဝင်တဲ့ မိန်းမမြတ်လို့ အစ်ကိုက တင်စားချင်ပုံ
တယ်။

မြတ်တော်ဝင်ဘဝနဲ့ ဓာတ်ပုံတွေ ရိုက်ရတယ်. . စာနယ်
ဇင်းသမားတွေနဲ့တွေ့ရတယ်. . . ဘယ်လိုပဲ ဖြစ်ဖြစ် ကိုယ် ဝါသ
ပါရာကို လုပ်ရတဲ့အတွက် ပျော်တယ်. . ရုပ်ရှင်မင်းသမီးဘဝကို အ
မက်ထဲမှာ ထည့်ထည့်မက်ရတဲ့ဘဝကနေ အများရှေ့မှာ ကြော့ကြေ
မော့မော့ကလေးနဲ့ အိုက်တင် လုပ်ရတဲ့ တကယ့် မင်းသမီးဘဝ
ရောက်ရပြီလေ။

ဒီနေ့ရှုတင်က Summit Park View Hotel ထဲက ရေ
ကူးကန်နံဘေးမှာ. . . ။ အစ်ကိုက လိုအပ်တာတွေကို သင်ပေး
ပါတယ်။ ရယ်တော့ ရယ်ရသားရှင်. . . ရေမကူးတတ်တဲ့ ကျွန်မ
ရေကူးဝတ်စုံဝတ်ပြီး သရုပ်ဆောင်ရမှာလေ။

စိတ်ကူးယဉ်တဲ့အခန်းပေါ့. . . ဇာတ်လမ်းထဲက တော်





လေးက ဘုရားမှာ ပန်းတွေ ရောင်းတဲ့ ပန်းသည်မလေးပါ။ သူ. . .
သူဌေးဖြစ်ရင် ဘယ်လိုနေမလဲဆိုတာကို စိတ်ကူးယဉ်နေတာပေါ့။

ကျွန်မလည်း ကိုယ် တစ်ခါမှမဝတ်ဖူးတဲ့ ရေကူးဝတ်စုံကို
တ်ပြီး ရှက်တော့ ရှက်တာပေါ့. . . ခက်တာက ရှက်နေလို့ ပြီးမှာ
မဟုတ်တာ. . . တစ်ခုတော်သေးတာက အစ်ကို ရွေးပေးထားတဲ့
တ်စုံက ပေါင်လယ်လောက်ရှိနေလို့သာပေါ့။

နက်ပြာရောင်ရေကူးဝတ်စုံလေးနှင့် မင်းသမီးကို ကြည့်ပြီး
အကုန် ငုတ်တုတ်မေ့ကုန်ပါတယ်။ သူ့ရဲ့ structure က လှလွန်းနေ
ာကိုး. . . အဲ. . မမေ့တဲ့သူဆိုလို့. . ဒါရိုက်တာဆုံမှတ်ပဲ ရှိသည်။
ကျ်ချင်းပြေးလာပြီး ပါတိတ်ဆင်ဒီဇိုင်းနှင့် ပဝါစလေး လာပတ်ပေး
သွားသည်။

ပြီးတော့ တိုးတိုးလေး ပြောသွားသေးသည်။

'မင်းရဲ့အလှတွေကို လူတကာမကြည့်စေချင်ဘူး တော်ဝင်'

ကျွန်မရင်ထဲတွင် သိမ့်ခနဲ လှိုက်ဖိုသွားသည်။ ဒါဆို အစ်ကို
သဝန်တိုနေတာပေါ့. . . ။

နေရောင်က လိုချင်တဲ့ lightingအတိုင်းအတာ ရောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာနှင့် ဆုံမှတ်က စ,ရိုက်ပါတော့သည်။ မြတ်တော်ဝင်က ရေကူ
ကန်နံဘေးက ခုံလေးပေါ်မှာ အိပ်ပြီး နေပူဆာလှုံနေသည်။ နေထ
မျက်မှန်အညိုရောင်လေးက သူမနှင့်လိုက်ဖက်လွန်းလှသည်။ ရှေ့ဆံ
ပင်တွေကိုသိမ်းတင်ထားသော အပြားကြီးကြီးနှင့်ခေါင်းစည်းကြေး
ဆံနွယ်ခွေခွေလေးတွေ ပိုပြီး ပေါ်လွင်စေသည်။ နှာတံလေးက စင်
ပြီး ချွန်နေသည်။ မျက်တောင်ကော့ကော့တွေက Mascara သုံးထာ
သဖြင့် မည်းနက်ပြီး ကော့ရွန်းနေပါသည်။ စင်ရော်ပုံမျက်ခုံးလေးတွေ
က တစ်မျိုးဆွဲဆောင်မှုရှိစေသည်။

အအေးခွက်ကို နှုတ်ခမ်းမှာ တေ့ပြီး. . ပိုက်တံလေးနှင့် မျ
သောက်နေပုံက အသည်းယားချင်စဖွယ်. . . သူမ နှုတ်ခမ်းလေး
ညို့ခတ်အပြည့်ရှိသည်။ ဆုံမှတ်သာမဟုတ်၊ ရှုတင်ကို ပေါက်ချလာ
သော လေးနက်သည်လည်း မင်းသမီး၏အလှမှာ မျောပါသွားပုံ
သည်။ တစ်ချိန်တစ်ခါက မိတ်ဆွေဖြစ်ခဲ့ဖူးသူ ပင်စည်ရှင်ဟု သူ
သိပုံမရပါ။ ဆုံမှတ်ကလည်း ပြောမထားခဲ့. . . မင်းသမီးအသစ်မြ
တော်ဝင်ဟုသာ သိထားပါသည်။

'ကိုစံမင်း မင်းသမီးမျက်နှာကို အကျပ်ဆွဲထားမယ်. . ဟု





ပြီ. . မင်းသမီးက ဖြည်းဖြည်းချင်း မော့ကြည့်မယ်. . ဟုတ်ပြီဗျာ. .
တခ်. . OK'

Monitor ရှေ့မှာထိုင်ပြီး စိတ်တိုင်းမကျမချင်း ညွှန်ကြား
နေသူက ဆုံမှတ်ရယ်ပါ။ ကိုယ့်ဉယျာဉ်ထဲက ပျိုးပင်လေး ရှင်သန်
ဖို့အတွက် အရိပ်တကြည့်ကြည့်နဲ. ပြုစုပေးရမှာက ဉယျာဉ်မှူးတို့ရဲ့
တာဝန်ပါပဲလေ။

သုံး scene ရိုက်ပြီး ထမင်းစားရန် ခဏနားပါသည်။ လေး
နက်က ဆုံမှတ်အနားကပ်လာပြီး

'ဟေ့ကောင်. . . အဲဒီအသစ်ကလေးက မိုက်တယ်ကွာ. .
မင်း ဘယ်က ရှာထားတာလဲ'

ဘယ်က ရှာထားတာတဲ့လဲ. . အော်ရယ်ပစ်လိုက်ချင်သည်။
အပင်ပန်းခံပြီး ဘဝပြောင်းပေးထားရတာ၊ ခုမှ လာပြီး မြင်နေသေး
တယ်၊ အရင်က ဖက်တီးမလေးလေဟု သူ့ပါးစပ်က မထွက်ရက်ပါ။
ဘယ်သူတစ်ဦးတစ်ယောက်ကိုမှလည်း မသိစေချင်တော့ပါ. . လက်
ရှိဘဝထဲမှာ သူမက ချေမင်းသမီးလေး မြတ်တော်ဝင်ဖြစ်နေပါပြီ။

'မီယံနဲ့ဘယ်သူပိုလှသလဲ လေးနက်'



www.burmeseclassic.com

www.burmeseclassic.com



'သူ ပိုလှတယ်ကွ. . ဆွဲဆောင်မှုရှိတယ်. . အဟုတ်. . ငါ့မှာ အသက်ရှုတောင် မှားပါတယ်ဆိုမှ'

'လုပ်ပြီကွာ. . မင်းကတော့'

'ဘာလဲကွ. . တိုနေလိုက်တာ သူ့မင်းသမီးကို. . . ဒါလေး ပြောတာများ. . နေစမ်းပါဦး. . အရင်မင်းသမီးတွေတုန်းက တစ်ခါမှ မတိုဖူးပါဘူးကွာ. . . ဆုံမှတ်. . မင်းတော့ မရိုးတော့ဘူးနော်'

'တော်စမ်းပါကွာ. . . လာ. . ထမင်းသွားစားမယ်'

'တကယ်နော်. . မင်းနဲ့ စာရင်းမရှိရင် ငါလှုပ်ရှားလိုက်ရမလား'

ဆုံမှတ်က လက်သီးထောင်ပြပါသည်။ ပါးစပ်မှလည်း အသံတိတ် လှမ်းဆဲလိုက်သေးသည်။ လေးနက် အထာပေါက်သွားပြီဖြစ်သည်။ ယောကျာ်းချင်း ဒီလောက်တော့ သိတာပေါ့။

■



## အခန်း (၂၂)

အစ်ကိုက ကျွန်မကို အရင်ရပ်ကွက်ထဲ ပြန်ဝင်စေချင်ပုံမရပါ။ အရင် မပိန်ခင်တုန်းက ကျွန်မ အဖေ့ကို တစ်ပတ်တစ်ခါသွားတွေ့ပေမယ့် နောက်ပိုင်း မရောက်ဖြစ်တာကြာပါပြီ။ ကြီးမေကတော့ သတိရတိုင်း လာလာကြည့်တတ်ပါသည်။ သူ့တူမလေး ဒီလိုလှတာဖြစ်လာလိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးပါတဲ့လေ။

ညကတော့ အဖေ့ကို အိပ်မက်မက်ပါသည်။ သမီး. . သမီးဟု မောပန်းတကြီးအော်ခေါ်ရင်း သူမနောက်ကိုပြေးလိုက်လာသည်။ အိပ်မက်မကောင်းသဖြင့် မိုးလင်းသောအခါ တော်ဝင်က ကြီးမေဆီ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပါသည်။ လမ်းထိပ်ဖိမ်မှတစ်ဆင့် သွားခေါ်ပေးခြင်း ဖြစ်သည်။

'ကြီးမေလား. . . သမီး အဲဖေ့ကို သတိရလို့ဆက်လိုက်တာ အဖေ. . ဘာလုပ်နေလဲဟင်'

'မနက်ကတည်းက စားပြီး ထွက်သွားတာပဲကွယ်. . ဒီနေ့ တင်ပဲ ရှိမှာပါ သမီးရော. . အဆင်ပြေရဲ့လား'

'ပြေပါတယ် ကြီးမေ. . ဒါနဲ့ အဖေ သမီးကို မေးနေသေးလားဟင်'

'အမြဲတမ်းကြီးတော့ မမေးပါဘူး. . . သတိရတဲ့အခါကျ မေးနေတာပဲ. . သမီးသာ အဆင်ပြေအောင် နေပါကွယ်'

'ဒေါ်ရင်နုရေ. . . ဦးမနေကို ကားတိုက်သွားလို့ မြန်မြန်လာပါဦး'

ဖုန်းထဲမှ ကြားလိုက်ရသောအသံကြောင့် ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။ အဖေ. . အဖေ. . ဘာမှမဖြစ်ပါစေနဲ့ဘုရား။ ကျွန်မက အဖေ့အပေါ်မှာ ဘာတစ်ခုမှတာဝန်မယူနိုင်သေးဘူး. . ကျွန်မမှာ ပြေးကြည့်မှ ဒီအဖေတစ်ယောက်ပဲရှိတာပါ

ဆောင်းညှာပြာသိုစာပေ



တော်ဝင် အကျီပင် မလဲနိုင်ပါ။ ပိုက်ဆံအိတ်အပြားလေးကိုင်ပြီး ပြေးထွက်လာခဲ့သည်။ မျက်ရည်တွေက ပါးပြင်ပေါ်မှာ စီးရွှဲနေသည်။ လမ်းထိပ်ရောက်တဲ့အထိ တောက်လျှောက်ပြေးလာသည်။ လမ်းထဲသို့ ကွေ့ဝင်လာသော ကားတစ်စီးနှင့် တည့်တည့်တိုးမိပြီး ဘရိတ်အုပ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ကျွီ. . .'

'ဟာ. . တိုက်ပြီ ထင်တယ်. . သွားပြီ'

လက်ဖက်ရည်ဆိုင်မှလူများက ကားတိုက်ပြီ ထင်ပြီး ပြေးထွက်လာ၍ကြည့်ကြသည်။

'တော်ဝင်. . ဘာဖြစ်သွားသေးလဲ. . ဘာဖြစ်လာတာလဲ'

အစ်ကိုမေးနေတဲ့အသံကို နောက်ဆုံးကြားလိုက်ရပြီး အစ်ကို့ရင်ခွင်ထဲမှာပဲ ကျွန်မ ခွေလဲသွားပါတော့သည်။

*

ကျွန်မ သတိရလာသောအခါ အထူးကုဆေးခန်းတစ်ခုတွင် ရောက်ရှိနေကြောင်း သိရသည်။ ကျွန်မ မျက်လုံးဖွင့်ဖွင့်ချင်း တွေ့ရတာက စိုးရိမ်ပြီး သွေးပျက်နေတဲ့ အစ်ကို့မျက်နှာပါ။

ဆောင်းညှာပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



'တော်ဝင်. . ချာတိတ်လေး သတိရလာပြီလား'

'အဖေ. . အဖေ့ကို ကားတိုက်သွားလို့ အစ်ကို. . . အဖေ ဘာဖြစ်သွားပြီလဲ မသိဘူး'

'အစ်ကို လိုက်ပို့ပေးမယ်လေ. . . စိတ်အေးအေးထား. . တော်ဝင်၊ ခဏလေး ဆရာဝန်သွားခေါ်လိုက်ဦးမယ်'

ဆရာဝန်က တော်ဝင့်ကို စမ်းသပ်စစ်ဆေးပြီး

'တစ်အောင့်နေရင်တော့ ဆင်းလို့ ရပါပြီ. . ရုတ်တရက် ဆိုတော့ လန့်ပြီး shockရသွားတာပါ. . အခု အားလုံး normalပြန် ဖြစ်သွားပြီ'

'ကျေးဇူးတင်ပါတယ် ဆရာ'

*





အစ်ကိုနှင့်ကျွန်မ မြောက်ဒဂုံရှိ ကြီးမေအိမ်သို့ရောက်သော အခါ

'အမယ်လေး ပင်စည်ရဲ့. . နင် အခုမှ လာရသလားဟဲ့. . နင့်အဖေအလောင်းကို ခုနကပဲ လာသယ်သွားကြပြီတော့. . ငါ့ မောင်လေး အဖြစ်ဆိုးလိုက်တာကွယ်'

တော်ဝင် မျက်နှာတစ်ခုလုံး ဖြူဖန့်သွားသည်။

အဖေ့အသက်ကို သူမ မမီတော့။

'ဦးက ပွဲချင်းပြီး ဆုံးသွားတာလား အန်တီ. . ကားနံပါတ် ရော မှတ်မိလိုက်လား'

'ဆုံးတာက အန်တီ့လက်ပေါ်မှာ. . သူ့သမီးနာမည် ခေါ် သေးတယ်. . တိုက်သွားတဲ့ ကားသမားကို ဖမ်းသွားပါပြီ'

'အဖေ. . သမီး လာပြီလေ အဖေရဲ့'

'ငိုလိုက်. . တော်ဝင်၊ အားရအောင် ငိုလိုက်'

ကျွန်မပခုံးကို ဖွဖွလေး သပ်ပေးရင်း ဆုံမှတ်က အားပေး စကားဆိုသည်။

ခုချိန်မှာ ကျွန်မ အားအကိုးဆုံးက အစ်ကို ဖြစ်သလို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အနွေးထွေးဆုံးရင်ခွင်ဟာလည်း အစ်ကို့ရဲ့ရင်ခွင်ပါပဲ။ အစ်ကို့ရင်ခွင်ထဲမှာ ကျွန်မ အားရအောင်သာ ငိုပါရစေတော့။

အဖေ့အသုဘ သုံးရက်စလုံး ကျွန်မ မြောက်ဒဂုံရှိအိမ်တွင်ပင် နေဖြစ်သည်။ အစ်ကိုလည်း တစ်နေကုန်နေပေးရှာသည်။

ဒီနေ့ သုံးရက်ပြည့်ပြီဆိုတော့ မွန်းလွဲနှစ်နာရီမှာ အဖေ့ကို မီးသဂြိုဟ်မှာ ဖြစ်သည်။

ကြီးမေကလည်း ထူးဆန်းသော စကားတစ်ခွန်းကို ပြောသည်။

'မောင်ဆုံမှတ်. . ပင်စည့်အဖေအတွက် အရေးကြီးဆုံးလူတစ်ယောက်ကို အန်တီခေါ်ထားတယ်. . သူက မင်းတို့လောကထဲကပဲလေ'

'ဘယ်သူများလဲ အန်တီ'

'ရောက်လာတော့ သိမှာပေါ့ကွယ်. . သူနောက်ဆုံးခရီးမှာ သူ့မိန်းမမျက်နှာကို မြင်သွားစေချင်လို့ပါ'

မိန်းမတစ်ယောက်ဆိုတာသာ သိလိုက်ရသည်။ ပတ်သက်မှုတစ်ခုခုတော့ ရှိပါလိမ့်မည်။ ထိုမိန်းမ ဘယ်သူဆိုတာထက် ဆုံမှတ်





က တော်ဝင့်ကို ပိုပြီး ဂရုစိုက်နေရသည်။ တော်ဝင့်ပုံစံက ဖြူဖတ်နုံးချိနေပြီး လုံးဝ weak ဖြစ်နေပုံရသည်။

'တော်ဝင် ဒီအားဆေးလေး သောက်လိုက်ဦးနော်'

သောက် ဆိုတော့လည်း သောက်လိုက်တာပဲ။ သုံးရက်လုံးလုံး စကားသိပ်မပြောဘဲ ငိုလို့သာ နေလေသည်။

ဆုံမှတ်က သည်းသည်းလှုပ်ဂရုစိုက်နေတော့ ပတ်ဝန်းကျင်က သတိထားမိလာသည်။ သူတို့နှစ်ယောက်က ချစ်သူတွေလားဟု ကြီးမေကို လာလာမေးကြသည်။

အားလုံးက ပင်စည်ပိန်သွားတာကို အံ့ဩနေကြသည်။

ရေဝေးသုသာန်တွင် ဝမ်းနည်းသူတွေ စုဝေးနေကြသည်။ ကျွန်မမှမဟုတ်. . . တခြားအသုဘရှင်တွေလည်း ကြေကွဲနေကြတာပဲ. . ကျန်ရစ်သူအားလုံးဟာ ဘဝတူတွေပဲပေါ့။

အဖေ့အသုဘက ရပ်ကွက်ထဲကလူတွေသာ ရှိသည်။ အဖေ့အလောင်းကိုထည့်ထားသော အသုဘမှန်ခေါင်းနံဘေးတွင် ကျွန်မထိုင်၍ ကန်တော့သည်။

မျက်ရည်များက သမံတလင်းပေါ်သို့ လွင့်ကနဲ ကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမျက်ဝန်းထဲသို့ လှပသော ခြေထောက်ကလေးတစ်စုံ ဝင်လာသည်။

ကြီးမေထံမှ ရှိုက်သံတစ်ချက် ထွက်လာသည်။

'မင်း လာပြီလား မစိုးမေ. . မင်းကို သိပ်ချစ်ခဲ့တဲ့ယောကျ်ားကို နှုတ်ဆက်လိုက်ပါဦး'

ကျွန်မမျက်နှာကို မော့လိုက်သောအခါ အန်တီစိုးခေတ်ချိုကိုတွေ့လိုက်ရသည်။

ဘာတွေလဲ. . . အမေနဲ့သူ ဘယ်လိုပတ်သက်နေလို့လဲ။

ဆုံမှတ်လည်း အန်တီစိုးကိုတွေ့လို့အံ့သြသွားပါသည်။ တစ်ဆက်တည်း မျှော်စင်ကျွန်းမှာ ဦးလေး ပြောခဲ့တာကို သွားသတိရမိသည်။

စိုးခေတ်ချိုက သူ့မိန်းမတဲ့။ ဟုတ်များ နေပြီလား။

စိုးမေ တစ်ဖြစ်လဲ စိုးခေတ်ချို၏ မျက်နှာသည် အဆမတန် ကြေကွဲနေပါသည်။

'ကိုမနနဲ့သမီးလေးကို ကျွန်မ သုံးနှစ်လုံးလုံး လိုက်ရှာခဲ့ပါတယ်ရှင်၊ ကျွန်မကို ခွင့်လွှတ်ပါနော်. . ကိုမန ထင်သလို မဟုတ်ပါ





ဘူးရှင်. . ကျွန်မ ကိုမနအပေါ်မှာ သစ္စာမမဲ့ခဲ့ပါဘူး၊ ဒါကိုတော့ ယုံသွားပေးပါ ကိုမနရယ်'

တိုးတိတ်ညင်သာစွာ ပြောပြီး မျက်ရည်တွေ တသွင်သွင်စီးကျလာသည်။ တော်ဝင်က မျက်လုံးလေးပြူးပြီး ကြောင်ကြည့်နေပေမယ့် ဒါရိုက်တာဖြစ်တဲ့ ကျွန်တော်ကတော့ သိလိုက်ပါပြီ။ အဲဒါ. . တော်ဝင့်မေမေပါပဲ။

'တော်ဝင်. . အဲဒါ မင်းရဲ့အမေပဲလေ'

လက်တို့ပြီး သတိပေးပေမယ့် တော်ဝင်က ကျောက်ရုပ်ဖြစ်နေပါသည်။ စိုးခေတ်ချိုက ဆုံမှတ်ကို မြင်သွားပြီး

'ဪ. . မောင်ဆုံမှတ်လည်း လိုက်ပို့တာလား'

'ဟုတ်ပါတယ် ခင်ဗျ. . .၊ သူတို့သားအဖက ကျွန်တော့်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေပါ'

တမင်ကို သားအဖဟု ထည့်ပြောလိုက်ပါသည်။ ဒါမှ တော်ဝင့်ကို အာရုံစိုက်မိမှာလေ။ တစ်ခုပဲ ပြောစရာရှိသည်။ သူတို့သားအမိရဲ့တွေ့ဆုံခန်းက သင်္ချိုင်းမြေပေါ်တွင် ဖြစ်နေသည်။ အန်တီစိုးက တော်ဝင့်ကို တွေတွေကြီး စိုက်ကြည့်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



'သူ. . သူလေးက နွေဦးဖြူလား မမနု'

ဟု ကြီးမေကို လှမ်းမေးသည်။

'ဟုတ်တယ် စိုးမေ. . သူက နင့်သမီးပဲ. . ဝါသနာကလည်း အမေတူဆိုတော့ အခု ရုပ်ရှင်မင်းသမီးလုပ်နေတယ်. . နာမည်က မြတ်တော်ဝင်. . တဲ့'

'သမီး. . . မေမေ့သမီးလေး လာပါဦးကွယ်'

အန်တီစိုးက အိပ်မက်ထဲကလို သူ့ရင်ခွင်ကိုဖွင့်ပြီး လက်ကမ်း၍ကြိုပါသည်။ အိပ်မက်ဆိုတာ နိမိတ်ပုံရိပ်ပဲလား။

'အန်တီစိုးခေတ်ချိုက သမီးရဲ့မေမေလားဟင်. . . မေမေလို့ ခေါ်လို့ရသလားဟင်. . မေမေလို့ သမီးခေါ်မယ်နော်'

သနားစဖွယ်စကားတွေကို အဆက်မပြတ်ပြောရင်း အမေ့ရင်ခွင်ထဲသို့ ပြေးဝင်ပြီး ငိုနေသော တော်ဝင်ကိုကြည့်ပြီး ဆုံမှတ်ရင်ထဲတွင် နင့်လာသည်။ ဦးလေးကတော့ စိတ်ချသွားလောက်ပါပြီ။ သမီးလေး သူ့အမေနှင့် ပြန်ဆုံသွားပြီမို့ ဘဝတစ်ပါးကို စိတ်ဖြောင့်ဖြောင့်ထားပြီး သွားနိုင်ပြီပေါ့လေ. . . ။

■



အခန်း (၂၃)

သူ့သမီးဟု သိသွားပြီးချိန်မှစ၍ စိုးခေတ်ချိုသည် တော်ဝင့်အနားမှာ အရိပ်သဖွယ် အမြဲရှိနေခဲ့လေသည်။ လိုအပ်တာတွေကို ဖြည့်ဆည်းပေးရင်း သမီးကလေးကို တစိမ့်စိမ့်ကြည့်နေတတ်သည်။

တော်ဝင်ကလည်း ခုမှတွေ့ရတဲ့ အမေ့ကို အတိုးချအလွမ်းသယ်ပြီး အချွဲပိုနေသည်။

'မေမေ. . ဒီနေ့ ဘာဟင်းချက်လာသလဲဟင်'

'ငါးရံ့အူနဲ့ကြက်ဥပေါင်းလေ. . ပြီးတော့ မရမ်းသီးအမှည့်တွေကို သုပ်လာတယ်. . ပြီးမှ မေမေနဲ့အတူစားမယ်နော် သမီး'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . အစ်ကို့အတွက်ရော. . အစ်ကို့ကိုပါ ကျွေးလိုက်ပါ မမေမရယ်နော်'

'ကျွေးမှာပေါ့ သမီးရယ်. . တကတဲ'

နဂိုကတည်းက ဆုံမှတ်ဆို သဘောကျပြီးသားဖြစ်တဲ့ မေမေဟာ သူ့သမီးကို ကယ်တင်စောင့်ရှောက်ပေးထားသော ကျေးဇူးတွေကြောင့် ပိုပြီး နွေးနွေးထွေးထွေးဆက်ဆံလေသည်။ ဆုံမှတ်ကလည်း ညက်ပြေးလေသည်။ သားအမိနှစ်ယောက် ကြာကြာတွေ့ခွင့်ရအောင် အန်တီစိုးကို တော်ဝင် ပါတဲ့ကားတိုင်း actor ငှားတတ်သည်။ အဲတူတွဲသရုပ်ဆောင်ရင်း လိုအပ်နေတာတွေကို အန်တီစိုးက သင်ပေးပြီး ဆွဲခေါ်သွားနိုင်သည်။

တကယ့်သားအမိဆိုတော့လည်း သိပ်ပြီး mood သွင်းစရာမလိုဘဲ ပီပီပြင်ပြင်ရှိသွားသည်။ မင်းသမီးက သွေးမကြီးတတ်တော့ ရှူတင်အဖွဲ့သားအားလုံးကို မိသားစုသဖွယ် ဆက်ဆံသဖြင့် အချိန်ကုန်လို့ ကုန်သွားမှန်းမသိအောင် စလိုက်နောက်လိုက်ဖြင့် ပွဲကျနေသည်။ ဒီနေ့ ရှူတင်နောက်ဆုံးရက်ဖြစ်နေတော့ တော်ဝင်က စက်အဖွဲ့သမားတွေ၊ မီးထိုး မှန်ထိုးတွေကို ငါးထောင်စီ မုန့်ဖိုးပေးလေ





သည်။ ဆုံမှတ်ကလည်း ပေးသည်။ အန်တီစိုးကလည်း ပေးသည်။ အားလုံးက တော်ဝင့်ကို ဝိုင်း၍ ဆုတောင်းပေးကြသည်။

'တို့အစ်ကို အကယ်ဒမီရပါစေ. . မြတ်တော်ဝင်လည်း popular ဖြစ်ပါစေ. . အန်တီစိုးလည်း ကျန်းမာပါစေ'

ပျော်နေကြသောပတ်ဝန်းကျင်သည် ပွဲဆူစေသူတစ်ယောက်ကြောင့် သွေ့ခြောက်သွားရလေသည်။ သူကတော့ မီယံ ဖြစ်သည်။ ကောက်ခါငင်ခါ ရောက်ချလာပြီး

'မာမီ. . ဒီမှာ ဘာလာလုပ်နေတာလဲ'

'ဘာဖြစ်လို့လဲ မီယံ. . သမီးလေးက မာလုချည်လား'

'ဘာဖြစ်ရမလဲ. . မာမီက ရေနစ်သူ ဝါးကူထိုးနေတာကိုး၊ ပြောတော့ မီယံ့ကို မင်းသမီးဖြစ်စေချင်လို့ဆို. . ခုကျတော့ တခြားမိန်းမတစ်ယောက်ကို ပံ့ပိုးပေးနေတယ် မဟုတ်လား. . ဒီဒါရိုက်တာက မာမီ့သမီးကိုမြင်မလို့ သူ့ဟာမကို ပွဲထုတ်နေတာ မာမီ သိရဲ့လား'

ဆုံမှတ် ဒေါသတွေ အထွတ်အထိပ်သို့ရောက်သွားသည်။ ပြဿနာကို ရှောင်ရှားချင်၍

'အန်တီစိုး. . သူ့ကို ခေါ်သွားလိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'သွားမှာပါ. . သွားမှာ. . စိတ်ချ၊ ကိုယ့်အမေ ကိုယ် လာခေါ်တာ ရှင်နဲ့ ဘာမှမဆိုင်ဘူး'

ကြည့်စမ်း. . ဒီမိန်းမ အစ်ကို့ကို ဆက်ဆံတာ ရင့်သီးလိုက်တာ။

'ဒီမယ်. . မီယံ၊ ငါက မင်းကို ဘယ်တော့မှ ပြိုင်ဘက်စာရင်း မသွင်းဘူး နားလည်လား. . ဘာလို့လဲဆိုတော့ မင်းမှာ ငါနဲ့ပြိုင်ဖို့ အရည်အချင်းမှမရှိတာ'

တစ်လုံးချင်း အေးစက်စိမ်းကားစွာ ပြောလိုက်သော တော်ဝင့်စကားသံ အဆုံး

'တော်ပါတော့ သမီးရယ်. .'

'ခဏလေး မေမေ. . သမီး ပြောစရာရှိသေးတယ်. . မီယံ မင်းသိထားဖို့က အခု မင်းလာခေါ်နေတာ ငါ့အမေပဲ. . နောက်တစ်ခါ ငါ့ရှေ့မှာ ငါ့အမေကို ပိုင်စိုးပိုင်နင်းဆက်ဆံမယ်ဆိုရင်တော့ ငါ ခွင့်လွှတ်မှာ မဟုတ်ဘူး. . မင်း မြဲမြဲမှတ်ထား'

မီယံက မယုံကြည်သလိုမျက်နှာပေးဖြင့် စိုးခေတ်ချိုကို

'မာမီ. . သူပြောနေတာတွေက တကယ်လား'





ဟု သံပြတ်ဖြင့် လှမ်းမေးလိုက်သည်။

'ဟုတ်တယ် သမီး. . မြတ်တော်ဝင်က မာမီ့သမီးပဲ'

'ဩော်. . လက်စသတ်တော့ ရှင်က သမီး. . သမီးနဲ့ အချိုသတ်ပြီး ကျွန်မနောက်ကျောကို ဓားနဲ့ထိုးနေတဲ့ မိထွေးကြီး. . ရှင့်ကို ကျွန်မ ရွံတယ်. . နာကြည်းတယ်'

မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးများက ကြောက်စရာကောင်းလှသည်။ ဘယ်တော့မှ အခဲကြေမှာမဟုတ်သလို အလွှတ်ပေးမှာလည်း မဟုတ်တဲ့ မျက်ဝန်းများကို အထိတ်တလန့် ရင်ဆိုင်လိုက်ရသည်မို့ တော်ဝင့်ရင်တွေ တလှပ်လှပ်တုန်လာရသည်။ သူ့ကို ကြောက်တာမဟုတ်ပေမယ့် ကျွန်မကြောင့် မေမေ စိတ်ဆင်းရဲရပြီ . . . ပြဿနာဖြစ်ရပြီဆိုပြီး ယူကြုံးမရဖြစ်မိတာပါ။

အစ်ကိုက ကျွန်မလက်တစ်ဖက်ကို ဖျစ်ညှစ်ရင်း အားပေးလာသည်။

'ဟာ. . တော်ဝင်. . လက်တွေ အေးစက်နေတာပဲ၊ ဖြစ်ရဲ့လားဟင်. . အိမ်ပြန်နားမလား'

မိခင်တစ်ယောက်ရဲ့ကြီးမြတ်တဲ့မေတ္တာတရားကို မျက်ဝါး



www.burmeseclassic.com

www.burmeseclassic.com



ထင်ထင် မြင်ခွင့်ရအောင် မေမေက ဖန်ဆင်းပြလိုက်ပါသည်။ ကျွန်မကို တင်းတင်းဖက်ထားရင်း

'သမီးလေး နွေဦးဖြူ. . သမီး ဘာကို စိုးရွံ့နေလဲဆိုတာ. . မေမေ သိတယ် သမီး. . မေမေ့အတွက် ဘာမှ တွေးပူမနေနဲ့. . မေမေရင်ဆိုင်ရမယ့် ဒုက္ခဆိုတာက အခုမှပါ သမီးရယ်. . ငါ့သမီးလေးမှာ ဘဝတစ်လျှောက်လုံး ပင်ပန်းကြမ်းတမ်းခဲ့ပြီးပြီ. . မိခင်မေတ္တာ ငတ်မွတ်ခဲ့ရပြီးပြီ. . မေမေ့ကို ခွင့်မလွှတ်ပါနဲ့ကွယ်. . မေမေက မီယံ့ကို တစ်သက်လုံး စောင့်ရှောက်ခဲ့ပြီး ကိုယ့်သမီးအရင်းကိုကျတော့ ပစ်ထားခဲ့မိတယ်. . ဒါပေမယ့် မေမေ ဆုံးဖြတ်ထားပြီးပြီ သမီး. . . ဒီနေ့ ဒီရက်ကစပြီး ဘာပဲကြုံလာကြုံလာ သမီးရှေ့က ရပ်ပြီး ရင်ဆိုင်ပေးသွားမယ်'

'မေမေရယ်. . သမီးကြောင့်. . မေမေတို့အိမ်ထောင်ရေး မပြိုကွဲစေချင်ဘူး'

'မပြိုကွဲပါဘူး သမီးရယ်. . တိတ်တော့နော်. . အလကား လျှောက်တွေးပြီး ပူမနေနဲ့၊ တကယ်တော့ သမီးရဲ့အန်ကယ်က အားလုံးသိပြီးသားပါ သမီးကိုတောင် မေမေနဲ့အတူခေါ်ထားဖို့ ပြောနေတာ'





'ဟင့်အင်း. . မေမေ၊ သမီး လိုက်မနေပါရစေနဲ့နော်၊ မီယံ့က သမီးကို လိုလားပုံမရဘူးလေ'

အခုမှပြန်တွေ့ရတဲ့သမီးလေးကို စိုး ခေါ်ထားချင်တာပေါ့။ ဖြစ်နိုင်ရင် ကိုယ့်မျက်စိအောက်ကနေ အပျောက်ခံချင်တာ မဟုတ်ဘူး။ လူငယ်ပေမယ့်လည်း သူ့ခမျာ သဘောထားပြည့်ဝလွန်းလိုက်တာ. . . အမေ စိတ်ဆင်းရဲမှာကို သိပ်ကြောက်တဲ့ ကလေးပါလား။ ကံဆိုးလွန်းလိုက်တဲ့ အမေ့သမီးလေးရယ်. . .။

တော်ဝင် အမေ့ရင်ခွင်မှခွာပြီး အမေ့ပါးလေးကို ညင်သာစွာ နမ်းရင်း

'မေမေ ပြန်တော့နော်'ဟု တိုးတိတ်စွာပြောသည်။ ဒီစကားကို သူမ မပြောချင်တာလည်း အမှန်တရားပါပဲ။ မေမေရယ်. . သမီးကို ကိုယ့်သမီးမှန်းမသိခင် ပင်စည်ရှင်ဆိုတဲ့ဘဝမှာ မေမေ မလိုလားခဲ့တာ သမီး ကြိုးစားပြီး မေ့ပစ်နေပါတယ်။ ဖက်တီးမလေးဟာ သမီးပဲဆိုတာ ဒီတစ်သက် မေမေ မသိစေချင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမီးနာကျင်ရတာထက် မေမေသိသွားရင် ပိုပြီး ယူကြုံးမရဖြစ်နေမှာစိုးလို့ပါ။ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ကံတရားက တော်ဝင့်ဘက်မှာ %တော်တော်များများရှိနေပုံရသည်။ ဗီဒီယိုငါးကား ဖြန့်ချိပြီး နာမည်က တစ်ဟုန်ထိုး တက်လာခဲ့သည်။ ဆုံမှတ်က မြတ်တော်ဝင်web siteတစ်ခုကို လွှင့်တင်ထားရာ တစ်နေ့တစ်နေ့ ဝင်ကြည့်သူဦးရေ မနည်းလှပါ။ တခြားကုမ္ပဏီတွေကလည်း စာချုပ်ချုပ်ရန် ကမ်းလှမ်းကြသည်။

လက်ချိုးရေတွက်၍ရသော မများလှသည့် မင်းသမီးစာရင်းတွင် မြတ်တော်ဝင်က New generation ဖြစ်နေသည်။ ရုပ်ရည်အခံဓာတ် ရှိသည်။ သရုပ်ဆောင်နိုင်သည်မို့ နောက်တက်မင်းသမီး





တွေထဲတွင် မြတ်တော်ဝင်က ရေပန်းအစားဆုံးဖြစ်လာသည်။ ဒါရိုက်တာကလည်း အရည်အချင်းရှိပြီး ပရိသတ်လက်ခံပြီးသားဆိုတော့ ဆုံမှတ်နှင့် မြတ်တော်ဝင် ဆိုသည့် ဆရာတပည့်နှစ်ယောက် အနုပညာပြေးလမ်းပေါ်မှာ ဆက်ပြေးဖို့ အားအင်တစ်ရပ်ကို ဖြစ်ထွန်းစေသည်။

မြတ်တော်ဝင် ဘယ်တော့မှမမေ့နိုင်တဲ့ ဆရာ ဆုံးမထားတဲ့ စကားလေးတစ်ခွန်း ရှိပါတယ်။ 'အစ်ကိုတို့ အနုပညာသမားတွေကို ပရိသတ်က ထမင်းကျွေးနေတာ. . .၊ ခုနစ်ရက်သားသမီး ကျွေးတဲ့ ထမင်းကိုစားတဲ့အတွက် ပိုပြီး တာဝန်ကြီးတယ်. . သူတို့တွေအတွက် ကိုယ့်ဘက်က ဘယ်လိုပြန်ကျွေးဖူးဆပ်ရမလဲဆိုတာ အမြဲ စဉ်းစားထား. . . နေ့တိုင်း မေတ္တာပို့ပေးပါ တော်ဝင်. . . ဘယ်လိုပရိသတ်တွေက တော်ဝင့်ကို ထမင်းကျွေးနေသလဲ ဆိုတာ တစ်နေ့ အစ်ကို လိုက်ပြပါ့မယ်'တဲ့။

ဆရာ့စကား(အစ်ကိုဆုံးမတဲ့)အတိုင်း တော်ဝင်က မနက်အစောကြီး အိပ်ရာထပြီး ဆွမ်း ခုနစ်ပွဲ၊ ရေ ခုနစ်ခွက်ဖြင့် ခုနစ်ရက်သားသမီးအတွက်ရည်စူးကာ မြတ်စွာဘုရားထံဆက်ကပ်ပြီး လှူဒါန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပရိသတ်ကြီး ကျန်းမာချမ်းသာစေဖို့ ဆုတောင်းမေတ္တာ ပို့သသည်။

ကျွန်မရင်တွေ အဆမတန် ခုန်နေတယ် အစ်ကို. . ကျွန်မ တကယ်ပဲ ရုပ်ရှင်ရိုက်ရတော့မှာပေါ့နော်။

ကြည့်ပါဦး. . 'ကိုကိုနှုံးမှ ချို ထမယ်' ရုပ်ရှင်ကန်တော့ပွဲပေး အခမ်းအနားတဲ့. . .။

အထင်ကရဟိုတယ်ကြီးတစ်ခုမှာ ကျင်းပပြီး ဂျာနယ်ပေါင်းစုံမှစာနယ်ဇင်းသမားတွေ. . ဧည့်ပရိသတ်တွေဟာ ခန်းမ အပြည့်ပါပဲ။

မေမေက ပြောတယ်. . . ကျွန်မ ဒီနေ့ သိပ်လှတာပဲ တဲ့။

ကျွန်မက ဒီဇာတ်ကားထဲက ချို ဖြစ်သွားပြီလေ. . . . ဒါကြောင့် အခုကတည်းက ချို ဆိုတဲ့ ကောင်မလေးလို ဝတ်မယ်. . . ချိုရဲ့အပြုအမူအတိုင်း နေမယ်. . . ချိုပြောသလို ပြောမယ်လို့ ဆုံးဖြတ်လိုက်ပါပြီ။ ခက်နေတာက ဇာတ်ကားထဲက ချို့မှာ ချွဲစရာ ကိုကို ရှိတယ်လေ. . ကျွန်မမှာလည်း ရှိရမှာပေါ့. . . ကျွန်မကိုကိုက ဒါရိုက်တာကြီးလေ၊ rehearsal လုပ်တဲ့အနေနဲ့ အပြင်မှာ ချွဲကြည့်ရင်





ကောင်းမလားလို့. . . ကျွန်မက သူ့ကို တကယ်ပဲ ကိုကိုလို့ ခေါ်ချင်တာပါ။

ကျွန်မကို ကြည့်ပြီး အစ်ကို ရေးထားတဲ့ ဒီဇာတ်လမ်းမှာ ကောင်လေးက တည်ငြိမ်တယ်၊ စောင့်ထိန်းတတ်တယ်. . . ကောင်မလေးက သူ့လက်ပေါ်မှာ ကြီးပြင်းလာတဲ့ ကလေးပေါ့. . အသက်ဆယ်နှစ် ကွာတယ်. . ချိုက သူ့ကိုကိုကို နွဲ့ဆိုးဆိုးတတ်တယ်၊ စိတ်ကစားတဲ့အရွယ် ရောက်လာတော့ သူ့ရဲ့ကိုကိုကို တစ်ဖက်သတ်စွဲလမ်းသွားတဲ့ ဇာတ်လေးပါ. . . မဖြစ်သင့်ဘူးဆိုတာ သိလို့ ကိုကိုက ရှောင်သွားပါတယ်. . တကယ်တော့ သူလည်း ကောင်မလေးကို ချစ်နေတာပါပဲ. . သူတစ်ယောက်တည်း ကြိတ်မှိတ်မျိုသိပ်ရင်း ကောင်မလေး မေ့လောက်တဲ့အချိန်ကျမှပြန်လာတဲ့အခါ နှလုံးရောဂါသည်လေး ချိုက နောက်ဆုံးအချိန်ရောက်နေပြီ. . . သူမရဲ့ကိုကိုကို စောင့်နေပုံရပါတယ်. . နောက်ဆုံးကျတော့ ကိုကို့လက်ပေါ်မှာ ကျွန်မက သေရဦးမယ်တဲ့။ (ဇာတ်ထဲမှာ ပြောတာပါ)

ဒါရိုက်တာက 'သေဆို သေ၊ ရှင်ဆို ရှင်'တဲ့။ တကယ်ပါပဲ၊ သူ့စကားကို နားထောင်နေရတာလေ။ သေဆိုလည်း သေရမြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟော. . ရှင်ဆိုတော့လည်း ရှင်ရပြန်ပြီပေါ့။ လူ့ဘဝမှာ တစ်ကြိမ်ပဲ သေရမယ်ဆိုပေမယ့် ကျွန်မတို့လိုသရုပ်ဆောင်တွေမှာတော့ အကြိမ်ကြိမ်အခါခါ သေနေရတာပဲလေ။

'မင်းသမီး ဒီဘက် ခဏကြည့်ပေးပါဦး'

ပြောတဲ့အတိုင်း ကြည့်ပြီး. . ပါးချိုင့်ကလေးတစ်ဖက် ပေါ်အောင် ရွှန်းရွှန်းစားစားကြီး ရယ်ပြနေသော တော်ဝင့်ကို ကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ ငြိမ်းသွားပါတယ်. . . သူ့ကိုတွေ့နေရရင် ကျွန်တော့်စိတ်တွေ ချမ်းမြေ့နေတယ်. . ဟန်ဆောင်မှုတွေ. . ပကာသနတွေ ကင်းတဲ့ ကျွန်တော့်ရဲ့မင်းသမီးလေးဟာ သူ့ဇာတ်ရုပ်အတိုင်း ကပိုကရိုကျနေတဲ့ ဆံနွယ်တွေကြားထဲမှာ နှင်းဆီဖြူလေးတစ်ပွင့်ကို ပန်ဆင်ထားတော့ ပိုပြီး နုနယ်နေသည်။ အသက်နှစ်ဆယ်ဆိုတော့ ငယ်ဂုဏ်လေးနှင့် တစ်မျိုးတစ်မည် ဆွဲဆောင်မှုရှိနေတာ အမှန်ပင်။

ကန်တော့ပွဲပေးသည့်နေရာကို တော်ဝင်က ဆံထုံးတွေ. . ချိတ်တွေနှင့် မလာပါ။ သူ့ရဲ့ဇာတ်ကောင် ချို ဝတ်သလို ပါတိတ်အဆင်လှလှလေးကို ဂါဝန်ပုံဆန်းလေးချုပ်ဝတ်ပြီး လည်ပင်းမှာ ပုလဲပုတီးရှည်ရှည်လေးတစ်ကုံး ဆွဲထားသည်။ လက်မှာလည်း ဆင်တူ





ပုလဲလက်ကောက်လေး ဝတ်လာသည်။ အကျီနှင့်လိုက်ဖက်မည့် နှစ်လက်မလောက်မြင့်မည့် ဒေါက်ဖိနပ်ကလေးကို စီးထားတာကလည်း style မိုက်နေပြန်ရော။

ကျွန်တော် ထင်တယ်. . . . တော်ဝင်က အိုက်တင်အပြင်ဖက်ရှင်နှင့်ပါ ပရိသတ်ကိုဖမ်းစားနိုင်မှာပါ။ သူ့ရဲ့ဝတ်ပုံစားပုံက အမြဲလန်းနေတယ်လေ. . . တွေ့သမျှလူတိုင်းက ချီးကျူးနေကြတာ ကျွန်တော် အသိဆုံးပါပဲ. . .။

တော်ဝင် ကျွန်တော့်ကို ခဏလေး လှမ်းကြည့်တယ်. . . . မကြာပါဘူး၊ စက္ကန့်ပိုင်းလောက်ကလေးအတွင်းမှာ ကျွန်တော့်ရင်ထဲမှာ လှိုင်းထန်သွားတယ်. . သူ ဘယ်လိုလေး ကြည့်သွားမှန်းကို မသိတာ. . ။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

ကျွန်တော်တို့ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့တွေအားလုံး အယောက် လေးဆယ်ကျော် ပါသည်။ Mini bus တစ်စီးအပြည့်နှင့် ရှုတင်ကား တစ်စီးအပြည့် ဒီနေ့ ခရီးစထွက်ကြသည်။ ရိုက်ကွင်းက ပြည်မြို့မှာ ဆိုတော့ producer နှင့် ပြည်လိုင်း (၁၀)မြို့နယ် ဝယ်ယူသောကိုယ် စားလှယ်တို့ ပူးပေါင်းပြီး မင်းသား၊ မင်းသမီးနှင့် တခြားactorများ ကို တစ်မြို့ချင်းစီ၌ ပရိသတ်တွေနှင့်တွေ့ဆုံစေကာ လက်မှတ်ထိုးပေး ခြင်း၊ ဓာတ်ပုံဝေခြင်း၊ စကားပြောခြင်းတို့ကို ပြုလုပ်မည့်အစီအစဉ် တစ်ရပ် ဆွဲထားကြသည်။





တော်ဝင်က ဒုတိယတန်း ခုံ၌ မှန်ပြတင်းပေါက်အနီးတွင် ကပ်၍ ထိုင်နေသည်။ သူမနံဘေးခုံမှာ လွတ်နေသည်မို့

'တော်ဝင်. . အစ်ကို ဒီမှာ ထိုင်မယ်နော်'

အံ့ဩသွားတာလား. . . ရှက်သွေးဖြာသွားတာလား မကွဲ ပြားသည့်မျက်နှာလေးဖြင့် သူမက

'ထိုင်လို့ရပါတယ် ကိုကိုရယ်'

'ခုနက တော်ဝင် ဘယ်လိုခေါ်လိုက်တယ်'

'ကိုကို. . လို့ဆို၊ ဘာလဲ မခေါ်ရဘူးလား'

ချွဲလိုက်တာ ကလေးလေးရာ. . . ကျွန်တော့်တစ်ကိုယ်လုံး ပူထူသွားသလိုပဲ။

'ကိုကို. . ကျွန်မစိတ်တွေ လှုပ်ရှားနေတယ် သိလား၊ ကျွန်မ ပရိသတ်ကြီးနဲ့တွေ့ခွင့်ရမှာမို့လို့ပေါ့'

'တော်ဝင်. . ပရိသတ်တွေကို ကြောက်မနေရဘူးနော်၊ နွေး နွေးထွေးထွေးဆက်ဆံပြီး ကျွန်မမှာ ဘာတွေလိုအပ်နေသလဲ. . ဘာ တွေ ပြုပြင်ရမလဲဆိုတာ ရအောင် မေးသွား. . သိလား'

'ဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးဝင်ရတဲ့ မြို့က တိုက်ကြီးမြို့ပါ။ အရှေ့က လမ်းပြအဖြစ် ကိုယ်စားလှယ်၏ကားက အရင်သွားပြီး မင်းသား၊ မင်းသမီးတွေပါတဲ့ကားက နောက်မှ လိုက်ကာ တိုက်ကြီးရှိ ဗီဒီယိုရုံရှေ့တွင် ထိုးရပ်လိုက်သောအခါ များပြားလှသော လူအုပ်ကြီးကြောင့် ကားလမ်းပင် ပိတ်ဆို့သွားပါသည်။ မွန်းတည့်နေမဟုတ်သော်ငြား နေပူကြီးထဲတွင် ဘယ်အချိန်ကတည်းက လာစောင့်နေမှန်းမသိသောပရိသတ်ကြီးကိုကြည့်ပြီး တော်ဝင် အံ့သြနေသည်။

'အများကြီးပဲနော် ကိုကို'

'ကိုယ်ပြောဖူးတယ်လေ. . တော်ဝင့်ကို ဒီလိုပရိသတ်တွေက ထမင်းကျွေးနေတာယ်လို့. . တကယ့်ကို အရိုးခံလေးတွေပါကွာ'

မြန်မာပြည်၏ Top-One မင်းသား စိုးသူရက သူ့ခေါက်ပုံထုပ်ကို ယူပြီး ကားပေါ်မှလှမ်းဆင်းစဉ် ပရိသတ်တွေက 'ဟေး'ဟု ပြိုင်တူအော်ရင်း လက်ခုပ်ဝိုင်းတီးကြသည်။

'ဖြောင်း. . ဖြောင်း. . ဖြောင်း'

'ကြက်သီးထ,လိုက်တာ. . ကိုကိုရယ်'

'သွားလေ. . တော်ဝင်၊ ဆင်းတော့. . . ဘာမှမကြောက်နဲ့





သူတို့ခမျာ တော်ဝင့်ကို တွေ့ချင်လို့ လာစောင့်နေရတာ. . . ကိုယ်အနောက်က လိုက်ခဲ့ပေးမယ်'

တော်ဝင် ကားပေါ်မှမဆင်းခင် ပရိသတ်ကြီးကို လက်ပြရင်း အားရပါးရ ပြုံးပြလိုက်ပါသည်။

'မြတ်တော်ဝင်ကွ. . ဖြောင်း. . . ဖြောင်း. .'

ပွဲရုံထဲမှလူများနှင့်မီးသတ်များက တော်ဝင့်ကို ဝန်းရံပြီး ရုံထဲသို့ ခေါ်သွားကြသည်။ ဆုံမှတ်က ကင်မရာဖြင့် အစအဆုံး မှတ်တမ်းတင်ပေးသည်။ ရုပ်ရှင်ကား၏နောက်ဆုံးတွင် အမှတ်တရပြန်ကြည့်ပေးချင်၍ဖြစ်သည်။ လမ်းတစ်လျှောက် ပရိသတ်ကြီးဆီမှ

'ချောလိုက်တာဟယ်'

'အသားဖွေးကို ဝင်းနေတာပဲ'

'ပြန်ထွက်လာရင် ကိုင်ကြည့်ဦးမယ်'

'လာ. . စမ်း. . ဖက်နမ်းပစ်လိုက်ဦးမယ်'

အသံအမျိုးမျိုးထွက်လာပါသည်။ တချို့ကလည်း

'မင်းသားနဲ့မင်းသမီးက တကယ်လိုက်တယ်ကွာ'

တဲ့။ အဲဒီစကားလုံးကတော့ ကျွန်တော့်ကို heart ထိစေပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြောချင်တာ ပြောပါစေလေ. . ကိုယ့်ပရိသတ်ပဲ ဥစ္စာ။ ကျွန်တော့်ကိုဆိုလည်း သူတို့က သိတာပါပဲ။

'ဟယ်. . . ဒါရိုက်တာဆုံမှတ်တော့'

'မင်းသားကျနေတာပဲဟယ်'

'တော်တော်ဖြောင့်တဲ့ကောင်'

ကိုယ့်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတဲ့ ချီးကျူးသံတွေပါ။ စိတ်ထဲရှိရာကို အရှိအတိုင်းပြောတတ်တဲ့ နယ်ပရိသတ်ရဲ့အသံပါ။

ပွဲရုံထဲကနေ မင်းသားက မိုက်ဖြင့် စကားလှမ်းပြောပါသည်။

'ကျွန်တော့်ကို နေပူကြီးထဲမှာလာစောင့်နေတဲ့ ပရိသတ်ကြီးကို ကျွန်တော် အရမ်းချစ်ပါတယ်'

လက်ခုပ်သံတွေ ညံစီသွားပြန်သည်။

'ကျွန်တော့်ကို ဆက်ပြီး အားပေးပါ. . ကျွန်တော့်ပရိသတ်ကြီးအတွက် အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ပါ့မယ် ခင်ဗျာ။ ကျွန်တော့်ကို ဘာများပြောချင်ကြသေးလဲ'

'သီချင်းတစ်ပုဒ်လောက် ဆိုပြပါ'

မင်းသားနှင့်ပရိသတ်တွေ အပေးအယူတည့်နေတာ အား





စရာကြီးပါ။ မင်းသားက သူ၏ ကျော်ကြားသောသီချင်းတစ်ပုဒ်ကို ကာရာအိုကေစက်ဖြင့် ဖွင့်ပြီး ကိုယ်တိုင်ဆိုပြသည်။ သဘောတွေကျပြီး လက်ခုပ်တီးပြန်သည်။ မင်းသားက လှမ်းမေးသည်။

'ဘယ်လိုလဲ. . အဆင်ပြေလား'

'ပြေတယ်. . ပြေတယ်'

ပရိသတ်တွေက ပြန်ဖြေကြသည်။ မြင်ရတဲ့မြင်ကွင်းက ပီတိဖြစ်စရာကြီးပါ။ ပြီးတော့ အော်တိုရေးပေးပြီး ဓာတ်ပုံတွေ ဝေသည်။ ဝိုင်းပြီးလုကြတော့ မင်းသားခမျာ ခေါင်းတခြား ကိုယ်တခြားကိုဖြစ်လို့။ (ဓာတ်ပုံကိုပြောတာပါ။)

'အခုတစ်ခါ ပရိသတ်ကို နှုတ်ခွန်းဆက်စကားပြောကြားမှာက မင်းသမီးမြတ်တော်ဝင် ဖြစ်ပါတယ်ခင်ဗျား'

တော်ဝင် ပါးနပ်ပါသည်။ ပရိသတ်ကြီးကို ရှိုသေစွာ ဦးညွှတ်၍ ကန်တော့လိုက်ပြီး

'ကျွန်မကို ထမင်းကျွေးနေတဲ့ ပရိသတ်ကြီးတွေအားလုံး. . မင်္ဂလာပါရှင်'

တီးလိုက်ကြတဲ့ လက်ခုပ်သံတွေ တော်တော်နှင့်မရပ်တော့။



www.burmeseclassic.com

www.burmeseclassic.com



'တော်ဝင်. . မင်းအကြို မြန်မြန်လဲလိုက်ရင် ကောင်းမယ် ထင်တယ်. . . ကိုယ်ပြောတာ သဘောပေါက်လား'

တော်ဝင်က ခေါင်းညိတ်သည်။ စိမ်းညို့နေတဲ့မျက်လုံးကြီး တွေဖြင့် တွေခနဲ တစ်ချက်စိုက်ကြည့်လာသောအခါ မျက်နှာလွှဲရသူ မှာ ကျွန်တော်သာ ဖြစ်သည်။

■



အခန်း (၂၆)

ပြည်မြို့သို့ရောက်သောအခါ ညရှစ်နာရီထိုးနေပြီ. . ကျွန် တော်တို့အုပ်စုတွေ အားလုံး 'Lucky Dragon Hotel' တွင် တည်း ခိုကြသည်။

ရှုတင်က နောက်နေ့မနက်အစောကြီး စ,တည်ထားသည်။ ရေကူးကန်ထဲ ဒိုင်ဗင် ထိုးပြီး အုပ်စုလိုက် ဆင်းသူတွေက ဆင်းသွား ကြပြီ။

ခရီးပန်းလာလို့လား မသိ. . ချာတိတ်မျက်နှာလေးက နွမ်း နယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'တော်ဝင်. . အိပ်ရေးဝအောင် အိပ်လိုက်တော့နော်. . ဒါမှ မျက်နှာလေးက ကြည်လင်ပြီး လန်းဆန်းနေမှာ'

'ကို. . ကို. .'

'ဗျာ'

သူ ကိုကို. . တစ်ခါခေါ်တိုင်း ကျွန်တော် ရင် တစ်ခါတုန်ရသည်။ ဒါကို ဘာလို့ခေါ်ဝင်းစဉ်တပ်ရမှာလဲ။ အချစ်လား. . မဟုတ်သေးဘူး. . ချစ်တယ်ဆိုတာထက် ပိုပြီး သိမ်မွေ့နူးညံ့တယ်. . ဟုတ်တယ်. . ဒီခံစားချက်က တကယ့်ကို တစ်မျိုးလေး။

'ကိုယ် မနက်အစောကြီးထပြီး ရွှေဆံတော်ဘုရားမှာ ပွဲသွားပေးမလို့. . တော်ဝင့်အတွက် အစစအရာရာ စိတ်ပူနေရတာ ကိုယ် မောလှပြီကွ'

တစ်နေ့တခြား လှလှလာတဲ့ ချာတိတ်မျက်နှာလေးက ပန်းလေးတစ်ပွင့်လိုလည်း လှတယ်၊ စမ်းရေလေးလိုလည်း အေးမြတယ်။

'ကျွန်မ. . ကိုကို့ကို ညတိုင်း ရှိခိုးပြီးမှ အိပ်တာပါရှင်. . . ကျွန်မအပေါ်မှာ ကိုကို့ကျေးဇူးတွေ များလှပါပြီ'

'အိပ်တော့နော်. . ဂွတ်ဒ်နိုက်'





2008ခုနှစ်ရဲ့နွေရက်ကလေးတစ်ရက်မှာ တော်ဝင့်ကို ရုပ်ရှင် စ,ရိုက်ဖြစ်ပါတယ်။ စိုးသူရက သရုပ်ဆောင်တာ ပီပြင်လွန်းလှတော့ တော်ဝင်မှ လိုက်နိုင်ပါ့မလားဟု တွေးပူမိသည်။ သို့သော်. . ချာတိတ်က ထင်သလိုမဟုတ်ပါ။ သူကမှ ပိုပြီး အသက်ဝင်နေသေးသည်။ ကလေးဆန်စွာ ချွဲနွဲ့နေသောသူ့ပုံရိပ်တွေကို monitor ပေါ်မှာ မြင်ရတိုင်း သက်ပြင်းတစ်ချက်ချပြီး ရင်မောရသည်။

ကိုယ်ခံစားနေရတာ ကိုယ်ပဲ သိတာပေါ့. . ဟုတ်မှမဟုတ်ဘဲ. . ချစ်ပါတယ်လို့ ရင်ဖွင့်ပြဖို့ရာလည်း ဥယျာဉ်မှူး ပန်းခူးတယ်ဟု ကဲ့ရဲ့ခံရမှာကို စိုးကြောက်လှသည်။ ဇာတ်လမ်းထဲက ချို့ဆိုတဲ့ကောင်မလေးက သူ့ရဲ့ကိုကို ဖုန်းဆက်ပြီး မနိုးမချင်း ထတတ်သူမဟုတ်။ မိုးလင်းတိုင်း ဖုန်းသံပေးပြီး

'ချို့. . ကလေး. . ထတော့'

ဟု နှိုးပေးသော်အခါ တော်ဝင်က နည်းနည်းထပ်ကွန့်ချင်သည်။

'ကိုကို. . မျက်နှာလာသစ်ပေး'

တဲ့. . . ဇာတ်ညွှန်းထဲမှာ ပါမှမပါတာ။ မင်းသားက သမှာ



www.burmeseclassic.com

www.burmeseclassic.com



ရင့်နေလို့သာ တော်တော့သည်။ သူ့ဟာသူ ကြည့်ပြီး ပြောသွားတော့ love scene ရိုက်နေတာနှင့်သာ တူနေသည်။

'ကိုကို့ကိုဆို ညည်း တော်တော်ချွဲနေ'

ဆုံမှတ် နည်းနည်းတော့ ကျွဲမြီးတိုချင်လာသည်။ Cut လို့ အော်ချင်ပေမယ့်လည်း သူတို့သရုပ်ဆောင်တာလေးတွေက ကောင်းနေတော့ ဖြတ်မချရက်ပြန်။

'ချို့ဘဝထဲမှာ . . ချို့ကမ္ဘာထဲမှာတော့ ကိုကိုတစ်ယောက်တည်းပဲ ရှိတာကိုး'

လက်ညှိုးကလေးကို ပါးချိုင့်မပါတဲ့ ပါးလေးတစ်ဖက်ပေါ် တတောက်တောက် ခေါက်ရင်း မျက်လုံးလေး ထောင့်ကပ်ကာ စဉ်းစားဟန် ပြုသည်။

'နေဦး ကိုကို . . ချို သတိရပြီ . . ကိုကို့ကို ပူဆာစရာရှိလို့ ဒီနေ့ ကိုကို့ဆီက အချိန်တွေ ခဏငှားမယ်'

'ချို ကိုကို ဒီလောက်ဆို မှန်းဆလို့ရပြီလေ . . အချိန်တွေ ငှားပြီဆိုမှ လူပါ လိုက်ပေးရမှာပေါ့ . . ကဲ . . ပြော . . ဘယ်နေရာသွားချင်တာလဲ'





'သောင်ထွန်းနေတဲ့ နေရာမှာ တဲလေးတွေ ရှိတယ်ဆို . . အဲဒါ ချို မရောက်ဖူးသေးဘူး'

'OK သွားမယ် . . ထတော့ ရေချိုးပြီး အလှပြင်ထား။ ကိုကို လာခေါ်မယ်'

ချိုက ဖုန်းချလိုက်ပါသည်။

'Cut'

ဒါရိုက်တာက အော်လိုက်တာ မဟုတ်ပါ။ ကင်မရာမင်းက ကိုယ်စား အော်ပေးခြင်းသာ ဖြစ်သည်။ ဒါရိုက်တာက monitor ကို လည်း မကြည့် . . မင်းသမီးကိုသာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေတော့သည်။

အပြင်က ကိုကို ကျွဲမြီးတိုနေပြီဆိုတာ တော်ဝင်လည်း သိသည်။ သူမသိ ငါပိုးဆိုတဲ့ အုံ့ပုန်းသမားတွေကျတော့ သူတို့ဆီက အချစ်ကို ဖွင့်ပြဖို့ တော်တော်ဝန်လေးတာလေ . . ဒါမျိုးကျတော့ ပါးနပ်စွာနဲ့ပဲ ကိုယ့်ဟာကိုယ် နှိုက်ထုတ်ရတာပေါ့။

တော်ဝင်က ဆုံမှတ်ဆီသို့ စမတ်ကျစွာ လျှောက်လှမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ဇာတ်ညွှန်းထဲမှာ မပါတာတွေ ပြောမိလို့ sorryပါနော်'

'ရတယ်လေ. . ကိစ္စမရှိဘူး. . ဇာတ်ညွှန်းသမားကို အလကား ခွဲခိုင်းလိုက်ရတယ်. . ဒီလိုမှန်းသိရင် အစောကြီးကတည်းက မင်းကိုပဲ ဇာတ်ညွှန်းအပ်တယ်'

ကိုကိုဘုတောနေမှန်း ကျွန်မ သိတာပေါ့။ ဒါပေမယ့် အပြုံးမပျက်ပင်

'ကိုကို ကျွန်မ သရုပ်ဆောင်တာ ဝိပြင်ရဲ့လားဟင်'

'တကယ့် love scene ကို ကြည့်နေရသလိုပဲ'

'အဲဒါ ကိုကို့ကြောင့်လေ'

'ဘာဆိုင်လို့လဲ'

'မင်းသားနေရာမှာ ကျွန်မက ကိုကို့ကိုအစားထိုးထားတာကိုး'

ဒါပါပဲ. . . တော်ဝင်က အဲဒီဒိုင်လေးကို ပစ်သွင်းထားခဲ့ပြီး ထွက်ပြေးသွားတော့သည်။ ကျန်ခဲ့တဲ့ ဒါရိုက်တာကြီးတော့ စဉ်းစားပေတော့ပဲ။

■



## အခန်း (၂၇)

တော်ဝင် ပါဝင်တဲ့ ရုပ်ရှင်ကားမှာ ဆုံမှတ်က အန်ဟီစိုးကို မထည့်တော့ပါ။ မီယံ ပြဿနာရှာမည်စိုး၍ ရှောင်လိုက်ခြင်းသာဖြစ်သည်။ အန်တီစိုးက ပြည်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာပါသည်။ ဘန်ကောက်ကို ကိုယ်တိုင် shopping ထွက်ပြီး သမီးအတွက် အင်္ကျီတွေ ဝယ်လာတာ သေတ္တာနှစ်လုံးစာအပြည့်။ အဲဒီအင်္ကျီတွေကို လာပို့တာတဲ့လေ. . သူ့သမီးကြိုက်တတ်တဲ့ ဟင်းတွေလည်း ချက်လာလိုက်တာ ပျော်ပွဲစားထွက်လာသည့်အတိုင်းပင်။

တော်ဝင်ကတော့ အပျော်ကြီးပျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူရိုက်မည့် ဇာတ်ဝင်ခန်းနှင့် အဝတ်အစားတွေက ကွက်တိဖြစ်နေလို့လေ။

‘ကိုကို. . ကျွန်မ ဒီခရမ်းရောင်လေး ဝတ်မယ်နော် ဖြစ်ရဲ့လားဟင်’

သူပြတဲ့ ဂါဝန်ခရမ်းရောင်လေးက ခါးပတ်အမည်းရောင်လေးဖြင့် စိုလွင်နေသည်။ ကျွန်တော့်တစ်သက် ဘယ်မင်းသမီးကိုမှ အကျီရွေးမပေးခဲ့ဖူးဘူး၊ တော်ဝင်နဲ့ကျမှ နေရာတကာ ပါနေရတာ။

‘ဘယ်ကိုကို. . ကို မေးနေတာလဲ တော်ဝင်’

‘ဒါရိုက်တာကိုကိုလေ. . အပြင်က ကိုကိုပေါ့’

အသည်းယားအောင် သိပ်လုပ်တတ်တဲ့ ကောင်မလေး။

‘ကျွန်မ rehearsal လုပ်ပြမယ်နော်. . ဟောဒီလိုလေးလေ’

တော်ဝင်က ကိုယ်ကို တစ်ပတ်လှည့်ပြရင်း

‘ချို. . လှရဲ့လား. . ကိုကို’

တဲ့။ ကျွန်တော် ဖြေနိုင်တာကလည်း တစ်ခွန်းတည်း။

‘သိပ်လှတယ်. . . တော်ဝင်’

မင်းကို ငါ တောင်ပံတစ်စုံ တပ်ပေးလိုက်ပြီ တော်ဝင်. . .





မင်းသွားချင်တဲ့နေရာကို ကိုယ်တိုင်ပျံသန်းလို့ရပြီ. . .

ဒါပေမယ့် ငါပျော်မယ် ထင်သလား တော်ဝင်. . .

မင်းက ဟိုးအမြင့်ကြီးဆီကို ပျံတက်သွားတိုင်း. .

ငါနဲ့ပိုဝေး. . ဝေးသွားတယ်လို့ ခံစားရတယ်. . .

မင်းအတွက်ဆိုရင် ငါ့အသက်နဲ့ရင်းပြီး ပေးဆပ်ရဲပါတယ်။

*

‘တော်ဝင် ဒီscene က အကယ်ဒမီအတွက်နော်. . ရှိသမျှ အကုန်ထုတ်. . ကြားလား’

မိုးဖွဲဖွဲရွာထားတဲ့ လမ်းကလေးပေါ်မှာ ကိုယ်ယောင်ဖျောက်သွားတဲ့ သူမရဲ့ကိုကိုကို လာစောင့်နေတဲ့ အခန်းလေးပါ။

နေဝင်သွားတာကို ဆုံမှတ်က အမိအရ ရိုက်ယူနေသည်။ ငှားထားတဲ့ မီးသတ်ကားတွေက ရေတွေ စပြီး ဖြန်းပါသည်။

တော်ဝင့်မျက်နှာက အပြောင်းအလဲလေးတွေက သိပ်ကို အသက်ဝင်လွန်းသည်။

ပထမ – မျှော်လင့်ချက်လေးထည့်ထားတော့ ကိုကို ပြန်လာမှာပဲဆိုပြီး ယုံကြည်နေတဲ့ ပုံလေး။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ - အချိန်တွေသာ ကုန်သွားသည်. . . သူ့ရဲ့ကိုကိုက ပေါ်
မလာတော့ နေကွယ်တောင် စောင့်နေသူဇာစ်ယောက်ရဲ့
မျှော်လင့်ချက်ကင်းမဲ့တဲ့ ဗလာမျက်လုံးလေးတွေက စကား
သိပ်ပြောသည်။

တော်ဝင်ခံစားနေပုံလေးက အိပ်တန်းပျောက်နေတဲ့ ငှက်ကလေးတစ်ကောင်လိုပင်။ ဒီဘဝ. . ဒီမျှနှင့် ဝေးကြရပြီလား ကိုကို။

စိတ်ကို လုံးလုံးလျှော့ချလိုက်မှ ကျိတ်ပြီး ငိုရှိုက်သံလေး. . အကယ်ဒမီရှော့ပါပဲ။

အန်တီစိုးမျက်နှာပေါ်မှာ ကျေနပ်မှုအတိုင်းအတာက လွန်ကဲစွာ ဖုံးမရဖိမရပါ။

'မောင်ဆုံမှတ်ကို အန်တီ ဘယ်လို ကျေးဇူးဆပ်ရမှန်းမသိတော့ပါဘူးကွယ်. . . သမီးလေး အောင်မြင်မှာ သေချာသွားပြီမို့. . အန်တီ စိတ်ချထားလို့ရပါပြီ'

'တော်ဝင့်ကို အောင်မြင်စေချင်တဲ့ဆန္ဒက ကျွန်တော့်ရင်ထဲမှာ အပြည့်ပါ အန်တီ'

ဆုံမှတ်မျက်လုံးထဲက အရိပ်ကလေးကိုကြည့်ပြီး စိုးခေတ်ချို





သိလိုက်ပါပြီ။ သမက်စာရင်းမှာ ထိပ်ဆုံးက ထားရမယ့်သူက ဆုံမှတ်သာ ဖြစ်သည်။

'ဘယ်တော့ လက်စသတ်မှာလဲ သား. . အန်တီက သမီးကို စောင့်ပြီး ခေါ်သွားမလားလို့'

ရင်ထဲမှာ ဟာသွားသည်။ ဘာတွေဖြစ်နေတာလဲ. . တော်ဝင့်ကို သူ အပျောက်မခံနိုင်တော့ပါလား. . . စက္ကန့်မလပ် မြင်ချင်သည်။ အချစ်ဆိပ်တက်နေတဲ့သူကို တော်ဝင်က ထားသွားရက်မှာလား။

'Ending က ရန်ကုန်မှာ ရိုက်မှာ အန်တီ၊ Tomorrow ဆို ပြီးပါပြီ'

'သမီး မေမေ့ကားနဲ့မလိုက်ချင်ဘူးနော်. . မေမေ သမီးတို့ကားနဲ့လိုက်ခဲ့ပါလား. . ပျော်ဖို့ အရမ်းကောင်းတာ သိလား'

တော်ဝင်လည်း ကျွန်တော်နဲ့ ထပ်တူပဲလား။ စဉ်းစားရင်း မိုးလင်းခဲ့ပေါင်း များခဲ့ပြီ. . ။ ယုံကြည်ချက်ခြေလှမ်းချင်းတူတဲ့ ကျွန်တော်နဲ့တော်ဝင် ရှေ့ဆက်လို့ရနိုင်ပြီလား။

တော်ဝင် မလိုက်ဘူးဆိုတော့ အန်တီစိုး ပြန်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆို သူတို့အဖွဲ့တွေလည်း ပြန်ရတော့မည်။

ဆုံမှတ်ရင်ထဲတွင် ပေါ့ပါးသွားသည်။ ဖြစ်စေချင်လွန်းတဲ့ စိတ်ကြောင့် လူရော စိတ်ပါ အရမ်းပင်ပန်းခဲ့ရသည်။ ချာတိတ်လေး ကတော့ ပင်ပန်းလည်း အပြုံးမပျက်ပါ။ ဒီအလုပ်ထဲမှာ သူပျော်ဝင်နေတာ ကောင်းပါသည်။

ကိုယ့်မှာသာ သူ့အကြောင်းကို စဉ်းစားရင်း ခေါင်းစားရသည်။ ဘယ်လိုပုံစံမိန်းကလေးမှန်းကို မသိ. . အိပ်မရတော့ အာရုံတွေက လွင့်နေရပြီ။

ကိုယ်တကယ်ချစ်သောမိန်းကလေးနှင့် အိမ်ပြန်ချိန်အတူ ရှိရတဲ့ဘဝဆို ဘယ်လောက်ကောင်းလိုက်မလဲ. . နေဝင်ချိန်တွေကို အတူကြည့်ခွင့်ရရှင် အတိုင်းထက် အလွန်ပါပဲ။

ဆုံမှတ်က သူတည်းသည့်အခန်းရှေ့က ဝရန်တာလေးမှာ ထိုင်ပြီး ဂစ်တာတီးနေသည်။ ဒါက သူ့ရဲ့ ဦးနှောက်ဆေးနည်းတစ်မျိုးပါပဲ။

ကလေးရယ်. . မကြာခင်မှာတော့ ပြောခွင့်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ကိုယ့်ရဲ့ရင်ခုန်ခြင်းက ခမ်းနားပြီးထည်ဝါတယ်လေ။





L လွန်းဝါရဲ့သီချင်းတစ်ပုဒ်ကို ဆုံမှတ်က ခံစားချက်အပြည့်ဖြင့် ဆိုနေမိသည်။

♫ 'ရင်မှာလေ တစ်ယောက်တည်း ချစ်တယ်
ဘယ်တော့မှမပြောင်းလဲတာ သေချာ
ကိုယ်နားလည်. . ခံစားချက်တွေ
ပူပြင်းတဲ့ ကိုယ့်ရင်ထဲ. . .' ♫

တော်ဝင်က ဆုံမှတ်နံဘေးမှာ ဝင်ထိုင်လာသည်။

'ကိုကို. . ဆက်ဆိုလေ'

'မအိပ်သေးဘူးလား တော်ဝင်. . မိုးချုပ်လှပြီ'

'အိပ်လို့မှမရတာ. . ဘာဖြစ်နေမှန်းလဲ မသိဘူး'

'ကိုယ် သီချင်းဆိုပြမယ်လေ'

'ကိုကို့အသံက L လွန်းဝါသီချင်းတွေနဲ့သိပ်လိုက်တာပဲ'

ဆုံမှတ်က သီချင်းနောက်တစ်ပုဒ် ဆိုပြပါသည်။ Lလွန်းဝါရဲ့ မျှော်လင့်ချက် ဆိုတဲ့ သီချင်း။

သီချင်းက အေးအေးငြိမ့်ငြိမ့်လေး။

♫ 'တည်ဆောက်ကြမယ် တို့နှစ်ဦး ပြောခဲ့တယ်. .



www.burmeseclassic.com

www.burmeseclassic.com



မပြုံနိုင်ဘူးလေ အကြင်နာအိမ်လေးထဲ. .

ခဏဝေးသွားလည်း တစ်ညလုံးလွမ်းကြမယ်. . .

ကြယ်တွေဝေးကာ အတူတူ ရင်ဖွင့်မယ်. .

စိတ်မှာ မကြာမကြာ မြင့်ယောင်ဆဲ

ကိုယ် မင်းအကြောင်းပဲလေ. . .

နောက်ထပ်မရှိတော့တဲ့ ခွန့်လွတ်ခြင်းနဲ့ ချစ်တယ်. .

သက်ဆုံးတိုင် ကိုယ်မြတ်နိုးမယ့်မင်းလေး

ကိုယ့်အတွက် မငိုနဲ့လေ

တကယ်ဆို အချစ်စစ်တစ်ခုပဲ

ကမ္ဘာမှာ အရေးကြီးဆုံးထင်တယ်. . .

တို့နှစ်ဦး ပြန်မဆုံအောင် ဝေးလို့သွားလည်း ကိုယ့်အတွက်

မငိုပါနဲ့. . .

တစ်သက်လုံး. .

မျှော်လင့်ချက်မထားပါနဲ့. . . ♫ '

တွေတွေလေး ငေးကြည့်နေတဲ့ တော်ဝင့်မျက်နှာမှာ ကြည်နူးမှုအရိပ်လေး ဖြာနေသည်။

ဆောင်းညပြာသိုစာပေ



ဒီလိုပဲ တစ်သက်လုံး ငေးကြည့်ခွင့်လေးပေးပါလား ကိုကိုရယ် . . ပထမဆုံးတွေ့ကတည်းက ငေးခဲ့ရတဲ့ ကျွန်မပါရှင်။

ဆုံမှတ်က တော်ဝင့်လက်ကလေးတစ်ဖက်ကို ဆွဲယူလိုက်ပြီး သူ့ပါးနားကပ်ကာ

'Baby I need you'

ဟု ညင်သာစွာ ပြောသည်။

'သိပ်ချစ်တယ် တော်ဝင်'

ဘုရားရေ. . အိပ်မက်မဟုတ်ပါရစေနဲ့၊ တောင့်တခဲ့သောအချိန်မှာ ကိုကို့ဆီက အချစ်တွေကို သူမ ရလိုက်ပါပြီ။

'ကိုယ် မနေတတ်တော့ဘူး အချစ်. . မင်းအနားမှာ မရှိရင်'

ကိုကို့စကားက ရပ်တန့်သွားသည်။

'ကိုကို. . . တော်ဝင့်ကိုကြည့်ပါဦး'

ကျွန်မဟု သုံးနှုန်းနေရာမှ တော်ဝင်ဟု ပြောင်းသုံးပါသည်။

ဟုတ်တယ်လေ. . .

တော်ဝင် ဆိုတာ. . ကိုကိုထုဆစ်ခဲ့တဲ့ ပန်းပုရုပ်လေးပဲလေ . . . ကိုကို့အတွက်ပဲ ဖြစ်ရမှာပေါ့။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုအစုစုကို ပေါင်းစုပြီး. . တောင်းတဲ့ဆုက တစ်ခုတည်း. . ကိုကို့အနားမှာ သေတဲ့အထိ နေပါရစေလို့. . .။

'ကိုကို့ကို-တော်ဝင် သိပ်ချစ်ပါတယ်. . ကိုကိုက ရွေးချယ်လာလို့ ချစ်တာမျိုး မဟုတ်ဘူးနော်. . တော်ဝင့်ရင်ထဲမှာ အရင်ကတည်းက ကိုကို ရှိပြီးသားပါ'

'ကိုယ် ပျော်လိုက်တာ ကလေးလေးရာ'

■



## အခန်း(၂၈)

အပြန်ခရီးမှာတော့ အလာတုန်းကနှင့် မတူဘဲ ကိုကိုက ကျွန်မပခုံးလေးကို ဖွဖွလေး ဖက်ထားရင်း သူ့ပခုံးပေါ်မှာ အိပ်စေပါသည်။ ကျွန်မလက်ကိုလည်း မလွှတ်တမ်း ဆုပ်ကိုင်ထားသေးသည်။

ကျေနပ်ပါတယ် ကိုကိုရယ်. . အယုအယမခံချင်တဲ့ မိန်းမ ကမ္ဘာပေါ်မှာ မရှိပါဘူး. . တွဲလက်လေးတွေ မပြုတ်ချင်ပါဘူး. . . အချစ်နဲ့တစ်သက်လုံး ပေးဆပ်ချင်တဲ့ တော်ဝင်ပါ ကိုကို. . ကျွန်မရဲ့ ကောင်းကင်က ကိုကိုပါ။

'ကလေး. . ဒီနေ့ ရန်ကုန်ရောက်ရင် dinner အတူတူစားမယ်နော်. . ဘယ်မှာစားချင်သလဲ ပြော'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို. . တော်ဝင်မှ ညစာမစားတာ'

'အရင်က မစားတာက မစားတာဘဲပေါ့. . . အခုဟာက ကိုယ်တို့နှစ်ယောက်ရဲ့အထိမ်းအမှတ်လေ. . .'

'အလေ့အကျင့်ဆိုတာ ပျက်သွားရင် ပြန်စရခက်တယ်တဲ့ ကိုကို့အတွက် တော်ဝင် လှုချင်တယ်၊ ပြန်မဝချင်တော့ဘူး ကိုကို. . ဒီလိုလုပ်မယ်လေ dinner မစားဘဲနဲ့ မနက်ဖြန်ကျမှ lunch စားမယ်လေ. . အဲလိုဆို မရဘူးလား'

'သဘောပါဗျာ. . .'

'ကိုကိုက လိမ္မာတယ်ကွာ. . ဟင်း. . ဟင်း'

မြတ်တော်ဝင်၏ဘဝမှာ ဘယ်တော့မှမမေ့နိုင်တဲ့ အမှတ်တရဖြစ်စရာ ခရီးတစ်ခုပါပဲ။ ကိုကို့ရင်ထဲက သံယောဇဉ်ကြိုးလေးတစ်စကို ဆွဲထုတ်ယူနိုင်လိုက်ပြီဆိုတော့ ဒီထက် အမှတ်တရဖြစ်စရာဘာများရှိဦးမှာလဲ။

*





မေမေက သူ့ယောက်ျားနှင့်အတူ ကျွန်မဆီ ရောက်လာပါသည်။ ကျွန်မရဲ့အခန်းလေးကိုမြင်ပြီး စိတ်မသက်မသာဖြစ်သွားပုံရသည်။ ဦးအောင်မွန်ဆင့်က

'သမီးရယ်. . . ဦးတို့နဲ့ လာနေပါလားကွယ်. . . ကိုယ်က နာမည်ကျော်မင်းသမီးဖြစ်နေမှပဲ'

'ဟုတ်သားပဲ သမီးရယ်၊ တစ်ခါတည်း လိုက်ခဲ့လိုက်နော်၊ သမီးဦးလေးက သမီးနဲ့ မီယံကို သင့်မြတ်စေချင်တာလေ. . . . ဒါကြောင့် အိမ်မှာ မိသားစုလက်ဆုံစားဖို့ သမီးကို လာခေါ်တာ'

ဒီမိန်းမနှင့်သမီး ဘယ်လိုမှ မသင့်မြတ်နိုင်ဘူးဟု ပြောလိုက်ချင်ပေမယ့် သူ့အဖေမျက်နှာက ရှိသေးသည်။

မေမေ မသိသေးတဲ့ အကြောင်းတရားတွေ သူနှင့် သမီးကြားမှာ အများကြီးပါ မေမေရယ်။

'သမီး မလိုက်ပါရစေနဲ့ မေမေ'

'သမီးရယ်. . . ဦးလေးကို အားနာစရာကွယ်. . မေမေ့ကို ချစ်ရင် လိုက်ခဲ့နော်'

တော်ဝင့်မှာ မငြင်းသာတော့ဘဲ အဝတ်အစားလဲပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာရသည်။ spot လေးတွေပါတဲ့ ပိတ်စကို ဂါဝန်ပုံဆန်းလေး ချုပ်ပြီး လက်ကိုင်အိတ်ကိုပါ ဝမ်းဆက်ချုပ်ထားတာမို့ တစ်မျိုးချစ်စရာကောင်းနေသည်။

'ကြည့်စမ်း. . မအေတူသမီးလေးပဲ လှလိုက်တာကွယ်'

'ကျေးဇူးတင်ပါတယ် ဦး'

မေမေနှင့်ပတ်သက်ပြီး ပထွေးတော်ရပေမယ့် သူ့ကြည့်ရတာ အင်မတန်မှ စိတ်ရှည်ပြီး သဘောကောင်းပုံပေါ်ပါသည်။ သူ့သမီးနှင့်များ တခြားစီပါ။

မေမေ့အိမ်က နန်းတော်ကြီးတမျှ လှပပါသည်။ ကုန်းမြင့်မြင့်လေးပေါ်တွင် ခေတ်မီလှပသောသုံးထပ်အိမ်ဖြူတော်ကြီးက ခန့်ညားလွန်းလိုက်တာ၊ အိမ်အတွင်းက decorationကလည်း နောက်ဆုံးပေါ် အပျံစားတွေချည်း ဖြစ်သည်။ အိမ်မှာ ခေါ်ထားတဲ့ အဒေါ်ကြီးတွေ ကောင်မလေးတွေ အားလုံး ခုနစ်ယောက်လောက်ရှိသည်။

'ကဲ. . သမီးလေး တော်ဝင်၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး လွတ်လွတ်လပ်လပ်သာနေ သိလား'

ဆက်တီကြီးကလည်း အိစက်နေသည်။ အခန်းထဲမှာတော့





နွေခေါင်ခေါင်က ဆောင်းရာသီလေးဖြစ်လို့နေလေသည်။ အေးစိမ့်နေသည်မှာ ဘဝင်ကျချင်စရာပါ။

မီယံ့ကို ဘယ်အချိန်မှာတွေ့ရမလဲဟု စိတ်ထင့်နေရပေမယ့် ကိုယ်က အမှားလုပ်ထားတဲ့သူ မဟုတ်တော့ လိပ်ပြာလုံပါသည်။

မီယံကိုယ်၌ကလည်း သူမကို ပင်စည်ဟု သိထားပုံမရပါ။

ခုလိုအချိန်မှာတော့ သူ့ကို ကိုယ်က အသာစီး ရနေပါပြီ။ အောင်မြင်မှုအရာမှာရော၊ အမေ့ရဲ့မေတ္တာတရားရော. . ကိုကို့ကိုရော. . . အားလုံးကို သူမ ပိုင်ဆိုင်ထားပြီးပြီပဲ. . .

'သမီး. . လာ. . ထမင်းစားရအောင်. . မီယံ့ကိုလည်း ခေါ်ထားပြီးပြီ'

ထမင်းစားစားပွဲက ဘဲဥပုံပေမယ့် မငယ်ပါ။ ဟင်းပွဲတွေက များပြားလှစွာ အမျိုးအမည်စုံလင်လှသည်။ ထိုင်ခုံလေးခုံ ချထားပြီး သူတို့သုံးယောက် နေရာယူလိုက်တော့ ထိုင်ခုံတစ်ခုံသာ လွတ်ကျန်ခဲ့သည်။

မေမေက ဦးအောင်မွန်ဆင့်ကို ဦးချပြီး ကျွန်မပန်းကန်ထဲကို ဟင်းတွေ စုံနေအောင် ထည့်ပေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'စား. . သမီး. . ဒီပုစွန်တုပ်ကြီးက သမီးကြိုက်တယ်လေ၊ ဟောဒီမှာက ဝက်စတူး. . ဒီဟာက ငပိသုပ်'

မီယံ သူမန်ဘေးမှာဝင်ထိုင်တာ သိလိုက်သည်။ ခုံကို ဆောင့်တွန်းပြီး ဝင်ထိုင်လိုက်သဖြင့် အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဦးအောင်မွန်ဆင့်က

'သမီးမီယံ. . သမီးက အိမ်ရှင်ဆိုတော့ သမီးအစ်မကို ဧည့်ခံလိုက်ပါဦး'

'ဟား. . ဟား. . ဟား. . ဒယ်ဒီ စိတ်မှကောင်းသေးရဲ့လား အဖေလည်းမတူ၊ အမေလည်းမတူတဲ့ မိန်းမနှစ်ယောက်ကို ညီအစ်မတော်ခိုင်းနေတာ'

'သမီးရယ်. . မာမီ့မျက်နှာထောက်ပြီး သင့်သင့်မြတ်မြတ်လေး နေပေးပါကွယ်. . သမီးလေးက မာမီ့သမီး. . ငယ်ငယ်လေးကတည်းက မာမီထိန်းလာခဲ့ရတာ. . သူလည်း မာမီ့သမီးဆိုတော့ နှစ်ယောက်စလုံးက မာမီချစ်ရတာချင်း အတူတူပါပဲကွယ်'

'မတူဘူး မာမီ. . လုံးဝမတူဘူး'

'သမီး. . မာမီ့ကို ပြန်မပြောရဘူးလေ'





'ဩော်. . ဒယ်ဒီကပါ သမီးကို အပြစ်ပြောပြီပေါ့. . ဟုတ်လား. . နောက်လည်း သူ့ကိုပဲ သမီးအရာထားလိုက်ပြီး အိမ်မှာခေါ်ထားလိုက်ပေါ့. . ဘာဖြစ်လဲ. . မိန်းမဘက်က ပါတဲ့ သမီးက ပိုပြီးချစ်ဖို့ကောင်းတယ် မဟုတ်လား'

'သမီး. . နင် မမိုက်ရိုင်းနဲ့လေ'

တော်ဝင့်မှာ သည်းခံနိုင်တဲ့ စွမ်းအားတွေ ကုန်ဆုံးသွားပါသည်။

'ဦးနဲ့မေမေ. . ကျွန်မကို ပြန်ခွင့်ပြုပါတော့ ကျွန်မဆက်ပြီး အစော်ကားမခံနိုင်တော့ဘူး'

'နေဦး. . နင်နဲ့ ငါ ဇာတ်ကားအတူတူရိုက်ပြီး ပြိုင်ကြတာပေါ့. . နင့်ဒါရိုက်တာကြီးကို ပြောလိုက်လေ'

'တော်တော့. . မီယံ၊ မင်း ငါ့ကို မလိုလားမှန်း ငါသိတယ်၊ သိပ်ပြီး အပြင်ပြုမပြုပါနဲ့'

မေမေ့ရှိုက်သံလေးက တော်ဝင့်ကို ပိုပြီး နာကျင်စေသည်။

'မေမေ့ဘဝလေး အေးချမ်းနေတာ သမီးကြောင့် စိတ်ဆင်းရဲနေရပြီနော်. . သမီးကို ခွင့်လွှတ်ပါ မေမေ'



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်က မေမေ့ကို တောင်းပန်သလိုလှမ်းကြည့်ပြီး ချာကနဲလှည့်၍ထွက်လာခဲ့ပါသည်။ နောက်ကျောဆီမှ ဦးနှင့်မေမေ၏ မချိတင်ကဲလှမ်းခေါ်သံကို အဆက်မပြတ်ကြားနေရသည်။

တော်ဝင့်ခြေလှမ်းတွေက မေမေ့အိမ်နှင့်ဝေးရာဆီသို့သာ ဦးတည်နေပါသည်။

ဘယ်လောက်ဆိုးတဲ့ ဘဝကြီးလဲ မေမေရယ်၊

တစ်မိုးအောက်ထဲမှာ အတူတူရှိနေရမယ့်အချိန်မှာ အဝေးတစ်နေရာကနေပြီး အမေ့ရင်ခွင်ကို တမ်းတနေရတဲ့ဘဝဟာ ခါးသီးလွန်းလှပါတယ်။

■



အခန်း(၂၉)

မြတ်တော်ဝင်အတွက်ဆို ဆုံမှတ်က အလုံးစုံပေးဆပ်ရဲပါသည်။ သူမရဲ့မန်နေဂျာလိုလည်း ဖြစ်လို့နေပြန်သည်။

တော်ဝင်ရဲ့စန်းကလည်း အုံ့မခန်းပါပဲ။ အချိန်တိုတိုလေးအတွင်းမှာ ပရိသတ် အခိုင်အမာ ရသွားခဲ့ပြီးနောက်မှာတော့ ရိုက်ရက်တွေက ၂၀၀၈ ကုန်တဲ့အထိ မရှိတော့အောင် ကျပ်သွားခဲ့သည်။ ကြော်ငြာတွေဆိုလည်း မြတ်တော်ဝင်က နေရာယူထားတာပါပဲ. . ။

တော်ဝင်ကလည်း အပြည့်အဝကို ပေးဆပ်ပါသည်။ အဝတ်အစားကအစ ပြီးစလွယ်ဝတ်တတ်သူမဟုတ်။ သူ့ရဲ့ပရိသတ်တွေ ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



ကျိုးနပ်အောင် ဒီဇိုင်းအစုံထွင်ပြီး ဖက်ရှင်ကျစွာ ဝတ်တတ်သူ ဖြစ်သည်။

အိုက်တင်မှာဆိုလည်း တော်ဝင်က ဆရာမကြီးပါပဲ။ ဘယ်သူနဲ့ပဲ ယှဉ်ရ ယှဉ်ရ. . လာထား. . ဆိုတာမျိုး။ လုံးဝ ကြောက်နေရှိန်နေတာမျိုးမရှိဘဲ သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာ သရုပ်ဆောင်နိုင်သည်။

ချစ်သူအတွက် လိုအပ်တာလေးတွေ ဖြည့်ဆည်းပေးရင်း ကျေနပ်နေရတဲ့ ဆုံမှတ်ပါ။ တော်ဝင်က ဇူလိုင်လထဲမှာ စင်ကာပူနှင့် ဘန်ကောက်၌ ကြော်ငြာသွားရိုက်ရမည်။

သူမရဲ့ပထမဆုံးနိုင်ငံခြားခရီးစဉ်မို့ စိတ်လှုပ်ရှားစွာ စိုးရွံ့နေသော တော်ဝင်က

'ကိုကို. . တော်ဝင်နဲ့ လိုက်ခဲ့ပေးပါနော်. . သူများနိုင်ငံမှာ သွားရိုက်ရမှာ ဒါပထမဆုံး ဆိုတော့ တော်ဝင်ကြောက်နေတယ် ကိုကို၊ မေမေ့ကို ခေါ် ချင်ပေမယ့် သူ့မိသားစုနှင့်သူမို့ တော်ဝင် မခေါ်ရက်ပါဘူး'

'ကိုကို လိုက်ပို့ပေးမှာပေါ့ ကလေးရယ်'





'တကယ်လား ကိုကို'

ကိုကို့ပခုံးပေါ် ခေါင်းလေး မှီပြီး နှစ်ခြိုက်စွာ ပြုံးပျော်ရင်း တော်ဝင်က ကျေနပ်နေလေသည်။

အနားမှာ ကိုကိုတစ်ယောက်လုံး ရှိနေတာပဲလေ. . ဘယ်နေရာမဆို တော်ဝင်သွားဝံ့ပါတယ်။

*



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီရဲ့ ဇူလိုင် ပထမအပတ်ထဲမှာ ကြော်ငြာရိုက်မယ့် အဖွဲ့တွေ ရန်ကုန်လေဆိပ်မှ Silk Air စင်ကာပူလေကြောင်းလိုင်းဖြင့် စင်ကာပူသို့ ထွက်ခွာကြတော့မည်။ အန်တီစိုးက လေဆိပ်မှာ မျက်ရည်လေးတစမ်းစမ်းဖြင့် သမီးကို နှုတ်ဆက်ရှာသည်။

'သမီးအပေါ်မှာ မေမေ တာဝန်မကျေတာတွေ များနေပြီကွယ်. . ဒါပေမယ့် မေမေ ကျေနပ်တယ် သိလား. . သမီးက မေမေ့ထက် ပိုပြီးအောင်မြင်တယ်. . ပိုပြီးထက်မြက်တယ်. . မေမေ လွမ်းနေမယ်နော် သမီးလေး'

'မေမေ ကျန်းမာရေးကို ဂရုစိုက်နော်'

တော်ဝင်က သူ့အမေပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းရင်း နှုတ်ဆက်နေသည်။

'အန်တီစိုး. . ကျွန်တော်တို့ အထဲဝင်နှင့်တော့မယ်နော်'

'သား. . သမီးလေးကို စောင့်ရှောက်ပေးပါကွယ်'

'စိတ်ချပါ အန်တီ. . ကျွန်တော် တော်ဝင့်အတွက် တမင်လိုက်သွားတာပါ'

'ကျေးဇူးတင်ပါတယ် သားရယ်'





အမေကို လှည့်ကြည့်လှည့်ကြည့်နှင့် အမိမြေမှ ပထမဆုံးခွာဖူးသော အတွေ့အကြုံသည် ငယ်နုသော တော်ဝင့်နှလုံးသားကို ထိခိုက်စေပါသည်။ ဆုံမှတ်က တော်ဝင့်လက်ကလေးကို အားပေးဆုပ်ကိုင်ထားရသည်။

စင်ကာပူရောက်တော့ သူတို့အဖွဲ့တွေ လေဆိပ်နှင့်နီးသော 'Changi Hotel'တွင် တည်းကြရသည်။ ဆုံမှတ်နှင့် ကြော်ငြာဒါရိုက်တာက တစ်ခန်းတည်းပြီး တော်ဝင်က တစ်ယောက်တည်းနေရသည်။ နောက်တစ်နေ့တွင် Buffet Breakfast စားပြီး စင်ကာပူ၏အထင်ကရနေရာများဖြစ်ကြသော 'Mer-Lion'(ခြင်္သေ့ရုပ်)နှင့် 'Santosa' တို့တွင် ကြော်ငြာရိုက်ကူးကြသည်။ တော်ဝင်မှာ မိတ်ကပ်သမားပါမလာတော့ သူမဘာသာ ပြင်ရလေသည်။

'ကိုကို. . တော်ဝင့်မိတ်ကပ်ကို ကြည့်ပေးပါဦး. . . အဆင်ပြေရဲ့လားဟင်'

'Foundation ကို အညိုနုလေး သုံးလေ တော်ဝင်. . ဖွေးဖွေးကြီးဆို မလှဘူး. . လိုင်နာထည့်နော်. . အခုက အဲဒါတွေ ပြန်ခေတ်စားနေတာ. . မျက်ခုံးမွေးကို အပြားသိပ်မသေးစေနဲ့'



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တာမှန်သမျှ အကြံဉာဏ်ပေးရင်း အိုက်တင်ပိုင်းကို ပါ လိုက်ကြည့်ပေး အကြံပေးနေသောချစ်သူသည် တော်ဝင်အတွက် တော့ အဖိုးဖြတ်လို့မရနိုင်တဲ့ ရတနာလေးပါပဲ။ ကြော်ငြာဒါရိုက်တာ ကလည်း ဆုံမှတ်ဆီမှ ဦးနှောက်ဖောက်စားပြန်သည်။ (အနုပညာ လောကတွင် သူများဆီမှ idea ကို ထုတ်ယူခြင်းကိုဆိုလိုပါသည်။)

'ကိုနေ. . ခင်ဗျား Santosa မှာ လာရိုက်ပြီး မီးအကကို မထည့်ရင် မှားမယ်နော်. . . ဖြစ်နိုင်ရင် တော်ဝင့်ပုံကို ရေပန်းတွေ ပေါ်မှာ ဖော်ပေးနိုင်ရင် ပိုပြီး အမြင်ဆန်းဦးမယ်'

'Good idea ဗျာ. . ကျွန်တော် သွားညှိကြည့်လိုက်ဦးမယ်'

Santosa တွင် နိုင်ငံခြားသားများ အကြိုက်ဆုံးအရာမှာ ကမ်းပေါ်ရှိ မီးဆလိုက်များနှင့် ကမ်းစပ်ရှိ တဲကလေးများမှမီးဆလိုက် များ ပေါင်းစပ်ကာ နည်းပညာထွန်းကားစွာဖြင့် ရေပန်းများပေါ်တွင် အရုပ်များ ဖော်ကာ ဖျော်ဖြေသော မီးအကသည် နာမည်ကျော်လှ သည်။ ကမ်းစပ်တွင် ကောင်လေးတွေ ကောင်မလေးတွေက ဂစ်တာ တီးရင်း သီဆိုကပြတာကလည်း အနုပညာတစ်ခုပင်။ တော်ဝင့်မှာ တော့ ပါးစပ်ဟောင်းလောင်းဖြင့် ရင်သပ်ရှုမောကိုဖြစ်လို့။





စင်ကာပူတွင် နောက်တစ်နေ့ထပ်နေပြီး ပင်နီဆူလာကုန် တိုက်နှင့် တခြားကုန်တိုက်ကြီးများကို သွားကြသည်။ နေ့လည်စာ ကျွေးတဲ့ ကိုရီးယား Barbecue ကတော့ မမေ့နိုင်စရာပင်။ တန်းစီ ပြီး ကိုယ့်အလှည့်ရောက်ဖို့ စောင့်တောင် စားရသည်လေ။

စိန်ဆိုင်ကြော်ငြာရိုက်တာ ဆိုတော့ အဝတ်အစားတွေက ဆန်းသစ်ပြီး ပိုင်ရှင်က ဆင်ထားသော စိန်ထည်များမှာ နောက်ဆုံး ပေါ် ခေတ်မီဒီဇိုင်းတွေချည်းပင်။ တော်ဝင့်ကိုယ်က အရောင်တွေ လင်းပြီးထွက်နေသည်။

အစအဖနောက်သန်သော ကိုနေက တော်ဝင့်ကို

'ဟဲ့. . ကောင်မလေး. . ၊ ညည်း စိန်တွေ ဝတ်ထားရင် ဒီ ကုန်တိုက်ထဲ ဝင်လို့မရဘူး၊ ဒါ သူတို့စည်းကမ်းပဲ'

ဟု နောက်သည်။ ဘယ်အရာမဆို ရိုးရိုးတွေးပြီး အတည် ယူတတ်သော တော်ဝင်က တကယ်ပင် ကုန်တိုက် အပြင်မှာ ငုတ် တုတ်ထိုင်ပြီး ကျန်နေခဲ့ပါသည်။ သူ့ကို မင်းသမီးမှန်း သိနေသော ဗမာအချို့က လာပြီး နှုတ်ဆက်ကြသည်။

'ဟော့. . ဒါရိုက်တာကြီး. . ခင်ဗျားမင်းသမီးကို သွားခေါ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ ကျွန်တော်နောက်တာကို တကယ်ထင်ပြီး ဝင်မလာဘူး. . ဟား . . ဟား. . ဟား'

တစ်ဖွဲ့လုံး တက်ညီလက်ညီ ပျော်ပျော်ပါးပါးဖြင့် စင်ကာပူတွင် သုံးရက်နေပြီး ဘန်ကောက်သို့သွားသည်။ ပတ္တရာကမ်းခြေတွင် သောက်ရေသန့်ကြော်ငြာသွားရိုက်တော့ တော်ဝင်က ဘာပြောတယ် မှတ်သလဲ။

'မြန်မာပြည်က ချောင်းသာလောက်တောင် မလှဘဲနဲ့များ ကိုယ့်နေရာ ကိုယ်ရိုက် ပြီးရော. . '

တဲ့လေ. . ။ အားလုံးက ဝိုင်းပြီး ရယ်ကြပါသည်။ ပရိသတ်တွေ အမြင်ဆန်းအောင် ရိုက်ပြရတာကို တော်ဝင်က သူ့စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်၍ ဆုံမှတ်မှာ တိုးတိုးတိတ်တိတ် ပြောပြရသေးသည်။ ဘာပဲဖြစ်ဖြစ် တော်ဝင်က ကိုယ့်ချစ်သူဖြစ်သလို ကိုယ့်ရဲ့ ညီမလေးဆိုလည်း မမှားပါဘူး။

ဘန်ကောက်မှာ တော်ဝင့်ကို shopping ထွက်ဖို့ လိုက်ပို့ပေးရသည်။ Big C, Platinum, ပတူနမ်, China Townနှင့် ကုန်တိုက်တော်တော်များများ ရောက်ဖြစ်ပြီး သူရွေး ကိုယ်ရွေးနှင့်ပစ္စည်း





တွေ၊ အဝတ်အစားတွေ အများကြီး ဝယ်ဖြစ်သည်။ ပျော်နေတော့ တော်ဝင်က မောရပန်းရမှန်း မသိပါ။

အမှတ်တရအရှိဆုံးက Big C ကုန်တိုက်မှာ တော်ဝင်နှင့် အတူ ရုပ်ရှင်ကြည့်ရတာဖြစ်သည်။ ကျွန်တော်ရော တော်ဝင်ပါ ဘန်ကောက်မှာ အရမ်းပျော်ကြပါသည်။ တစ်ချိန် ဟန်နီးမွန်းထွက်ဖြစ်လျှင် ဘန်ကောက်ကို ပြန်လာဖို့ တိုင်ပင်ထားပြီးဖြစ်သည်။

ရုပ်ရှင်ဆိုလို့ တော်ဝင်ပါတဲ့ ရုပ်ရှင်ကို ရွှေ့လထဲမှာ ရုံတင်တော့မည်မို့ မြန်မာပြည်ပြန်ရောက်တာနှင့် ကျွန်တော့်မှာ လုပ်စရာ အလုပ်တွေ ပုံနေပါသည်။

တော်ဝင်ရော. . သူမမှာလည်း လက်ခံထားတဲ့ဇာတ်ကားတွေ စောင့်ကြိုနေပါသည်။ မနက်ဖြန် ပြန်တော့မည်မို့ အမှတ်တရအနေဖြင့် ကျွန်တော်တို့နှစ်ယောက် ည ဆယ့်နှစ်နာရီအထိ. . ဘန်ကောက်တွင် လမ်းလျှောက်ထွက်ကြပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

'ကိုကို နှိုးမှ ချို ထမယ်' ရုပ်ရှင်ကားသည် အံ့ဩလောက်အောင် ဝင်ငွေစံချိန်ချိုးနေသည်။ မင်းသမီးက ရုပ်ရှင်တွင် မျက်နှာသစ်မို့ လူအများက ဒီလောက်ဖြစ်မည်ဟုထင်ထားပုံမရပါ။

လာကြည့်သူတိုင်းက မြတ်တော်ဝင်ကို မချီးကျူးဘဲ မနေနိုင်ပါ။ မင်းသားကလည်း မိန်းကလေးပရိသတ်တွေ သဲသဲလှုပ်မင်းသား. . . မင်းသမီးနှင့် အတွဲညီညီ သရုပ်ဆောင်နိုင်တော့ ဇာတ်ကပိုပြီး ကြွလာသည်။ Tempo အမြင့်ဆုံးဖြစ်သည့် မင်းသမီးသေခါနီးမှ မင်းသားပြန်ရောက်လာသောအခန်းတွင် ပရိသတ်တွေ မျက်ရည်





ကျအောင်ကို တော်ဝင်က သရုပ်ဆောင် ပိုင်နိုင်ပါသည်။ ပြန်ထွက်လာသော ပရိသတ်တွေက တစ်ယောက်တစ်မျိုး ပြောသွားကြသည်။

'ဒီမင်းသမီး ဒီတစ်ခါပဲ ငါကြည့်ဖူးတယ်ဟယ်၊ တော်လိုက်တာ. . အကယ်ဒမီရနိုင်တယ်'

'မျက်ရည်တွေက ဘယ်လိုမှထိန်းလို့မရဘူး၊ ငါ့နှယ် အမေရိုက်တုန်းက ဒီလောက် မငိုရပါဘူး'

'ဒီမင်းသမီးက body က ရှယ်ပဲ၊ ရုပ်ကလည်း လန်းတဲ့ဟာ ဘာမှပြောစရာမရှိဘူး. . နောက်ဆို သူ့ကားတွေပဲ ငှားကြည့်တော့မယ်'

'ဒီဒါရိုက်တာကို ချီးကျူးတယ်ဟယ်. . မင်းသမီးအသစ်ကိုများ သူမို့လို့ ရဲရဲဝံ့ဝံ့ပွဲထုတ်ခံ့တယ်'

ဆုံမှတ်က ပြောသမျှကို နားထောင်ပြီး ပီတိတွေ ဝေနေပါသည်။ တစ်နေ့ လေးပွဲပြလျှင် ပွဲချိန်တိုင်း ရုံထဲဝင်ထိုင်ကာ ပရိသတ်တွေရဲ့အသံကို နားထောင်တတ်တာ သူ့အကျင့်ပင်။ ဒီတစ်ခါ တော်ဝင့်အတွက် သူ ပို၍စိတ်လှုပ်ရှားရသည်။

*



www.burmeseclassic.com

www.burmeseclassic.com



2008အတွက် အကယ်ဒမီဆုပေးပွဲက တဖြည်းဖြည်း နီးကပ်လာပါပြီ။ အကယ်ဒမီဆန်ကာတင်စာရင်းထဲတွင် ဆုံမှတ်ရိုက်သော 'ကိုကိုနှိုးမှ ချို့ ထမယ်'ဆိုသည့်ဇာတ်ကား ပါသွားလေသည်။ ရင်ခုန်သံတွေ ပိုမြန်လာရသည်။ တော်ဝင်လည်း ရင်တွေခုန်နေသည်တဲ့။

ရုပ်ရှင်အစည်းအရုံးမှ စီစဉ်ပေးသောတားများဖြင့် ဆုံမှတ်ရယ်. . တော်ဝင်ရယ်. . အန်တီစိုးရယ် လိုက်သွားကြမည်။ သမီးကဂျာနယ်တော်တော်များများမှာ ရေပန်းစားနေတော့ အမေလည်း ရင်တွေ ဖိုနေသည်။

Sponsor ပေးသော ပိုးထည်တိုက်မှ တော်ဝင့်အတွက်. . အမည်းရောင်နှင့်နို့စိမ်းရောင် ပေါင်းစပ်ကာ အလှဆုံးဝတ်စုံကို ဆင်မြန်းပေးထားသည်။ သူမက အကယ်ဒမီအတွက် ရေပန်းအစားဆုံးဖြစ်နေတာကိုး။

အန်တီစိုး ယူလာတဲ့ ရတနာတွေက မနည်းမနောပင်. . .။ သူ့ယောက်ျားရဲ့ဆိုင်ပေါင်းစုံကနေ ထည့်ယူလာတာတဲ့လေ. . . သူ့သမီးကို ဆင်မယ်လို့တဲ့။





တော်ဝင်ကလည်း သူ့အမေကို နားလည်နေပြီ ဖြစ်သည်။

မိခင်မေတ္တာဟာ အနေနီးခြင်း ဝေးခြင်းတွေနှင့်မသက်ဆိုင်ပါ။ စိတ်ချင်း နီးနေဖို့သာ လိုပါသည်။ နွေးထွေးနေဖို့သာ လိုပါသည်။

ညဘက်ကြီး ကားတွေအများကြီးဖြင့် ခရီးထွက်ရသည်မှာ ပျော်ဖို့အလွန်ကောင်းသည်။ ကိုယ့်လောကသားအချင်းချင်း စ,နောက်ရင်း အိပ်ငိုက်ရမှန်းလည်း မသိတော့ပါ။ ဇာတ်ပို့ဇာတ်ရန့်ထဲမှ ဗရုတ်ကျသူတွေ. . ယောင်တတ်သူတွေကြောင့်လည်း ပါးစပ် မပိတ်ရပါ။ တော်ဝင့်မှာတော့ ဒီလိုမျိုး နွေးနွေးထွေးထွေး မနေခဲ့ဖူးတော့ ပျော်လိုက်တာ အနှိုင်းအဆမရှိတော့။ စိုးခေတ်ချိုက သမီးလေးကို မျက်တောင်မခတ်စိုက်ငေးရင်း အကယ်ဒမီရစေဖို့ တစ်ချိန်လုံးဆုတောင်းပေးနေသည်။

'သမီး. . ကော်ဖီ သောက်လိုက်ဦး. . လက်ဖက်လေး စားလိုက်ဦး'

သမီးကို တစ်ချိန်လုံး ယုယနေသည်။ ဟိုကလည်း အမေပခုံးမှာ မှီပြီး အချွဲပိုနေသည်။

နေပြည်တော်ရောက်တော့ တော်ဝင်နှင့် အန်တီစိုးက သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို Sponsorပေးထားသောဟိုတယ်တွင် တည်းရသည်။ ကျွန်တော်က တော်ဝင်နှင့် ဝေးဝေးနေနိုင်သူ မဟုတ်တော့ သူမ တည်းသည့် ဟိုတယ်တွင် အခန်းဘွတ်ကင်လုပ်ထားရသည်။

ပင်ပန်းလာတော့ အားလုံးထိုးအိပ်ကြတော့သည်။ တော်ဝင်ဆို ထမင်းပင် မစားနိုင်ပါ။ နေ့ခင်း နှစ်နာရီခွဲတော့ မိတ်ကပ်ပြင်မည့် မာမီနှင့် တပည့်သမီးများစွာ ဟိုတယ်သို့ချီတက်လာကြသည်။ တော်ဝင်အပါအဝင် ဤဟိုတယ်၌ မင်းသမီးခြောက်ယောက်ကို ပြင်ရပါမည်။

ကျွန်တော်က အိပ်မပျော်တော့ တော်ဝင့်အခန်းကိုလိုက်ပြီး နိုးပေးရသည်။ သူ့ခမျာ အိပ်မောကျနေရှာတာ...။

'ကလေး. . အိပ်ရေးပျက်သွားပြီလား'

'ကိုကို တော်ဝင် နှလုံးခုန်မြန်နေတယ်'

'အများကြီး မမျှော်လင့်ထားနဲ့လေ. . စိတ်ကို လျှော့ထား တော်ဝင်. . ရလည်း ပျော်ပျော်. . မရလည်း ပျော်ပျော်ပေါ့၊ အန်တီ စိုးရော'

'မေမေ ရေချိုးနေတယ်'





'ကလေး. . ရေအဝသောက်ပြီးမှ ချိုးနော်'

'ဟုတ်'

ကျွန်တော်က တော်ဝင့်ကိုသာ ပြောနေတာ. . ကိုယ်တိုင်ကျတော့ အများကြီးကို မျှော်လင့်ထားပါသည်။ တော်ဝင့်ကို အကယ်ဒမီရစေချင်လွန်းလို့ အပင်ပန်းခံခဲ့တာတွေ၊ ပေးဆပ်ခဲ့ရတာတွေဟာ အများကြီးပါ. . .။ ဒီည တော်ဝင် အကယ်ဒမီရမှ ကျွန်တော်လည်း အမောတွေ ပြေမှာပါ။

*

ဒီည တော်ဝင် သိပ်ကိုလှနေပါသည်။ ဆံထုံးလေးမှာ နှင်းဆီမြောင်ပန်းပွင့်ကြီးကြီးတစ်ပွင့်တည်းကို ဖက်ရှင်ကျကျစွာ ပန်ထားသည်။ ကင်မရာမင်းတွေကလည်း တော်ဝင့်ကို ဦးစားပေးပြီးရိုက်ကြပါသည်။ ဆုံမှတ်ကိုလည်း လာမေးကြသည်။

'တော်ဝင့်ကို အကယ်ဒမီမှန်းထားလား'

တဲ့လေ။ သူက ပြန်ဖြေလိုက်ပါသည်။

'မှန်းထားတာ မဟုတ်ဘူး. . ရကို ရစေချင်တာ'

ဆုတွေကို စတင်ကြေငြာနေပြီ။ ရင်ထဲမှာ တထိတ်ထိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျားတွေလည်း အေးစက်နေသည်။ ဓာတ်ပုံဆုဖြင့် စတင်၍ဈေးဦးပေါက်သွားသောကားမှာ ဆုံမှတ်ရိုက်သော 'ကိုကိုနှိုးမှ ချိုထမယ်' ဇာတ်ကား ဖြစ်သည်။ ထို့နောက် ဒါရိုက်တာဆုကို ကြေငြာပေးရန် ရုပ်ရှင်ဒါရိုက်တာတစ်ယောက်ကို ဖိတ်ခေါ်လိုက်သည်။ ကိုကို့အနားမှာ တော်ဝင်ရှိနေချင်လိုက်တာ. . ကိုကို ဒါရိုက်တာဆုရပါစေ။

'ကိုကိုနှိုးမှ ချိုထမယ်. . ဒါရိုက်တာဆုံမှတ်ပါဗျာ'

ကိုကို့အနားမှာ ကင်မရာမင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ဝိုင်းနေသည်။ တော်ဝင် ကိုကို့ဆီကိုပြေးသွားမိသည်။ ကိုကိုက တော်ဝင့်ကိုတွေ့တော့

'ကိုကို အပြည့်အဝမပျော်နိုင်သေးဘူး တော်ဝင်'

ဘာကိုဆိုလိုသလဲဆိုတာ တော်ဝင် သဘောပေါက်ပါသည်။ ဆုတွေ တစ်ဆုပြီး တစ်ဆု ကြေငြာသွားသည်။ 'အမျိုးသား ဇာတ်ဆောင်ဆု'ကိုလည်း စိုးသူရက 'ကိုကိုနှိုးမှချိုထမယ်'ဇာတ်ကားဖြင့်ပင် ရသွားပြန်သည်။ 'ဇာတ်ကားဆု'လည်း ထိုကားပင် ရသည်။ ဆုံမှတ်ရင်တွေ ပူလာသည်။ အရစေချင်ဆုံးသောသူတစ်ယောက်က မရသေးပါ။





BURMESE CLASSIC .com

'အမျိုးသမီးဇာတ်ဆောင်ဆု'ကို ကြေငြာသောအခါ တော်ဝင့်နာမည်အစား သူမ၏ကြော်ငြာထဲမှ စာသားလေးကို ရွတ်ပြလိုက်ပါသည်။ 'မြတ်တော်ဝင်ပါတဲ့ရှင်'ဟု ပြောသွားပါသည်။

လောကကြီးက လှလိုက်တာဗျာ. . အလိုချင်ဆုံးသောဆု၊ အတောင့်တဆုံးသောဆန္ဒတွေက တစ်လုံးတစ်ဝတည်း ပြည့်စုံသွားပြီမို့ ချစ်သူလေးဆီကို ပြေးသွားမိပါသည်။ ဂုဏ်ပြုမလို့လေ. . ကျွန်တော့်တပည့်လေး သိပ်တော်တာဗျ. . .။

ခက်နေတာက တော်ဝင်ပါ။ ကျွန်တော့်ကိုလည်း မြင်ရော ပြုန်းဆို ထိုင်ချလိုက်ပြီး ဦးသုံးကြိမ်ချလို့ ကန်တော့တော့တာပါပဲ။ ဘာလုပ်လို့လုပ်ရမှန်းမသိတော့။ ကျေးဇူးတင်စကားပြောတော့ ကျွန်တော်သည် 2009 အတွက် အကောင်းဆုံးဒါရိုက်တာတစ်ယောက် ဖြစ်အောင် ကြိုးစားပါ့မယ်လို့ ကတိပြုရင်း. . .။

မှုပိုင်နှင်းဆီ

00:17 AM

18th, March, 2009

Wednesday



www.burmeseclassic.com